စိတ်ကူးချိုချိုအနုပညာ



# ချစ်ဇနီးသို့

ဂုန်ကုန်ဘဇော်

ပြန်လည်ရိုက်နှိပ်ခြင်း

gyoe.com

mgyoe.com



အိမ်ထောင်တစ်ခုကို
ကျန်းမာ၍
ချမ်းသာစွာဖြင့်
ဉာဏ်အမြော်အမြင်ရှိရှိ
တည်ဆောက်နိုင်ကြခြင်းမှ
နိုင်ငံတစ်ခု
ခိုင်မာကြွယ်ဝစွာ
ကမ္ဘာ့အလယ်
ဂုဏ်တင့်တယ်စေနိုင်ရေး

mgyoe.com

YGN0007
3,300.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - ပုဂံသဲပန်းချီ
၂၀၁၄၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၆ စာနယ်ဇင်းစာပေ၏ ပဉ္စမအကြိမ်မှု၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃ ၃ ၀ ၀ ကျပ်

ချစ်ဇနီးသို့
ရန်ကုန်ဘဆွေ - ရေးကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၄၊
စာမျက်နှာ ၂၆၄ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) ချစ်ဇနီးသို့

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ချစ်ဇနီးသို့

## ရန်ကုန်ဘဆွေ

ဤ 'စာအုပ်'သည် စာရေးသူ၏စိတ်ကူးယဥ်ထားသော 'စာရေးသူ'ဖြစ်ချင်သည့် ဗမာအမျိုးသမီးများ၏ပုံစံဖြစ်သည်၊

သို့သော် ထိုပုံစံအတိုင်း စာရေးသူသည် မိမိ၏အိမ်ထောင်ကို မိမိကိုယ်တိုင် တည်ဆောက်ကြည့်ရာ ယခုအချိန်အထိ မအောင်မြင်သေးကြောင်း ဝန်ခံ၏။

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

၁၉၄၃ ခုနှစ်က ရေးခဲ့ပြီးနောက်
နှစ်အတန်ကြာမှ ပုံနှိပ်ထုတ်ဝေဖြစ်ခဲ့ရာ
ခေတ်အဆက်ဆက် အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရသည်ထိ
စာဖတ်ပရိသတ်တို့ နှစ်သက်စွဲလမ်းခဲ့ကြသည့်
ဤ ချစ်ဇနီးသို့ စာအုပ်ကို
နှစ် ၅၀၊ ၆၀ ခန့် ကြာပြီးမှ ယခုပြန်လည်ထုတ်ဝေကြသည့်အခါ
အချက်အလက်အချို့ ပြောင်းလဲခြင်းရှိနေခဲ့ပြီဖြစ်သော်လည်း
စာရေးသူ၏ အဓိကဆိုလိုဟန်နှင့် ရည်ရွယ်ချက်မှာမူ
သစ်လွင်လတ်ဆတ်ဆဲဟု ယူဆပါသဖြင့်
မူလမူအတိုင်းပင် ပြင်ဆင်ခြင်းမပြုဘဲ
ရိုက်နှိပ် လက်ဆင့်ကမ်းလိုက်ရပါကြောင်း -

စီစဉ်သူများ

mgyoe.com

mgyoe.com

## စာရေးသူ၏အမှာ

ဤစာအုပ်ကို ၁၉၄၃ခုနှစ် ဂျပန်ခေတ်တွင်ရေး၏။ ထိုစဉ်က စာရေးသူ သည် ခြောက်လုံးပြူး၊ ရိုင်ဖယ်၊ လက်ပစ်ဗုံးစသော လက်နက် အပြည့်အစုံကို ကိုင်ဆောင်လျက်၊ သေဖော်သေဖက် လေးငါးရှစ်ယောက်နှင့် မြစ်ဝကျွန်းပေါ် တစ်လျှောက် လှည့်လည်ပြေးလွှားနေရ၏။

ဂျပန်'ကင်ပေ'တို့ကလည်း ဗမာရဲအဖွဲ့များ၊ သတင်းပေးများ အကူ အညီဖြင့် နီးရာမြို့ရှိ ဂျပန်စစ်တပ်ကိုခေါ်ယူလျက်၊ သတင်းကြားတိုင်း ကြား တိုင်း ကြားရာနေရာသို့ သဲသဲမဲမဲလိုက်နေကြ၏။

ထိုသို့ စစ်တပ်နှင့် လိုက်ယူရလောက်အောင် စာရေးသူ ကျူးလွန် မိသော ပြစ်မှုမှာ ဘာမျှ,မဖြစ်လောက်သည့် ပြစ်မှုကလေးနှစ်ခုဖြစ်၏။

တစ်ခုကား .. ဂျပန်တွေ ဗမာပြည်သို့ ဝင်လာလုလုအချိန်၌ စာရေး သူက နဂါးနီဂျာနယ်မှနေ၍ ဖက်ဆစ်နိုင်ငံဖြစ်သော ဂျပန်ပြည်၌ပင်လျှင် အလုပ်သမားများ အုံကြွလျက် ယခုအကြီးအကျယ် သပိတ်မှောက်နေကြ ပြီ။

ဂျပန်ဖက်ဆစ်အစိုးရသည် အမျိုးမျိုးသော လက်နက်တို့ကို အသုံးပြု လျက် ထိုအလုပ်သမားတို့အား ရက်ရက်စက်စက် နှိမ်နင်း၏။

သို့ရာတွင် ထမင်းမဝ လူစဉ်မမီဘဲ တစိမ့်စိမ့်သေရမည်ကို ...

ယခုလတ်တလော သေလိုက်ရခြင်းထက် ပို၍ ကြောက်ရွံ့နေကြသော

mgyoe.com

mgyoe.com


ဂျပန်အလုပ်သမားထုကြီးအတွက် ...

အဆိုပါ ဖက်ဆစ်အစိုးရ၏ လက်နက်မျိုးတို့သည် လူစဉ်မမိနေကြရသောဘ၀မှ လွတ်မြောက်ရန် ထွက်ခွင့်ပေးလိုက်သာ 'ဆုလာဘ်' ကြီးများဖြစ်နေကြ၏။

ထို့ကြောင့် ဂျပန်အလုပ်သမား 'ထု' သည် ဖက်ဆစ်တို့၏ သတ်ဖြတ်ခြင်းကို ခံရန် တပျော်တပါးကြီး ရင်ဆိုင်လာနေသည်ကို တွေ့ရသောအခါ...

တစ်ဖက်က စစ်နှင့်ရင်ဆိုင်နေရသည့် ဂျပန် ဖက်ဆစ်အစိုးရသည် ပြည်တွင်းရှိ အလုပ်သမားတို့၏ စည်းလုံးမှုကို လက်မြောက် အရှုံးပေးရန် ပြုနေလေပြီ။

ယခု ... ငါတို့ ဗမာပြည်၌လည်း စစ်နှင့် ရင်ဆိုင်နေရသော နယ်ချဲ့အစိုးရသည် ဗမာအလုပ်သမား လယ်သမား 'ထု' ကြီးကို လည်မျို ညှစ်လျက်ညှဉ်းဆဲနှိပ်စက်နေသည်ဖြစ်ရာ ...

အနှိပ်စက်ခံ လူတန်းစားတို့သည် တကယ်စည်းလုံးညီညွတ်မှုရှိကြမည်ဆိုလျှင် ဖက်ဆစ်အစိုးရများပင်လျှင် အလျှော့ပေးနေရသော ယခုအချိန်မျိုး၌ ...

ဟု ပါရှိသော ဆောင်းပါးတစ်ပုဒ် ရေးခဲ့မိသော ပြစ်မှုဖြစ်၏။ နောက်တစ်ခုကား ....

ဂျပန်မဝင်လာမီ အင်္ဂလိပ်လက်ထက်ကပင် ဂျပန်ပြည်မှ လက်နက်တွေ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် အင်္ဂလိပ်တို့ကို တိုက်ထုတ်ရန် ဗမာပြည်တွင် တိတ်တဆိတ် ဖွဲ့စည်းထားသော 'အတွင်း တော်လှန်ရေး တပ်ဖွဲ့' တစ်ခုရှိ၏။

ထိုအတွင်းတော်လှန်ရေးတပ်ဖွဲ့၏ ခေါင်းဆောင်တို့ကား နဂါးနီ ဦးထွန်းရွှေ၊ သခင်ဗဟိန်း၊ ယခု ဖဆပလ ဦးဘဆွေ၊ ယခု တောခို ဆရာချစ် စ,သော သူတို့ဖြစ်၏။

ထိုလုပ်ငန်းအားလုံးတို့ကို ထိန်းသိမ်းစောင့်ရှောက် အကြံဉာဏ်ပေးနေသော နာယကကြီးကား သခင်မြ ဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အချို့တို့ကား ဂျပန်ဆီသို့ လက်နက်သွားယူကြသူများဖြစ်၏။

mgyoe.com

mgyoe.com



အဖြစ်မှန် အတိုချုပ်ကား ဤသို့တည်း ... ဗိုလ်ချုပ်အောင်ဆန်းနှင့် အချို့တို့သည် ဗမာပြည်ကို ယခုကဲ့သို့ စစ်အတွင်း၌ ပြန်တိုက်ယူကြရန် နိုင်ငံခြားသို့ လက်နက်အကူအညီ တောင်းထွက်ကြ၏။

သို့သော် ... လူကလေးတွေကို ကြည့်၍ မယုံသင်္ကာရှိနေကြ၏။ သို့ရာတွင် ဂျပန်သည် အင်္ဂလိပ်နှင့် စစ်ဖြစ်နေစဉ် ဗမာပြည်ကလည်း တစ်ထောင့်က ဆူဆူပူပူလုပ်ပေးပါက ဂျပန်များအတွက် တစ်နည်းအားဖြင့် အကူအညီရသလိုလိုဖြစ်နိုင်၏။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ လူစုအား ဂျပန်မျိုးချစ်အသင်း တစ်ခုက လက်ခံလိုက်ခြင်းဖြစ်၏။ လက်ခံသည်ဆိုသော်လည်း ရိုးရိုးမဟုတ် ဗမာပြည်တွင် ဂျပန်များကသိနေကြသော နိုင်ငံရေးခေါင်းဆောင်ကြီးများ ထဲမှ အလားအလာရှိသည်ဟု ၄င်းတို့က ယုံကြည်သည့် ဒေါက်တာဘမော် ကဲ့သို့သော နိုင်ငံရေးသမားကြီးများပါမှ လက်နက်များပေးနိုင်မည် ဟုဆို၏။

ထိုသတင်းကို ဗမာပြည်သို့အကြောင်းကြားလိုက်သောအခါ ဗမာပြည် ရှိတာဝန်ခံတို့က ဒေါက်တာဘမော်နှင့် ဆွေးနွေးစေ့စပ်ပေါင်းသင်း လိုက်ကြ ရ၏။

လူငယ်များဝင်ရောက်လှုပ်ရှားနေကြသည့် သခင်အသင်းဒေါက်တာ ဘမော်ကို ပေါင်းပြီး မကြာမီ ဗြိတိသျှအစိုးရအား ကြုံးဝါးတရားဟောမှုနှင့် မန္တလေးတွင် ဒေါက်တာဘမော် အဖမ်းခံရသည်။

ထို့နောက် မကြာမီ ဗိုလ်ချုပ်အောင်ဆန်းတို့ခေါင်းဆောင်သော နိုင်ငံခြား သွားအဖွဲ့သည် ယိုးဒယားတွင် ယိုးဒယားရှိဗမာများကို စည်းရုံးလျက် ဗမာ့ လွတ်လပ်ရေးတပ်ဖွဲ့ဖြစ်သော ဘီအိုင်အေတပ်မတော်ကို ဖွဲ့စည်း၍ ဗမာပြည် ကို ချီတက်လာကြရန် စိုင်းပြင်းကြ၏။

ထိုစဉ်က ဘီအိုင်အေတပ်မတော်၌ ဂျပန်မျိုးချစ်အဖွဲ့၏ ကူညီမှုဖြင့် ထည့်ပေးလိုက်ကြသော ဗိုလ်မိုးကြိုးဦးဆောင်သည့် ဂျပန်တပ်မတစ်ခုနှင့် ဂျပန်ရိုင်ဖယ် သေနတ်အပိုများရှိ၏။

ထိုဂျပန်သေနတ်အပိုတို့ကို ဗမာပြည်သို့ရောက်သည်နှင့်တစ်ပြိုင်နက် မြို့တိုင်းနယ်တိုင်းတို့တွင် တိတ်တဆိတ် လေ့ကျင့်သင်ကြားဖွဲ့စည်းထား သော အတွင်းတော်လှန်ရေးတပ်သားတို့ကို ဝေပေး၍ ဗမာပြည်လုံး "ဝုန်းကနဲ"

mgyoe.com

mgyoe.com



ထ၍ တော်လှန်ရမည်ဖြစ်သည်။

တော်လှန်ရမည့်နယ်ကား ဂျပန်ပြည်တွင် စစ်ပညာသင်ကြားပြီးကြသော 'ရဲဘော်သုံးကျိပ်' တို့က တစ်ယောက်စီ နယ်မြေခွဲဝေလျက် မိမိတို့၌ကျရောက်သည့် နယ်မြေရှိ အတွင်းတော်လှန်ရေးသမားတို့ကို ဦးစီးခေါင်းဆောင်ပြု၍ အကြံဉာဏ်ပေးနိုင် တိုက်ခိုက်နိုင်သော ဂျပန်အချို့နှင့်အတူ တိုက်ခိုက်ကြရမည်ဖြစ်၏။

ဗမာတစ်ပြည်လုံးအတွက် တိုက်ခိုက်မှုအားလုံးတို့ကို ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လကျာ၊ ဗိုလ်စကြာ စသူတို့က ဂျပန်ဗိုလ်မိုးကြိုးနှင့်တိုင်ပင်၍ အမိန့်ပေးရမည်ဖြစ်၏။

တိုက်ခိုက်ပြီးနယ်မြေတို့ကို လွတ်လပ်သောဗမာအစိုးရအသွင်ဖြင့် သခင်ထွန်းအုပ်က ခေါင်းဆောင်လျက် အတွင်းတော်လှန်ရေးတွင် ပါဝင်သော နယ်ခံသခင်များနှင့် ယာယီအုပ်ချုပ်ထားရမည်ဖြစ်၏။

ထိုသို့ သခင်အုပ်ချုပ်ထားပြီးသည့် နယ်များကို ဂျပန်အစိုးရက ချက်ချင်းအသိအမှတ်ပြုလျက် လွတ်လပ်သော ဗမာပြည်အဖြစ် ကြေညာပေးရမည်ဖြစ်၏။

ဤအစီအစဉ်များကို အချို့သော ရဲဘော်သုံးကျိပ်ဝင်တို့ပင်လျှင် အစုံအစေ့ မသိကြရ။

၎င်းတို့သည် ဂျပန်ပြည်သို့ စွန့်စားလာရောက်ကြလျက် စစ်ပညာသင်ကြရ၏။ ပြန်သွားလျှင် ဂျပန်ပေးလိုက်သော လက်နက်များကိုယူ၍ ဗမာတို့အား တပ်ဆင်ပေးကြပြီးနောက်၊ ထိုသူတို့အပေါ်တွင် မိမိတို့က ဗိုလ်လုပ်လျက် အင်္ဂလိပ်တို့ကို တိုက်ခိုက်ကြရမည်။ ထိုသူတို့ သိကြသည်ကား ထိုမျှသာဖြစ်၏။

သို့သော် အင်္ဂလိပ်တို့၏ အားအထားဆုံးဖြစ်သော စင်ကာပူခံတပ်အလွယ်ကလေး ကျဆုံးသွားရသောအခါ အစီအစဉ်အားလုံးကို ဂျပန်တို့က တစ်မျိုးပြောင်းပစ်လိုက်၏။

စင်ကာပူဘက်တွင် ပိုနေသော ဂျပန်ဘုရင့်တပ်မတော်များကို ဗမာပြည်ဘက်သို့ ပို့လိုက်၏။ ထိုတပ်မကြီးများသည် ဗိုလ်မိုးကြိုးနှင့် ဘီအိုင်အေတပ်ကို အမိန့်ညွှန်ကြားပေးလာရုံမျှမက မော်လမြိုင်သို့အရောက်တွင် ဗိုလ်မိုးကြိုး

mgyoe.com

mgyoe.com


တပ်မှ ဂျပန်များနှင့် ဘီအိုင်အေ ဗမာ့တပ်သားတို့အား ပါးရိုက် ဆုံးမသော အလုပ်များကို ပြုလုပ်လာကြသည်။

ထို့ပြင် ဘီအိုင်အေတပ်များ သိမ်းပိုက်ပြီးသည့်နယ်များကိုလည်း လွတ်လပ်သော ဗမာပြည်အဖြစ် ဂျပန်ပြည်က အသိအမှတ်ပြု၍ ကြေညာမပေးတော့ချေ။ ထိုစဉ်က ဗမာပြည်လုံးရှိ လျှို့ဝှက်ဖွဲ့စည်းထားသော အတွင်းတော်လှန်ရေးတပ်ဖွဲ့အားလုံးတို့အား တာဝန်ယူ အမိန့်ပေးရသူကား ယခု ဗိုလ်ချုပ်ကြီးနေဝင်းပင်ဖြစ်၏။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ဘီအိုင်အေတပ်မတော် မော်လမြိုင်၌ ရှိနေစဉ်ပင် ရန်ကုန်သို့ တိတ်တဆိတ်လာရောက်ပြီးနောက် ဗမာပြည်တွင်းရှိ အတွင်းတော်လှန်ရေးတပ်ဖွဲ့အားလုံးတို့အား လျှို့ဝှက်ညွှန်ကြားသော အမိန့်တစ်ခုကို လာပေးသွားသည်။

ထိုအမိန့်ကို ယခုတောခိုနေသော ဆရာချစ်(ပဲခူး)က လက်ခံ၍ အတွင်းတော်လှန်ရေးတပ်ဖွဲ့တို့အား ဝေပေး၏။

ထိုညွှန်ကြားချက်တွင် 'ဂျပန်တို့မယုံရ ယခုပင် ဗမာစစ်သားများနှင့် ဗမာများကို ပါးရိုက်နေပြီ၊ ရရှိသမျှလက်နက်တို့ကို လျှို့ဝှက်စုဆောင်းထား ဂျပန်တွေ ဗမာပြည်ခြေကုပ်မမြဲမီ ငါတို့ ပြန်တိုက်ကြရ မည်' ဟူသောအချက်ပါ၏။

စာရေးသူသည် ထိုညွှန်ကြားချက်အတိုင်း ပြုလုပ်၏။ ဘီအိုင်အေတပ်ဖွဲ့တက်လာသောအခါ တပ်ဖွဲ့အတွက် စစ်သားများကို အသစ် စုဆောင်းပေး၏။ ဖွဲ့စည်းထားသော အတွင်းတော်လှန်ရေး တပ်ဖွဲ့များကို လက်နက်နှင့်တကွ ဂျပန်ကိုပြန်တိုက်ရန် တိတ်တဆိတ် ဝှက်ထား၏။

ထိုအချက်ကား ဂျပန်တို့ မကျေမနပ်ဖြစ်သည့်နောက် ပြစ်မှုတစ်ခု ဖြစ်သည်။

စာရေးသူ ဝရမ်းပြေးနေရ၍ ရှစ်လခန့်အကြာ ယခု ဖဆပလဥက္ကဋ္ဌ ဦးဗဆွေကြီးက ဂျပန်အထက်အရာရှိကြီးများနှင့် တွေ့ဆုံလျက် ဤကိစ္စများ ပြီးပြတ်သွားအောင် ရှင်းလင်းပစ်လိုက်ပါဟု အကြံပေး၏။

သို့သော် စာရေးသူက ဂျပန်တို့ကိုမယုံ။ သို့ဖြင့် လက်နက်အပြည့်အစုံကို 'ဖြောင်' ကိုင်လျက်၊ ဂျပန်တစ်ခေတ်လုံး ဝရမ်းပြေးနေခဲ့ရ၏။ ထိုသို့

mgyoe.com

mgyoe.com


ဝရမ်းပြေးရင်း ဂျပန်မုန်းတီးရေးနှင့် ဂျပန်တော်လှန်ရေးအဖွဲ့ များကိုလည်း ရောက်လေရာ ရွာတိုင်း ရပ်တိုင်းတို့၌ တိတ်တဆိတ်ဖွဲ့စည်း၏။ ထိုအဖွဲ့တွေကား 'ပြည်သူ့အရေးတော်ပုံ' အဖွဲ့အစည်းများပင်ဖြစ်၏။

သို့ဖွဲ့စည်းရင်း ပြေးလွှားရင်း အတွေးတစ်ခုပေါ်လာသည်။ ထိုအတွေးကား မိမိသည် လက်နက်လည်းမကိုင်လို၊ တိုက်ခိုက်ခြင်းကိုလည်း မလိုလား။

သို့သော် တစ်တိုင်းပြည်လုံးနှင့်ချီ၍ ဖြစ်ပေါ်လာရသည့် ကိစ္စအတွက် မိမိယခုလို သေနတ်ကြီးတကားကားနှင့် ပြေးလွှားနေရ၏။

မိမိသည် တိုင်းနိုင်ငံ ငြိမ်သက်အေးချမ်းပါက ပန်းချီရေးမည်။ စာရေးမည်ဟု ဆုံးဖြတ်ထား၏။ ယခင် အင်္ဂလိပ်လက်ထက်ကလည်း မိမိသည် ပန်းချီရေးခြင်း စာရေးခြင်းကိုပင် ပြုလုပ်ခဲ့၏။

သို့သော် ယခု အခြေအနေအတိုင်းဆိုလျှင် မိမိသည် ဂျပန်တို့၏ လက်မှ ဗမာပြည် မလွတ်မြောက်သေးသမျှ ...

ဂျပန်တို့လက်မှ လွတ်မြောက်ပြီးနောက် လွတ်လပ်သော ဗမာပြည် မဖြစ်လာသေးသမျှ ဤလက်နက်ကြီးကို စွန့်လိမ့်ဦးမည်မဟုတ်၊

ဤသို့ဆိုသော် ... မိမိအေးအေးချမ်းချမ်းရေးလိုသောစာ၊ ဆွဲလို သော ပန်းချီတို့ကိုလည်း ရေးနိုင်၊ ဆွဲနိုင်ခွင့်ရလိမ့်မည် မထင်တော့၊ မိမိအဖို့ အချိန်မရွေး သေပျောက်သွားနိုင်မည်မဟုတ်လော။

ဤတွင် စာရေးသူသည် စာကလေးတစ်ပုဒ်တလေမျှ မရေးလိုက်ရဘဲ သေသွားမည်ကို စိုးရိမ်လာ၏။

ထိုစိုးရိမ်မှုဖြင့် စာတစ်ပုဒ် ရေးဖြစ်အောင် ရေးသွားမည်ဟု ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်နှင့်အတူ ဘယ်လိုစာမျိုးရေးမလဲဟုတွေး၏။

အမျိုးမျိုးတွေးပြီးနောက်

မိမိရေးသော 'စာ' သည် မိမိသေ,သဖြင့် ကျန်ရစ်ခဲ့ပါက ဖတ်ရသူတို့ အတွက် အကျိုးရှိနိုင်မည့်စာမျိုး ဖြစ်ရမည်ဟု ဆုံးဖြတ်သည်။

ဆုံးဖြတ်ပြီးနောက် သွားလေရာရာ၊ ရောက်လေရာရာတွင် သေနတ်ကြီးဘေးချ၍ အားအားရှိတိုင်း ရေးတော့၏။

ယခု ထို 'စာ' သည် လူမသေဘဲ ရှိနေရသောကြောင့် သိမ်းထားခဲ့ရာ ထိုခေတ်က ပြက္ခဒိန်နောက်ကျောများနှင့်တကွ၊ စက္ကူအမျိုးမျိုးတို့နှင့်

mgyoe.com

mgyoe.com


ရေးထားရသောကြောင့် ဆွေးမြည့်ပင်နေပြီဖြစ်၏။ အချို့နေရာတွင် ဖတ်၍မျှမရတော့။

ယခု ထိုဖတ်မရသည့် နေရာများတွင် ထပ်မံဆက်စပ်ရေးလျက် စတင်ပုံနှိပ်နေပါပြီ။

ထိုစာသည် ဖတ်ရသူတို့အတွက် အကျိုးရှိနိုင်လိမ့်မည်ဟု စာရေးသူကိုယ်တိုင်က ယုံကြည်ရေးသားခဲ့သော်လည်း မနှစ်သက်သူတို့၏ အဖို့ တွင် 'ပသီ' ကုလားကို ဝက်သားကျွေးသကဲ့သို့လည်း ဖြစ်နေသည်။

စာမူကို သိမ်းထားပေးလျက် အကယ်၍စာရေးသူ သေဆုံးခဲ့သော် မပျက်မကွက် ဆက်ဆက်ရိုက်နှိပ် ထုတ်ဝေပေးပါမည်ဟု အထပ်ထပ် ကတိခံထားသူကမူကား စာကိုမဖတ်ရသေးသောကြောင့်သာ ကတိပေးခြင်းဖြစ်၏။ ယခုမူစာကို ဖတ်ပြီးသွားသောကြောင့် စာရေးသူ သေဆုံးခဲ့သော် ကတိပျက်ချင်ပျက်ပါစေတော့ ငှင်းအနေနှင့် ပုံနှိပ်ထုတ်ဝေခြင်း မပြုနိုင်ပါဟု ရွံ့ရွံ့ရှာရှာနှင့်ဆိုလာ၏။

ယခု ဤစာမူသည် စာရေးသူကိုယ်တိုင် မသေဘဲ ကျန်ရှိနေသောကြောင့် ပုံနှိပ်ထားသည့် စာအုပ်အဖြစ်ဖြင့် ထွက်လာနိုင်ခြင်းဖြစ်ပါသတည်း။

ရန်ကုန်ဘဆွေ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ချစ်ဇနီးသို့ ....

မှ - ရန်ကုန်ဘဆွေ

ဇနီးချစ် ....

မင်းတို့ ငါတို့တစ်တွေလည်း ဘာလိုလိုနဲ့ 'ကလေး' ရဲ့မိခင် ဖခင်တွေ ဖြစ်လာကုန်ကြပါကောဟ။

တကယ်ဆိုတော့ မင်းရော ငါရောပေါ့ကွာ 'ကလေး' ကို ဘယ်လို ပြုစုရမယ် ... အိမ်ထောင်မှုကို ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာ စဉ်းစားခဲ့ဖူး ကြရဲ့လား။

ဟား ... ဟား ... မင်းလည်း မစဉ်းစားမိဘူး၊ ငါလည်း ထိုနည်းလည်း ကောင်းပဲ။ တကယ်ဆိုတော့ ဘယ်သူမှ ကြိုတင် လေ့လာဆည်းပူးကြရမယ် လို့ သတိမရခဲ့ကြဘူး။

အမယ် ... ငါတို့ 'ဇနီးမောင်နှံ' သာ ဒီလိုခပ်ပေါ့ပေါ့နဲ့ အေးအေး နေခဲ့ကြတယ် ထင်သလား ဗမာတစ်ပြည်လုံးရှိ ... ငါတို့ရဲ့မောင်တော်၊ နှမတော်တွေ အကုန်လုံးလိုလိုပဲ ဒီအတိုင်းပဲဟ။

အမှန်တော့ ဒီလိုလူလုပ်ရေးအခြေခံ မခိုင်လုံမှုကြောင့်ဘဲ ထင်ပါရဲ့ကွာ၊ ငါတို့ဗမာပြည်က ဗမာတွေဟာ ကျန်းမာရေး၊ ချမ်းသာရေး၊ အသက်ရှည်ရေး တို့နဲ့ အဝေးကြီး ဝေးကြရုံတင်မကဘဲ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင် ကြင်နာမှုတွေနည်းပါးလို့ အမျိုးကိုစောင့်ရှောက်ခင်မင်တဲ့ စိတ်တွေ ခေါင်းပါးပြီး

mgyoe.com

mgyoe.com


အကျင့်စာရိတ္တတွေပါ ပျက်ပြားကုန်ကြတော့တာပါပဲ။

ကဲ … အဲဒီတော့ ပြုပြင်ဖို့သင့်တာတွေ ပြုပြင်လိုက်နာဖို့ သင့်တာတွေ လိုက်နာပြီး စွန့်ပစ်ဖို့သင့်တာတွေ စွန့်ပစ်လိုက်ကြစို့။

နောက်တစ်ခုက လူဆိုတာဟာ တိုးတက်တဲ့ နေထိုင်စားသောက်ရေး လမ်းစ,ကို အမြဲတမ်းရှာဖွေစမ်းသပ်ပြီး … အဲ … အတွေ့အကြုံတွေ မှတ်သားပြီး လေ့လာကျင့်သုံးခဲ့ကြတဲ့အတွက် တိရစ္ဆာန်တွေနဲ့ ခြားနားလာခဲ့ကြတာ မဟုတ်လား။

အဲဒီလို ခြားနားလာတဲ့လူကို လူပီပီ လူ့လမ်းစဉ်ကျင့်သုံးသူများလို့ ခေါ်နိုင်တာပေါ့ ..။

ရှိရင်းစွဲအတိုင်း ဘယ်တော့မှ မတိုးတက်ဘဲ နေကြတဲ့လူများဆိုရင် တော့ 'လူ' လောက်နီးနီး တော်ခဲ့တဲ့ 'လူ' တွေအဖြစ်နဲ့ ကျန်ရစ်ခဲ့ကြတယ် ဆိုရင် မမှားဘူးပေါ့ကွာ၊ တကယ်ဆိုတော့ အမြဲတိုးတက်မှု ရှိနေမှသာ 'လူ' ပီသမှာကွ တိုးတက်မှုမရှိဘဲ ရပ်နေရင်တော့ 'လူ' မပီသတော့ဘူး။

အဲဒီတော့ တို့တစ်တွေလည်း လူပီသအောင်ပေါ့လကွာ ငါတို့ 'ဇနီးမောင်နှံ' ကစပြီး နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ ချမ်းသာရေး၊ အသက်ရှည်ရေးဆိုတာတွေကို စမ်းသပ်ပြီး စည်းကမ်းတကျ နေထိုင်လိုက်နာကြည့်ကြစို့လား။

"ဘယ်ဟာက … ဘာကို စပြီး လိုက်နာရမတုံး …."

ငါ့ထင်မြင်ယုံကြည်ချက် ပြောရမှာဖြင့် ကမ္ဘာပေါ်မှာ၊ လူမျိုးတစ်မျိုးရဲ့ လူတန်းစေ့မှု၊လွတ်လပ်စွာနေနိုင်မှု၊ ပစ္စည်းမဲ့ ကျောမွဲကြီးများရဲ့ လောကနိဗ္ဗာန် တည်ဆောက်နိုင်မှုဆိုတာတွေဟာ ..

အဲဒီ .. လူမျိုးတစ်မျိုးလုံးရဲ့ ကျန်းမာမှု၊ ဉာဏ်ပညာထက်မှု၊သတ္တိရှိမှု၊ အကျင့်စာရိတ္တကောင်းမွန်မှုဆိုတဲ့ အပေါ်မှာ တည်တယ်ကွ …

နောက်တစ်ခါ … လူမျိုးတစ်မျိုးလုံးရဲ့ ကျန်းမာမှု၊ ဉာဏ်ပညာ ထက်မြက်မှု၊ အသိတရား တိုးတက်မှု၊ သတ္တိကောင်းမှု၊ အကျင့်စာရိတ္တ ကောင်းမှုဆိုတာတွေဟာလည်း ဘယ်သူ့အပေါ်မှာ တာဝန်ရှိပြန်သလဲ ဆန်းစစ်ကြည့်လိုက်ဦး …

မင်းက အစိုးရဆိုတဲ့ အုပ်ချုပ်သူ လူတန်းစားတွေအပေါ်မှာ တာဝန်

mgyoe.com

mgyoe.com

ရှိတယ်လို့ ဆိုချင်သလား။

အဲဒီ အုပ်ချုပ်သူလူတန်းစားတွေဆိုတာကွာ သိပ်အားကိုးစရာကောင်းတဲ့ လူတန်းစားမျိုး မဟုတ်ပါဘူး။ တကယ် အမြော်အမြင်ရှိရှိနဲ့ လူထုတိုးတက်မှုကို ဂရုစိုက်ပါတယ်ဆိုတဲ့ အစိုးရမျိုးပဲ ဖြစ်ဦးတော့ သူတို့တစ်တွေဟာ တိုက်တွန်းရုံ၊ အားပေးအားမြှောက်ပြုပေးရုံလောက်တတ်နိုင်ကြတာကလားကွဲ့။

ပြီးတော့လည်း ဒီအုပ်ချုပ်တဲ့ လူတန်းစားတွေဟာ ငါတွေ့တာပြောရမယ်ဆိုရင်။

တိုင်းသူပြည်သားတွေက ကျွန်တော်တို့ လုပ်ခနဲ့ အင်အားမမျှလို့ အိမ်က 'ကလေး' တွေ အစာမဝ ဖြစ်နေပါတယ်၊ ဒါ့ကြောင့် 'လုပ်ခ' တိုးပေးပါ။ အစာဖြည့်ပေးပါလို့ အော်မိရင် သို့မဟုတ် အလုပ်မလုပ်နိုင်ကြလို့ မလုပ်ဘဲနေမိရင်၊ ဘာပေးတယ်ထင်သလဲ' 'အစာ' တော့ မပေးဘူး 'လက်ထိတ်'ပဲ ပေးကြတယ်။

ဖမ်းလားဆီးလား လုပ်ဖို့အတွက် ဘယ်တော့မှ လက်မနှေးတတ်ဘူး။

သူတို့ 'ဥပဒေ' တွေကလည်း အလုပ်မလုပ်နိုင်လို့ မလုပ်ဘူးပြောရင် အပြစ်ရှိတာပဲ၊ အစာမဝလို့ မဝဘူးပြောရင် အပြစ်ရှိတာပဲ။ အဲဒီ အပြစ်ဟာ ဘယ်လောက်ကြီးတယ်ထင်သလဲ မယုံရင် လူစုပြီး ပြောကြည့် စက်သေနတ်နဲ့ ပစ်အဖမ်းခံရလောက်အောင် အပြစ်ကြီးလေးတယ်ဆိုတာ မင်းကိုယ်တွေ့သိလာမှာပဲ။ ဒီလိုကိစ္စမျိုးမှာဆိုရင် အပြစ်ပေးစရာ 'ဥပဒေ' ရှာဖို့လည်း သိပ်လက်သွက်ကြတယ်။

အဲဒီလို ထမင်း မ ဝမှု၊ လုပ်ခတိုးရလိုမှုတွေမှာ အဖမ်းအဆီးရဲ့ အပြစ်ပေးရဲသလို။

ကိုယ့်အိမ်ကိုယ် သန့်သန့်ရှင်းရှင်း မနေရင် ထောင်ဒဏ် ၆ လ...

လမ်းမမှာ အမှိုက်တွေ အရမ်းပစ်ရင် ထောင်ဒဏ် ၃ လ...

ကလေးငယ်ကလေးတွေကို စည်းကမ်းမဲ့လမ်းမမှာ ပစ်ထားရင် ထောင်ဒဏ် တစ်နှစ်။

ကျန်းမာခြင်းနဲ့ မညီညွတ်တဲ့ မုန့်ပဲသရေစာတွေကို ကန့်သတ်ထားတဲ့နေရာ ကန့်သတ်ထားတဲ့ အချိန်မဟုတ်ဘဲ မြို့ထဲ၊ ရွာထဲလှည့်လည် ရောင်းချ

mgyoe.com

mgyoe.com


လျှင် ထောင်ဒဏ် ၃ လ ဝယ်စားတဲ့လူ ၆ လ ...

အရွယ်ရောက်ပြီးစ ကလေးတွေ ကျောင်းမထားရင် မိဘထောင်ဒဏ် တစ်နှစ်ဆိုတာမျိုးတွေကျတော့။

အဲဒီ အစိုးရဆိုတဲ့လူတွေဟာ လက်နှေးကြ သတ္တိကြောင်ကြတယ်။ တိုင်းသူပြည်သားတွေအပေါ်မှာ သနားညှာတာ၊ ကရုဏာစိတ်တွေ ယိုဖိတ်တော်မူကြသတဲ့ မလုပ်ရက် မလုပ်ဝံ့ ရှာတော်မူကြဘူး။ သူတို့ကို 'ဖက်ဆစ်' ဆန်တဲ့ အစိုးရလို့ အများကပြောမှာ ကြောက်တော်မူကြရှာသတဲ့။

ဒါကြောင့် ဒီအစိုးရ အခေါ်ခံ အုပ်ချုပ်နေတဲ့လူတန်းစားတွေအတွက် ငါတို့ ထည့်မစဉ်းစားကြဘဲ ပေယျာလကန် ဝကွက်ချန်ပြီး တကယ်အစစ် တိုက်ရိုက် သက်ဆိုင်တဲ့လူတွေ ရှာကြည့်စို့လား။

အဲဒါ ဘယ်သူတွေတုံး။

မင်းတို့ ငါတို့ဆိုတဲ့ 'ကလေး' မိခင် ဖခင်တွေပေါ့ကွ။

လူမျိုးတစ်မျိုး စည်းကမ်းရှိဖို့ တိုးတက်ဖို့ဟာ အဲဒီလူမျိုးတွေကို ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြရတဲ့ 'မိဘ' တွေပဲ။

ဒါကြောင့် မဟုတ်လား၊ ငါတို့ဗမာ ပညာရှိ တချို့က ...

"လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနဲ့ဖ" တဲ့။

မဂဓတိုင်းက ဟင်ဒီပညာရှိကြီးတွေကလည်း။

"မာတာဝေရီ .. ပိတာသတ္တုရ...

ကေနဗာလေ .. နသိက္ခိတာ" တဲ့။

အဓိပ္ပာယ်ကတော့ ငယ်စဉ်တောင်ကျေး ကလေးအရွယ် လူမမယ်များကို ပညာသင်မပေးတဲ့ မိဘဟာ သား သမီးတို့ရဲ့ ရန်သူဆိုပဲ

သိုးဆောင်း စကားပုံတစ်ခုကလည်း...

The hand that rocks the cradle rules the world.

အိပ်နေသော သားငယ်၏ ပုခက်ကို လွှဲနေသောမိခင်၏ လက်တစ်ဖက်သည် ကမ္ဘာတစ်ဝန်းလုံးကို အုပ်စိုးနိုင်၏။

သူတို့ဆိုလိုတာက လိမ္မာတဲ့မိခင်ရဲ့ သွန်သင်ခြင်းကို နုနယ်ငယ်ရွယ်စဉ်ကတည်းက ရရှိလာတဲ့သားဟာ ကမ္ဘာကို အုပ်စိုးလာတယ်လို့ ဆိုလိုတာပေါ့။

mgyoe.com

mgyoe.com


ကဲ ... ကလေးတွေ မွေးမြူထိန်းသိမ်းခြင်းကို အကြောင်းပြုပြီး ဘယ်လောက် အရေးကြီးတယ်ဆိုတဲ့အကြောင်းကို အဲဒီဘာသာအမျိုးမျိုးက ပြောကြတဲ့ စကားတွေကိုသာ စဉ်းစားကြည့်ပေတော့။

ဘာပြုလို့ ဒီကလေးမွေးမြူရေးကိုပဲ ဒါလောက် ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေကြရတာလဲ အဲဒါစဉ်းစားစမ်း။ မင်းစိတ်ထဲမှာ အလွယ်ကလေး ပေါ်ပေါက်လာမှာပါပဲ။

ဒီလိုကွ 'လူ' တစ်စုံတစ်ယောက် ကိုယ်ကျင့်တရား ပြည့်ဝပြီး ပညာ ဉာဏ်၊ သတ္တိနဲ့ ကျန်းမာသန်စွမ်းဖို့ဆိုတာ။

အဲဒီလူ တစ်စုံတစ်ယောက်ရဲ့ မိခင်က သူတို့"သား"ကလေးကို ငယ်စဉ် တောင်ကျေး "ကလေး" အရွယ် လူမမယ်ကစပြီး သင်ကြား စောင့်ရှောက် ပြုပြင်လာမှုအပေါ်မှာတည်တာပေါ့။

ဒီတော့ကာ ... ကဲ ထပ်စဉ်းစားစမ်း။

တိုင်းပြည်တစ်ခုလုံးမှာရှိတဲ့ "လူ" တွေရဲ့ ကျန်းမာသန်စွမ်းရေး ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ပညာသတ္တိထက်မြက်ရေးဆိုတာတွေဟာ လည်း။

အဲဒီတိုင်းပြည် တစ်ခုလုံးမှာရှိတဲ့ လူတွေရဲ့ မိခင်၊ ဖခင်တွေအပေါ်မှာ တာဝန်ကျလာတယ်မဟုတ်လား။

ကဲ ... ဒီတော့

တိုင်းပြည်တစ်ပြည် လူမျိုးတစ်မျိုးလုံးရဲ့ တိုးတက်မှုဆိုတာ တိုင်းပြည်ထဲမှာရှိတဲ့ အိမ်ထောင်ရှင်တိုင်းရဲ့ အမြင်သန်မှု၊ စည်းကမ်းသေဝပ်မှု အပေါ်မှာ တည်တယ်ဆိုတာ မင်း သဘောပေါက်ရောမဟုတ်လား။

ဒီတော့ကာ နောက်ပေါ်မယ့် "ဗမာ" ကလေးတွေကို ငါတို့လို စည်းမဲ့ကမ်းမဲ့ ဗမာအပျင်းတွေ၊ အဖျင်းတွေ မဖြစ်စေဘဲ ကမ္ဘာပေါ်မှာ ခေါင်းမော်နိုင်မယ့်တော်ပေ့ဆိုတဲ့ 'ဗမာ' အသစ်ကလေးတွေချည်း ဖြစ်လာအောင် ဖန်တီးကြစို့လား။

**အိမ်ထောင်ဖက်ရွေးခြင်း ...**

ဘယ်လို ဖန်တီးမလဲ ဘာကစပြီး ဘာတွေလုပ်ကြရမလဲ။

mgyoe.com

mgyoe.com

ငါ့သဘောကတော့ မိခင်လောင်း၊ ဖခင်လောင်းတွေ ဖြစ်ကြတဲ့ အပျိုဖော် မကလေး မဝင့်တဝင် လူပျိုစဉ်ကလေး မဖြစ်တဖြစ် အချစ်ဆိုတဲ့ မျက်စိကလေးပွင့်လာစ သမီးရည်းစားထားတတ်ကြ၊ ထားချင်ကြပြီဆိုတဲ့ ကောင်မလေး၊ ကောင်ကလေးတွေက စပြီး ပြုပြင်ပေးသင့်တယ်။

ဘာကြောင့်လဲ...

ယောကျ်ားပျို၊ မိန်းမပျိုကလေးများဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်စ၊ ခင်စ၊ ကြင်နာစ၊ ဖြစ်လာကြတာနဲ့ တစ်ပြိုင်နက် ကိုယ့်ဝါသနာ အလျောက် အသီးသီးရှိတတ်ကြတဲ့ ဉာဉ်ဆိုးကလေးတွေကို တတ်နိုင်သမျှ ဖုံးဖိပြီး ကိုယ့်ချစ်သူ ရှေ့ကျရင် တကယ့် သူတော်ကောင်းလေးတွေ အယောင်၊ မခုတ်တတ်တဲ့ ကြောင်ကလေးများလို ဟန်လုပ်ပြီးနေလေ့ ရှိတတ်ကြတယ်။

အဲဒီလို မပွင့်လင်း မဖြောင့်မက်တဲ့ စိတ်ထားက စပြီးပွင့်လင်း ဖြောင့်မတ်စွာ နေရဲ၊ ထိုင်ရဲ၊ လုပ်ရဲ၊ ပြောရဲတဲ့သတ္တိတွေကို တဖြည်းဖြည်း လေ့ကျင့်မွေးမြူပြီး ပြုပြင်ပေးကြဖို့ လိုတယ်ကွ။

အမှန်တော့ အဲဒီယောကျ်ားလေး၊ မိန်းကလေးတွေဟာ ကလေးမိခင်၊ ဖခင်မဖြစ်ခင်ကတည်းကစပြီး သူတို့ရဲ့အနေအထိုင်၊ အပြုအကျင့်၊ အတွေးအခေါ်အားလုံးတွေကို ပြုပြင်ပစ်လိုက်ဖို့လိုတယ်။

ချစ်ရေးကြိုက်ရေးကိစ္စမှာလည်း သတ္တိရှိရှိနဲ့တိတိကျကျပြတ်သားတဲ့ စိတ်တွေကို မွေးမြူရမယ်။ အကောက်ဉာဏ်၊ မမှန်တဲ့သဘောနဲ့ ဟန်ဆောင်ပြောဆို ချစ်ခင်ခြင်းဆိုတဲ့ သေးသိမ်ညံ့ဖျင်းတဲ့စိတ်တွေ မဝင်စားစေသင့်ကြဘူး။

ဒီလိုမရိုးသားတဲ့ စိတ်တွေ ဝင်စားရတယ်ဆိုတာ အမှန်တော့ အတော်ရှက်စရာကောင်းတဲ့အလုပ်ပဲ၊ ပြီးတော့ ရှက်စရာကောင်းရုံတင်မကသေးဘူး စိတ်ကိုထိခိုက်ဆင်းရဲစေတတ်တဲ့ ဒုက္ခတစ်စုံတစ်ခုနဲ့လည်း လွှဲဖယ်မရအောင် တွေ့တတ်ကြသေးတယ်။

ဥပမာ ....

စိတ်ကောက်လွယ်မှုကို သည်းမခံနိုင်တဲ့အပြင် အရက်သောက်တတ်တဲ့ ယောကျ်ားလေးတစ်ယောက်ဟာ သူ့ချစ်သူ မိန်းကလေးဆီသွားတဲ့အခါ အရက်မသောက်တတ်ဘဲ လူသူတော်ကလေးလို ဟန်ဆောင်ပြီး ဘယ်တော့မှ သောက်မသွားဘူး။

mgyoe.com

အရက်သောက်မှုကို လုံးလုံးမကြိုက်တဲ့အပြင် အင်မတန်စိတ်ကောက်လွယ်တတ်တဲ့ မိန်းကလေးကလည်း သူ့ချစ်သူ၊ ယောကျ်ားကလေး လာတဲ့အခါမှာ အင်မတန် စိတ်ရှည်ပြီး သဘောထားပြည့်ဝတဲ့ "မဒ္ဒီ" လက်သစ်ကလေးလောက်နီးနီး ဟန်ဆောင်ပြီး နေလေ့ရှိတယ်။

ဟော သူတို့နှစ်ယောက်တစ်ယောက်နဲ့တစ်ယောက် အထင်ကြီးပြီး နီးသထက်နီးကာ နောက်ဆုံးအချိန်မှာ ရွှေလည်ဖက်တဲ့ ပျော်ပွဲကြီးဆင်လို့ အကြင်လင်ရယ်၊ မယားရယ်လည်းဖြစ်ကြရော။

ရှိရင်း အကျင့်ဆိုးကလေးတွေကို ကြာရှည်ဟန်မဆောင်နိုင်ကြတော့ဘဲ ယောကျ်ားကလေးကလည်း မကြာမကြာ အရက်သောက်၊ မိန်းကလေးကလည်း ခဏခဏ စိတ်ကောက်၊ တော်တော်ကြာတော့ တစ်ယောက်နဲ့ တစ်ယောက် မတည့်တော့ဘဲ စလယ်ဝင်ဖင်မမည်းခင်က ခွာပြဲကြရတဲ့ "ဘဝ" ရောက်ကုန်ကြရော။

ဒီနေရာမှာ မင်းစဉ်းစားကြည့်စမ်း ...

ယောကျ်ားကလေးဟာ ချစ်ရေးကိစ္စမှာ သတ္တိရှိရှိနဲ့ အစကတည်းက မိန်းကလေးကို အရက်သောက်တတ်တဲ့အကြောင်း ဖွင့်ပြောထားရင်။

အရက်သောက်တာ မကြိုက်ဘူးဆိုတဲ့ မိန်းကလေးဟာ ယောကျ်ားကလေးလုပ်သူကို တကယ်ချစ်တယ်ဆိုတဲ့နောက် သူသည်းညည်းခံဖို့ စိတ်ဆုံးဖြတ်ထားမှာပဲ မဟုတ်လား။

ဘယ်နည်းနှင့်မှ သည်းညည်းမခံနိုင်ဘူးဆိုရင်လည်း ဘာမှမဖြစ်ခင် စောစောစီးစီးက သည်းညည်းမခံနိုင်ကြောင်း သိကြရပြီး အဆင်မပြေဖြစ်သွားကြလို့ မလွန်ခင်က ခွာပြဲတာဟာ အရှည်သဖြင့် စိတ်ဆင်းရဲမှုကို ကာကွယ်ပေးခြင်းတစ်ရပ် ဖြစ်နိုင်တာပေါ့။

အဲဒါကို လာမယ့်ဘေးပြေးတွေ့ဝံ့တဲ့သတ္တိမျိုးလို့ ခေါ်တယ်ကွ။

အခုတော့ များသောအားဖြင့် ယောကျ်ားလေး၊ မိန်းကလေးတွေဟာ ချစ်ရေးကိစ္စမှာ သတ္တိမရှိကြတော့ ကိုယ့်မှာရှိတဲ့အပြစ်ကလေးတွေ ဖုံးဖိထားကြရော။

နောက် ... အတူနေကြရတော့ အရှည်မဖုံးဖိနိုင်လို့ ပေါ်ကုန်ကြရော၊ ဒီအချိန်မှာအကြောင်းကြောင်းတွေ ထောက်ထားပြီးတစ်ယောက်နဲ့တစ်

mgyoe.com


ယောက် မကွဲကြဘူးထားဦး တစ်သက်လုံး စိတ်မချမ်းသာကြတော့ဘဲ "ဘဝ" လမ်းခရီးကြီးထဲ လက်တွဲလျှောက်နေရတဲ့ "မောင်နှံ" နှစ်ယောက်ဟာ မသေမချင်း တစ်လမ်းလုံးတကျက်ကျက်နဲ့ ရန်ဖြစ်နေရမှာပဲ မဟုတ်လား။

ကြည့်စမ်း...

အဲဒီလို အဖြစ်မျိုးသာဆိုရင်တော့ "လောကဓံ" တရားဆိုတဲ့ ခလုတ်ကန်သင်းတွေနဲ့ ဘဝလမ်းခရီးကြမ်းတာက တစ်မျိုး။

ဘဝ"ခရီး"ကြမ်းမှာ လက်တွဲလျှောက်နေရတဲ့အဖော် အချင်းချင်း မတည့်တာတစ်မျိုးပေါ့လေ။ လူ့ဖြစ်စဉ်ဘဝ 'ခရီး' တစ်လျှောက်လုံး သွားသာသွားနေရတယ် စိတ်ချမ်းသာတယ်ရယ်လို့ မရှိတော့ဘူးပေါ့။

ဒီလိုစိတ်မချမ်းမသာနဲ့နေကြရင် မွေးလာကြမယ့်ကလေးတွေကို ကြည့်လိုက်စမ်း။

မိဘနှစ်ပါး အခါခပ်သိမ်း စိတ်မချမ်းမသာနဲ့ နေရင်း 'သန္ဓေ'မှီပြီး ရင့်သန်ဖွံ့ထွား မွေးဖွားလာရတဲ့ ကလေးဟာ ဘယ်မှာစိတ်စေတနာ အကျင့်စာရိတ္တကောင်းတဲ့ ကလေးမျိုး ဖြစ်လာနိုင်ပါ့မလဲ။

ဒီတော့ ...

စိတ်စေတနာမကောင်း၊ သွေးကြောင်တတ်၊ စိတ်ညစ်လွယ်တတ်၊ စိတ်တိုတတ်တဲ့ ကလေးမျိုးတွေချည်း မွေးနေကြရမယ်ဆိုရင်။

ဗမာပြည်ရဲ့ အနာဂတ်အရေးကို ဘယ်လိုပဲတွေးတွေး အားရစရာရှိနိုင်ပါဦးမလား။ ငါတော့လေ အဲဒီအရေးတွေကြောင့် တို့ဗမာပြည်ရှိ ကလေးတွေအတွက် စဉ်းစားကြည့်တိုင်း ကြက်သီးထလောက်အောင် ရင်လေးမိတယ်ကွဲ့။

ဒါထက် ဇနီးချစ်ရေ အခုဆိုရင်ငါဟာ ဖျာပုံခရိုင်အတွင်းက တောရွာတစ်ရွာမှာ ရောက်နေတယ်ကွဲ့။

အခြေအနေကတော့ "ဝရမ်းပြေး" ဘဝလောက်နဲ့ပဲ တို့ပြောက်ကျားခေါင်းဆောင်တွေဟာ ဟိုပုန်းသည်ရှောင်နဲ့ နေကြရတုန်းပဲ။

ငါတို့ရဲ့ 'တပ်မတော်' ကလည်း ခုချိန်အထိ မလှုပ်သေးဘူး။ ကွန်မြူနစ်တွေကတော့ သူတို့ 'ကလပ်စည်း' ဖွဲ့ဖို့ လုပ်ငန်းကလွဲလို့ ဒီ့ပြင် ဘာမှမလုပ်ချင်ကြဘူး။ ဂျပန် တိုက်ဖို့လည်း စိုင်းပြင်းဖို့မလိုဘူးတဲ့၊ အင်္ဂလိပ်ကိုပါ

mgyoe.com

mgyoe.com

ဆက်ချမယ်ဆိုတာဟာလည်း သဘောတရားမှားတဲ့ ယူဆချက်တဲ့၊ အဲဒီတော့ ကွာ တို့တစ်တွေဟာ သူတို့စွပ်စွဲသလို ပြောရမယ်ဆိုရင် ရှေ့ လောကြီးတဲ့ မျိုးချစ် 'မျက်ကန်း' ကလေးတွေအဖြစ်နဲ့ပဲ။

ကျေးရွာတွေရှိ ငါတို့ရဲ့ 'ပြည်သူ့' စစ်အဖွဲ့တွေဆီကို လှည့်လည် သွားကြရင်း ဖိုးသူတော် မျက်စိလည်နေတယ်ဆိုပါတော့ကွာ။

ဖိုးသူတော်ဟာ မျက်စိလည်လေ ဆန်ရလေပဲမဟုတ်လား။ ငါတို့လည်း တစ်ခြားသူတွေက ငြိမ်နေလေလေ ငါတို့ရဲဘော်တစ်စုလည်း ချာချာလည် အောင် လှည့်ပတ်ပြေးရလေလေ ဂျပန်ကိုခံချဖို့ ပြည်သူ့စစ်တွေ ရွာစဉ် လျှောက်ပြီး ဖွဲ့ရလေလေပေါ့ကွာ။

အဲဒီအထဲမှာ ကိုယ်ရေးကိုယ်တာအတွက် အမြတ်ကတော့ တို့လူမျိုး တွေရဲ့ နေမှု၊ ထိုင်မှု၊ စားမှု၊ သောက်မှုတွေကို လေ့လာဆည်းပူးရတာပဲကွဲ့။

ဘာတွေကို လေ့လာပြီး ဘယ်သင်းတွေကို ဆည်းပူးမိတယ်ထင်သလဲ။

တွေ့ရ၊ သိရ၊ သတိထားမိရတာကတော့ ငါတို့တပ်သားတွေကအစ, နေ့စဉ်နှင့်အမျှတွေ့နေရ ပေါင်းသင်းဆက်ဆံနေကြရတဲ့လူတွေဟာ သိပ် ပြီး စည်းမဲ့၊ ကမ်းမဲ့နိုင်ရုံမကဘဲ ကိုယ်ကျင့်တရားတွေကလည်း အားကြီးပျက် နေကြတာပဲကွဲ့။

အားလုံးလိုလိုပါပဲကွာ ကိုယ့်စိတ်ထဲရှိတာကိုတောင် ကိုယ်တိုင် အတိ အကျမပြောဘဲ သူများအကြိုက်တွေကိုချည်း လိုက်ပြောတတ်ကြလား ပြော တတ်ကြရဲ့။

ကိုယ်အသက်သာ ခိုနိုင်ဖို့အတွက်ကြည့်ပြီး ဘာမဆို ဟုတ်ဟုတ် မဟုတ်ဟုတ်၊ သိသိ မသိသိ အခွင့်အရေး ပေးနိုင်မယ်ထင်တဲ့လူတွေရဲ့ သဘောကျ လုပ်တတ်ကြလား လုပ်တတ်ကြရဲ့။

အဲဒီလိုလူစားတွေ အဲဒီလို မိဘတွေက မွေးလာမယ့်ကလေးတွေဟာ အများအားဖြင့် ဘယ်လိုစိတ်သဘောရှိတဲ့ လူတွေ ဖြစ်လာကြမယ်ဆိုတာ မင်း ... စဉ်းစားကြည့်စမ်းပါဦး။

ငါပြောတာက အများအားဖြင့်ပြောတာနော် လူတိုင်းစေ့ဖြစ်လိမ့်မယ် လို့တော့ မပြောရဲသေးဘူး။

ငါလေ...

mgyoe.com

mgyoe.com

အဲဒါတွေ စဉ်းစားမိတော့ သူတို့မိဘတွေရဲ့ အိမ်ထောင်ရေးကို အနည်းအကျဉ်း လေ့လာကြည့်တယ်ကွဲ့ ဒီလိုလေ့လာကြည့်တော့ ဘာတွေ တွေ့ရတယ်ထင်သလဲ။

များသောအားဖြင့် သူတို့ရဲ့ အိမ်ထောင်ရေးတွေဟာ ကိုယ်သက်သာမှုကို အကြောင်းပြုပြီး အိမ်ထောင်ဖက်ရွေးချယ်တာများကြတယ်။

ဒီတော့ကာ အိမ်ထောင်ပြုတော့မယ်ဆိုရင် ဘယ်သူက ဘာဂုဏ်ရှိတယ်။ ဘယ်လောက်ချောင်လည်တယ်၊ ဘယ်လောက် ငြိမ်းငြိမ်းနေနိုင်မယ်၊ ဘာတွေပြင်ဆင်ထားနိုင်မယ်။

ဘယ်လောက်ငွေဖြုန်းတယ်၊ဘယ်လောက်စေ့ကုတ်တယ်၊ ဘယ်လောက် အလုပ်လုပ်နိုင်တယ်ဆိုတာတွေအပေါ်မှာ မူတည်ပြီး စဉ်းစားကြတာပဲ။

အဲဒီတော့ သင်္ချိုင်းရတရားကြောင့် နောက်မှပျက်စီးလို့ဖြစ်ဖြစ် ဒါမှ မဟုတ်ရင် နဂိုက ဝါကြွားဟန်ဆောင်ထားတာကို အဟုတ်ယုံကြည်မိလို့ပဲ ဖြစ်ဖြစ်။

အိမ်ထောင်ပြုလိုက်ပြီးမှ အထင်နဲ့အမြင်မကိုက်လို့ နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲနေရပြီး နေ့တကျက်ကျက် ညတကျက်ကျက်ရန်ဖြစ်နေကြတဲ့ အိမ်ထောင်သည်တွေဟာ အများဆုံးပဲကွ။

အဲဒီတော့ အဲဒီ အိမ်ထောင်သည်တွေက မွေးထားကြတဲ့ မင်းတို့ ငါတို့ နေ့စဉ်ပေါင်းသင်းဆက်ဆံတွေ့နေကြရတဲ့ လူတွေဟာ စိတ်ထား မခိုင်မာဘူး အကျင့်စာရိတ္တပျက်ပြားတယ်ဆိုရင် ဘာအံ့ဩစရာ စကားလုပ်ပြီး ပြောနေဖို့ရှိသေးသတုံး။

အဲဒါကြောင့် ...

တို့လူစုတွေဟာ အပျိုဖော်ကလေး မဝင့်တဝင် လူပျိုစဉ်ကလေး မဖြစ်တဖြစ် အချစ်ဆိုတဲ့ မျက်စိကလေး မပွင့်တပွင့် အချိန်ကစပြီး တစ်ယောက်နဲ့တစ်ယောက် တွေ့လာကြပြီဆိုမှဖြင့် –

ကောင်းတဲ့အပြုအမူကိုတော့ အထူးဖော်ပြ ပြောဆိုဝင့်ကြွားနေဖို့ မလိုဘူးပေါ့ ကောင်းတယ်ဆိုတာ ဘာပြောစရာရှိတော့မလဲ။

အဲ ... မကောင်းတဲ့ အလေ့အကျင့် ဝါသနာဆိုးကလေးတွေကိုတော့ သတ္တိရှိရှိနဲ့တစ်ယောက်နှင့်တစ်ယောက် ထုတ်ဖော်ပြောပြပြီး တကယ်ချစ်တယ်ဆိုရင် အဲဒီမစွန့်နိုင်တဲ့ အလေ့အကျင့်ဝါသနာဆိုးကလေးတွေကို

mgyoe.com

mgyoe.com


တာရှည် သည်းခံနိုင်မနိုင် ခပ်ပိုင်ပိုင်မေးပြီးမှ အိမ်ထောင်ဖက်ရွေးသင့်ကြတယ်လို့ ငါတော့ ဆိုချင်တာပဲ။

အိုကွာ တဲ့တိုးပြောရမယ်ဆိုရင် ယောကျ်ားပျို မိန်းမပျိုကလေးတွေရဲ့ အိမ်ထောင်ရေးဟာ ဂုဏ်ပကာသနတွေ စီးပွားစနေတွေပေါ်မှာ အခြေခံ မထား'မှု' မတည်ဘဲ၊ တစ်ယောက်နဲ့တစ်ယောက် အပြုအမူချင်း ဝါသနာချင်း တူညီမှုတို့

မတူညီဘူး ထားဦး။ တစ်ယောက်ရဲ့ အလေ့အကျင့်ဝါသနာကို တစ်ယောက်က ကျေနပ်နှစ်သက်ပြီး အားပေးချင်မှု အားပေးနိုင်မှုရှိတယ် မရှိဘူးဆိုတဲ့အပေါ်မှာ 'မှု' တည်ပြီး အိမ်ထောင်ဖက် ရွေးချယ်သင့်ကြတယ်ထင်တာပဲ။

ဒီအိမ်ထောင်ဖက် ရွေးချယ်မှုဆိုတာ အိမ်ထောင်ဖက် မရွေးချယ်မီ လူပျိုကလေး၊ အပျိုကလေးဘဝကတည်းက ကိုယ့်စိတ်ကိုယ်ပြုပြင်ပြီး နောက်ဆုံးဘယ်လို ရွေးချယ်ရင် သင့်တော်လိမ့်မယ်လို့ အကောင်းဆုံးဖြစ်အောင် တွေးတောသုံးသပ်ပြီး ညွှန်ကြားရတာကလားကွာ။

ငါ့အဖို့ပြောရမယ်ဆိုရင် ဒီလို "ရွေးချယ်" ထားပါလျက်နဲ့တောင် နောက်ဆုံးကျတော့ သတိလစ်တာကလေးတွေ၊ မပြောမိဘဲ ကျန်ကျန်ရစ်နေလို့ သဘောမတိုက်ဆိုင်တာတွေကို မျိုသိပ်အောင့်အည်းမနေနိုင်တော့ဘဲ ကွဲခဲ့ပြဲခဲ့ရတာတွေ အကြိမ်ကြိမ်ပေါ့ ဒါတွေလည်း မင်းအသိပါပဲလေ။

ငါ့စိတ်ထဲမှာ ဘယ်လောက်အထိ ဖြစ်သွားတယ်ထင်သလဲ 'ဃရာဝါသကိစ္စမြားမြောင် ဤလူ့ဘောင်တွင် အိမ်ထောင်ညွတ်ကွင်း သံချိုင့်တွင်းသို့'

ငါတော့ ဘယ်လိုနည်းနဲ့မှ မသက်ဆင်းတော့ဘူးလို့ သန္နိဋ္ဌာန် ချထားတဲ့အထိပဲကွ။

နောက်တော့ မင်းနဲ့တွေ့တာနဲ့ စိတ်ကူးတစ်မျိုးပြောင်းပြီး ဒီလိုလူလောကထဲ ရောက်လာပြီးမှတော့ လူလုပ်ရမှာ ကြောက်တယ်ဆိုရင် အင်း လူလုပ်ရမှာ ကြောက်နေတယ်ဆိုရင် ...

အို ... အို ... တလွဲမထင်လိုက်ပါနဲ့ကွာ။ ငါက ရွှတ်နောက်နောက်ပြောနေတာမဟုတ်ပါဘူး။ လူလုပ်ရမှာကြောက်တယ်ဆိုတာ လူ့လောကထဲမှာ အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ သားတွေ သမီးတွေစတဲ့ လူ့တာဝန်ကို

mgyoe.com

mgyoe.com

ထမ်းရမှာကြောက်တယ်လို့ဆိုရင် ညံ့ရာများကျမလား၊ အဲဒီလို ကိုယ်လိုရာ ကိုယ်ဆွဲတွေးပြီး ဒီညွှတ်ကွင်းကို ဇွတ်အတင်း ဝင်တိုးလိုက်တာပဲဟော့။

**အိမ်ထောင်ပြုခြင်း။**

ကဲ ... ကဲ အမေမွေးလာကတည်းက ခပ်ရှည်ရှည်ဖြစ်တော့ အခုလည်း ခပ်ရှည်ရှည်ဖြစ်ကုန်ပြီ။ လေ,ပါကွ လေရှည်တာပါ။ ကဲ ... လိုရင်းဆက်ပြောမယ် အခုပြောပြီးခဲ့တာတွေဟာ အိမ်ထောင်ဖက် 'ရွေးချယ်' ခြင်း အကြောင်းဆိုတော့ အိမ်ထောင်ဖက် 'ရွေးချယ်' ပြီးတဲ့နောက် ...

ဘာလိုသေးသလဲ

အိမ်ထောင်ပြုတယ်ဆိုတဲ့ မင်္ဂလာဆောင်မှုကိစ္စပေါ့။

အဲဒီမင်္ဂလာဆောင်တယ်ဆိုတဲ့ အိမ်ထောင်ပြုမှုကိစ္စတွေကို တွေးကြည့်ရင်လည်း အတော်ရယ်စရာကောင်းပြီး ငွေကုန်၊လူပမ်း၊အကျိုးမဲ့တဲ့ အကြောင်းအရာတွေ အများကြီးတွေ့ရသေးတယ်ကွဲ့၊ အဲဒီအထဲမှာ မင်္ဂလာဆောင်တယ်ဆိုတာ အကြမ်းအားဖြင့် ၂ မျိုးရှိတယ် အဲဒီနှစ်မျိုးက

၁။ ကာယကံရှင်မိန်းကလေးနဲ့ ယောကျ်ားလေး မသိကျွမ်း မချစ်ခင်ရသေးဘဲ လူကြီးတွေသဘောတူလို့ မင်္ဂလာဆောင်ပေးခြင်း။

၂။ လူငယ်ချင်းလည်းကြိုက်၊ လူကြီးတွေကလည်း သဘောတူလို့ မင်္ဂလာ ဆောင်ပေးခြင်း။

အဲဒီလိုနှစ်မျိုးရှိတယ်။ ဒါပေမဲ့ ငါတော့ကွာ ဒီနှစ်မျိုးလုံးကိုတစ်ခုမှ သဘောမကျဘူး။ သဘောမကျတဲ့အထဲမှာလည်း ပထမအမျိုးက ပိုဆိုးတယ်။

ဒီအကြောင်းပြောလို့ ငါသတိရသေးတယ် ငါတို့ငယ်ငယ်တုန်းကပေါ့ကွာ ရန်ကုန် တာမွေဘက်မှာ ...

လူတစ်ယောက် 'ပက်ထရစ်' ဆိုတဲ့ မြင်းကြီးကို ဆွဲလာတယ်။ အဲဒီ မြင်းကြီးက အပြေးလည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက် ခြေတံ၊ လက်တံကလည်းလှ ထွားထွားကျိုင်းကျိုင်းနဲ့ မဒရပ်မြင်းကြီးပေါ့ကွာ။

သူတို့ဆွဲလာကြတာက လက်စသတ်တော့ ငါထိုင်နေတဲ့ အိမ်ဘေးက မြင်းမကလေးနဲ့ ပေးစားဖို့ကွဲ့။

mgyoe.com

မြင်းမကလေးကလည်း ဒီမြင်းကြီးဘယ်လိုလုပေမယ့် အခုမှ နဖူးတွေ့ ဒူးတွေ့ဆိုတော့ ခမျာမှာ မချစ်နိုင်ရှာပေဘူးပေါ့။ ကန်လိုက်ကြောက်လိုက်နဲ့ နည်းနည်းမှ စိတ်ပါပုံမရဘူး။

ဒါပေမဲ့ ပိုင်ရှင်လုပ်တဲ့လူတွေက အတင်းချော့မော့ကျုံးသွင်းပြီး ရိုက်မောင်းပုတ်မောင်းနဲ့ ပေးစားလိုက်ကြတော့ သူ့ခမျာ စိတ်မပါရှာဘဲ အောင့်အောင့် အင်းအင်းနဲ့ ယူလိုက်ရတော့တာပေါ့။

အင်း ... အဲဒီတုန်းက ငါ့စိတ်ထဲသွားတွေးမိတယ်။ လူငယ်ချင်း တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ကြင်နာမှု မရှိကြဘဲနဲ့ မင်္ဂလာဆောင်လိုက်ကြရရှာတဲ့လူတွေလည်း ဒီလိုပဲ နေကြမှာပဲနော်လို့။

လူကြီးတွေဟာ များသောအားဖြင့် ငါမိဘပဲဆိုပြီး သားသမီးတွေကို သက်ဦးဆံပိုင်စနစ်နဲ့ အာဏာကုန်နှိပ်စက်နေသလို ဖြစ်နေကြတာပဲ။

တစ်သက်လုံးပေါင်းသင်းနေကြရမှာက လူငယ်ချင်းချင်း၊ သဘောတူကြိုက်နှစ်သက်ကြတာက လူကြီး အချင်းချင်း။

သားပျို သမီးပျိုတွေမှာ ကိုယ်ကောင်ကြီးကကိုယ့်ကိုယ်၊ စိတ်က လူကြီးတွေရဲ့စိတ်၊ နည်းနည်းလေးမှ မလွတ်လပ်ကြတော့ဘူး။

လူဖြစ်လာကြရပေမယ့် ဒီနုနယ်ပျိုမျစ်တဲ့ အရွယ်ကလေးတွေက စပြီး ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် မဟုတ်တော့ဘဲ။ ကိုယ်ကောင်ကြီးက လှုပ်ရှားနေပေမယ့် စိတ်ကတော့ လုံးလုံးအရာမဝင်တော့ဘူး။ ဘဝဆုံးတဲ့အဖြစ်ရောက်သွားကြတော့တာပဲ။ လူဖြစ်ကျိုးရှုံးကုန်ကြပြီပဲ ဆိုကြပါစို့။

ဒီနေရာမှာ လူကြီးတွေက သေသေချာချာ စဉ်းစားဖို့သင့်ကြတယ်။ ကိုယ့်သား၊ ကိုယ်သမီးတွေကို တစ်သက်လုံးလူသေလိုဖြစ်နေအောင်မနှိပ်စက်သင့်ကြဘူး။

လူကြီးတွေရဲ့တာဝန်ဟာ ဒီလိုအတင်းအကျပ် အာဏာတွေကို မသုံးသင့်ဘူး၊ သားသမီးတွေရဲ့ ယူဆချက်နဲ့ ပတ်သက်ပြီး အမှားအမှန်အဆိုးအကောင်းတွေကို ကိုယ်တိုင်ဝေဖန်လာနိုင်ကြမယ့် အသိတရားကိုသာ လူငယ်တွေ အတွက်ပေးထားသင့်တယ်။ ပြီးတော့ လူငယ်တွေကို ရဲရဲတင်းတင်း ဖွင့်ဟ တိုင်ပင်ဝံ့အောင် မိဘတွေနဲ့အတူ ဆွေးနွေးဝံ့ ဝေဖန် ထင်မြင်ချက်ခံဝံ့အောင် လေ့ကျင့်ပေးဖို့လိုတယ်။

mgyoe.com

mgyoe.com

အိမ်ထောင်ပြုတာနဲ့ ပတ်သက်လို့လူကြီးတွေရဲ့ ဆင်ခြေတစ်ခုကို သွားသတိရသေးတယ်။ သူတို့ဆင်ခြေက "ကိုယ့်သားသမီးပဲ မိဘဆိုတာဟာ ဆင်စီးလို့ မြင်းရံတာသာ မြင်ချင်တာပေါ့ ဆင်နင်းလို့ မြင်းကန်တာကို ဘယ်မြင်ချင်မလဲတဲ့"

ဒီစကားဟာ မှန်ကောင်းမှန်ပါလိမ့်မယ်။ ဒါပေမဲ့ ဆင်စီးလို့ မြင်းရံတယ်ဆိုတာ သဘောကျသူ လူကြီးတွေအဖို့ ဖြစ်နိုင်ပေမယ့် သဘောမကျတဲ့ သားသမီးတွေအဖို့တော့ ဆင်နင်းလို့ မြင်းကန်တဲ့အဖြစ်ကို ပြောင်းလဲသွားတတ်သကွဲ့။

ဝက်သားဟာ တရုတ်နဲ့ဗမာတွေအဖို့ အစားကောင်းဖြစ်ပေမယ့် 'ပသီ' ကုလားတွေအဖို့မှာတော့ ရွံစဖွယ်လိလိဖြစ်နေသလိုပေါ့။

သားသမီးတွေကို အင်မတန်ချစ်ပါတယ်ဆိုတဲ့ မိဘတွေဟာ သားပျို သမီးပျိုတွေရဲ့ စိတ်နှလုံးမှာ ဘယ်လောက်ယူကျုံးမရဖြစ်သွားကြမယ်ဆိုတာ ကိုတော့ နည်းနည်းမှ မတွေးတတ် မသနားတတ်ကြဘူးကွဲ့။

ဒီကိစ္စနဲ့ပတ်သက်လို့ ငါတို့ရဲ့ ဗုဒ္ဓရှင်ကလည်း

"ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော

ယံပိစ္ဆံနလဘတိ–တမ္ပိဒုက္ခံ" လို့

ဒုက္ခသစ္စာတရားနဲ့ ပတ်သက်ပြီး ဓမ္မစက္ကဒေသနာတော်ကြီးထဲမှာ ဟောမိန့်သွားခဲ့တယ်မဟုတ်လား၊ ဒါကိုရည်ရွယ်ပြီးတော့ ဝန်ကြီးပဒေသ ရာဇာက "ဘလ္လ တိယပျို့" ထဲမှာ

'ဇာတိဇရာ၊ ဗျာဓိမရဏာ၊ ဟူသမျှလည်း ဒုက္ခဖြင့်ပဲ လွန်ဆင်းရဲ၏၊ စိတ်ကွဲမဖြူ မချစ်သူနဲ့၊ အတူမကင်းနေရခြင်းလည်း လွန်ပြင်းဒုက္ခ ဆင်းရဲစွ တည်း။ ချစ်ကြသူနှင့် တဖြင့်တပါး၊ ကွဲပြိုကြွားလည်း၊ ချောက်ချားဝမ်းတွင်း ဆင်းရဲပြင်းစွ" တဲ့။

အဲဒီစာတွေအရရော ကိုယ်တွေ့တွေပါ ထည့်ပေါင်းစာနာပြီး မိဘဆိုတဲ့ အာဏာပိုင်တွေဟာ သင်္ခါရဆိုတဲ့ ဂုဏ်တွေပစ္စည်းတွေကို အဓိကမထားဘဲ သားနဲ့သမီးများ စိတ်ချမ်းသာစွာနဲ့ တာရှည်ပျော်မွေ့နိုင်မယ့်အခြေကို အဓိက ထားပြီး အများကြီး သနားသင့်ကြတယ်လို့ ငါတော့ လူငယ်တွေဘက်က

mgyoe.com

mgyoe.com

ရှေ့နေလိုက်ချင်တာပဲ။

ဒီလိုရှေ့နေလိုက်ရတာ တစ်ခြားကြောင့်မဟုတ်ဘူးဟေ့ နေ့စဉ်နှင့်အမျှ စိတ်မချမ်းသာကြဘဲ ဟန်ဆောင်ပေါင်းသင်းနေကြရတဲ့ ဇနီးမောင်နှံစုံတို့က မွေးလာကြရမယ့် ကလေးတွေအတွက် မျှော်ကိုးပြီးရေးနေတာပဲကွဲ့။

ဒီလိုစိတ်မချမ်းမသာနဲ့ ဖြစ်ပေါ်လာကြရမယ့် ကလေးတွေကို စိတ်ပညာအတွေးအခေါ်နဲ့ပဲ ကြည့်ကြည့်၊ ရုပ်ပညာအပိုင်းနဲ့ ဆရာဝန် အမြင်ပါပေါင်း ကြည့်ကြည့် ဘယ်တော့မှ လူတော်လူကောင်း ဖြစ်မလာနိုင်ဘူး စိတ်သာချ။

ပြီးတော့ တချို့မိဘတွေရဲ့ အလေ့ဆိုးတစ်ခုရှိသေးတယ်ကွဲ့ ဘယ်လို အလေ့ဆိုးလဲဆိုတော့။

အို … ကျုပ်သမီးကို 'ငါးထောင်' တင်တောင်းမှ ပေးစားမယ်တော့်တို့ ဘာတို့ပေါ့လေ။

ဒီတော့ ယောက်ျားရှင်က 'သုံးထောင်' ဆိုရင် တော်ရောပေါ့ဗျာ ကျွန်တော်တို့ကလည်း ခေတ်ကျပ်ကြီးမို့ ဘယ်လိုညာလိုနဲ့ ဈေးဆစ်နေကြသေးတယ်၊ ဒါနဲ့ပဲ တချို့လည်း အရောင်းအဝယ် မတည့်ကြတော့ဘူးပေါ့ကွာ။

ဒါတောင် တချို့ စဉ်းစားဉာဏ် နည်းပါးတဲ့ မိန်းကလေးများက အဖိုး မဖြတ်နိုင်တဲ့ လူအရင့်အမာကြီးကို တန်ဖိုးဖြတ်ဝယ်သွားတာကြည့်ပြီး အားကျနေကြသေးတယ် အံ့ရော။

ဘယ်ကောင်မဖြင့်ဟေ့ 'ငါးထောင်' ကုန်တင်ပြီး အတောင်းခံရပါ ကလား၊ တို့လည်း ဘယ်လောက်ကုန် တင်တောင်းမှ ယူမယ်တော့ ဆိုတာမျိုး တွေပေါ့။

ငါစဉ်းစားကြည့်မိတယ်ကွ တချို့အရပ်မှာ အလေလိုက်တဲ့လူတွေက တစ်ညဘယ်လောက်လဲလို့ မေးလိုက်ရင်

အထိန်းလုပ်တဲ့လူက 'ငါးကျပ်' လို့ ပြောလိုက်တော့ သုံးကျပ်မရ ဘူးလားလို့ ဈေးဆစ်ကြတယ်။

တကယ်လို့ ဈေးတည့်သွားရင် ဈေးဆစ်ခံရတဲ့ မိန်းမပျိုကလေးဟာ ဈေးဆစ်တဲ့ ယောကျ်ားပျိုကလေးနဲ့ တစ်ခါမှမတွေ့ဘူး၊ မသိဖူးမချစ်ရသေး ဖူးဘဲနဲ့ တစ်ညလုံးကျေကျေနပ်နပ် လိုက်သွားရရှာတာပေါ့။

mgyoe.com

mgyoe.com

စောစောကဖော်ပြတဲ့ အိမ်ထောင်ပြုခြင်း၊ မင်္ဂလာဆောင်ခြင်း၊ မင်္ဂလာဆောင်ဖို့ ကြောင်းလမ်းစေ့စပ်ခြင်း ဆိုတာမျိုးတွေလည်း ဘာထူးသေးသလဲ အဲဒီအလေလိုက်တဲ့လူတွေ လုပ်ပုံနဲ့ အတူတူပဲမဟုတ်လား။

မိန်းကလေးနဲ့ ယောကျ်ားလေး ချစ်ချစ် မချစ်ချစ် လူကြီးတွေက သဘောကျတာနဲ့

တစ်ဖက်က မိန်းကလေးရှင်က ပြောလိုက်တယ် တစ်သက်လုံးအတွက် အတူ အိပ်ခ 'ငါးထောင်' ထမင်းကျွေး၊ အဝတ်အစားဆင်ထားရမယ်။

ယောကျ်ားလေးရှင်က ဈေးဆစ်လိုက်တယ် 'သုံးထောင်' မရဘူးလား။

ကဲ ... မင်းစဉ်းစားကြည့်စမ်းကွာ ငွေကြေးစီးပွားခနကို အဓိကထားပြီး သားသမီးတွေကို ဒီလိုရောင်းရောင်းစားနေကြတဲ့ မိဘတွေဟာ ဘယ်လောက်ဆိုးသလဲ။

ပြီးတော့ သူတို့က 'အဲဒီလူရောင်း' ပွဲကြီးကိုများ မင်္ဂလာဆောင်တဲ့ အံ့ရော ... အံ့ရော။

နောက်လူငယ်ချင်းလည်းကြိုက် လူကြီးတွေကလည်း သဘောတူပေးစားခြင်းဆိုတဲ့ ဒုတိယအမျိုးအစားဖြစ်တဲ့ မင်္ဂလာဆောင်မှုကတော့ အခုပြောပြခဲ့တဲ့ ပထမအမျိုးအစားလောက် မဆိုးဘူးပဲထားပါဦး။ ဒါပေမဲ့ ငါတော့ သဘောမကျသေးဘူးကွ။

ဘာပြုလို့လဲဆိုတော့ ဒီဒုတိယအမျိုးအစားနဲ့ မင်္ဂလာဆောင်မှုဟာ တစ်ယောက်နဲ့တစ်ယောက်ချစ်ပါတယ် ခင်ပါတယ်၊ ကြင်နာပါတယ်။ လူကြီးတွေကလည်း သဘောကျပါတယ်ဆိုပေမယ့် သိပ်စိတ်မချရသေးလို့ အသိသက်သေ လုပ်ထားခြင်း တစ်မျိုးဖြစ်နေတယ်။

စေ့စေ့စဉ်းစားကြည့်စမ်း တစ်ယောက်နဲ့တစ်ယောက် မယုံကြည်ရလို့ အသိသက်သေရှာနေရတယ်ဆိုရင် ဒီလူတွေရဲ့စိတ်ထား မတည်တံ့မှုကို လူကြီးစုံရာရှေ့မှာ ဖွင့်ဖော်ပြောပြနေတာနဲ့ တူနေလို့ သိပ်ရှက်စရာ ကောင်းတာပေါ့ ပြီးတော့။

ဒီလိုအခမ်းအနားတွေလုပ်လို့ ကုန်လိုက်တဲ့ ငွေတွေကိုလည်း ငါတော့ သိပ်နှမြောတာပဲကွဲ့။

ဒီလို အလဟဿကုန်မယ့်အစား နောက်ဖြစ်ပေါ်လတ္တံ့သော သား

mgyoe.com

mgyoe.com

ကလေး သို့မဟုတ် သမီးကလေးအတွက် ရွှယ်စုးပြီး အသုံးဝင်မယ့်ဟာ တစ်ခုခု ဝယ်ထားရင် ...

ဒါမှမဟုတ်လည်း အဲဒီရွှယ်စူးပြီး ဘဏ်အပ်ထား အလုပ်တစ်ခုခု တည်ထောင်ထား ...

နောက် အဲဒီက တိုးပွားတဲ့ငွေကို လူကြီးတွေက လုံးလုံးမသုံးကြဘဲ ကလေးကြီးပွားအောင် တိုးတက်အောင် အသုံးချထောက်ပံ့ပညာသင် ...

နောက်ဆုံး ဒီအိမ်ထောင်ရှင်မောင်မယ်တွေဟာ တစ်သက်လုံး ကလေးမရကြတော့ဘူးဆိုပါတော့။

ဒီငွေတွေကို မိဘမဲ့ ကျောင်းတို့ ကလေးတွေပညာသင်တဲ့ကျောင်းတို့ သားဖွားဆေးရုံတို့ လှူပစ်လိုက်ပေါ့ကွာ ဘယ်လောက်အကျိုးရှိမလဲ။

ပြီးတော့ ရာသက်ပန် နှစ်ဦးသဘောတူ ချစ်ကြည်ရေးမှာလည်း စရိတ်ကျင်းကျင်းနဲ့ မိတ်ဆွေ အပေါင်းအသင်းတွေကို ဖိတ်ခေါ်ပြီး....

ကျွန်တော်တို့နှစ်ယောက်က ဇနီးမောင်နှံအဖြစ်နဲ့ ခင်ဗျားတို့ကို အခုဖိတ်ခေါ်ကျွေးမွေးခြင်းပါပဲဗျာ။

ကျွန်တော့်ကို မသိသေးတဲ့ ကျွန်တော့်ဇနီးရဲ့မိတ်ဆွေများနဲ့ ကျွန်တော့်ဇနီးကို မသိသေးတဲ့ ကျွန်တော့်ရဲ့မိတ်ဆွေတို့က ဒီကနေ့ကစပြီး

ကျွန်တော့်ကို ခင်မင်သလို ကျွန်တော့်ဇနီးကို

ကျွန်တော့်ဇနီးကို ခင်မင်သလို ကျွန်တော့်ကို

ကျွန်တော်တို့ဇနီးမောင်နှံ နှစ်ယောက်လုံးကိုပဲ ရင်းနှီးတဲ့ မိတ်ဆွေကောင်းများအဖြစ် ခင်မင်အသိအမှတ်ပြုကြပါဗျာဆိုတဲ့ မိတ်ဆက်ပွဲ ကလေးလောက်ဆိုရင်ပြီးတာပဲ ....

ဒါဟာ မင်္ဂလာဆောင်တာနဲ့ တော်တော်ခြားနားတယ်။ မင်္ဂလာဆောင်မှာ လာပြီး စားကြသောက်ကြတဲ့ လူတွေဟာ မင်္ဂလာဆောင်သတို့သမီးနဲ့ သတို့သားကို ကျေးဇူးတင်ကြမယ်များထင်သလား။

ဘယ်လောက်အကုန်ခံပြီးဘာတွေ ကြီးကြီးကျယ်ကျယ်လုပ်လုပ် ဘယ်သူမှ ကျေးဇူးမတင်ဘူး။

ဘယ်ကျေးဇူးတင်မလဲကွဲ့ လုပ်ပုံလုပ်နည်းကိုက တစ်ခြားတစ်ယောက်က မောင်နဲ့မယ်ကို အရုပ်တွေလို ဝတ်ကောင်းတန်ဆာတွေဆင်ပြီး လူတွေ

mgyoe.com

mgyoe.com

ရှေ့ထုတ်၊ အတူယှဉ်အထိုင်ခိုင်း၊ ပါးစပ်က ဂါထာမန္တရားတွေရွတ်၊ ရေဖလား ကြီးထဲ လက်နှိုက်ခိုင်း။

ကြည့်ပါဦးကွာ ဂါထာမန္တရားတွေနဲ့ မန်းမှုတ်ပြီး အပေါင်းခိုင်းမှ သူတို့ လင်မယား မြဲကြမယ့်အတိုင်းပဲ။

ပြီးတော့ အဲဒီကိုလာကြတဲ့ လူတွေကလည်း သတို့သားက ဘာ လုံချည်နဲ့ ဘာအင်္ကျီ၊ သူက တစ်လ ဘယ်လောက်ရသတုံး။ ဒီကောင်မ လင်ရတော်တာပေါ့၊ သူဝတ်ထားတဲ့ 'စိန်လည်တုံ' က ပုံဆန်းတယ်တော့်၊ မျက်နှာကြီးတွေ တော်တော်လာကြသားပဲ ဆိုတာတွေပြောလို့ပေါ့ကွာ။

ပြီးတော့ သူတို့မိဘတွေက ဘာလုပ်ကြတယ်ထင်သလဲ လူတွေ ရှေ့မှာ ခပ်ပြောင်ပြောင်ပေါ့လေ။

ကျွန်တော်တို့ကလည်း တတ်နိုင်သမျှ ဟောဒီလောက်အဖိုးအခတွေ ပေးထားပါတယ်။ ကျွန်တော့် မိတ်ဆွေများက ဝိုင်းဝန်းကူညီပြီး ပေးကြတဲ့ အဖိုးအခတွေက စာရင်းအရ ဘယ်လောက်ရှိပါတယ်။ မိန်းကလေးဘက် ကလည်း ကျွန်တော့်သားကို အသုံးတော်ခံနေတဲ့ အချိန်အခါမှာ မပူမပင် သုံးဖို့စွဲဖို့ ဘယ်လောက်ပါပါတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးသက်ရောက်တဲ့ပြုမူမှု မျိုးတွေပေါ့ကွာ။

ဒါတွင်မကသေးဘူး၊ ညကျရင် အတူအိပ်မယ့် အခန်းနဲ့အိပ်ရာကြီးကို ပြင်ပြီး လူလာတိုင်းပြကြရသေးတယ်။ မင်းစဉ်းစားကြည့်စမ်းဟေ့ ... ဘယ် လောက်များ စောက်ရှက်နည်းတဲ့အလုပ်လဲလို့ ဒါကိုများ မင်္ဂလာတဲ့ကွ။ ကြည့်စမ်းပါဦး မွေ့ရာကြီးကထူပါဘိသနဲ့။

စောစောက ငါ့ဖော်ပြတဲ့နည်းက အဲဒါတွေနဲ့ အတော်ခြားနားတယ်။

ကျွန်တော်တို့ လင်မယားတစ်စုံက ခင်မင်တဲ့မိတ်ဆွေတစ်စုကို ပထမဆုံး ရင်းနှီးစွာ ဖိတ်ခေါ် ကျွေးမွေးပါတယ်။ မိတ်ဆွေဖွဲ့ပါတယ်။ ဒါပဲ တော်ပြီ။

အဲဒါလောက်ဆိုရင် ဘယ်အချိန်က လင်မယားဖြစ်ကြတယ်ဆိုတဲ့ ကိစ္စ တွေဘာတွေကို ဘယ်သူကမှလည်း မေးနေဖို့မလိုတော့ဘူး။ ပြောပြနေဖို့ လည်းမလိုဘူး။ ဒါဟာ လူတစ်ဦးတစ်ယောက်ရဲ့ အတွင်းရေးပဲ မဟုတ်လား။

ဒီဟာကိုပဲ တိတိကျကျလိုက်မေးနေတယ်ဆိုရင် အဲ့ဒီမေးတဲ့လူထက် ရိုင်းတဲ့ လူဘယ်ရှိတော့မလဲ။

mgyoe.com

mgyoe.com

ပြီးတော့လည်းကွာ ဘယ်အချိန် လင်မယားဖြစ်ကြတယ်ဆိုတာ ဘယ်သူက ဆုံးဖြတ်ပေးလို့လဲ ဘေးက လူတွေက ဝိုင်းဝန်းအသိအမှတ်ပြုတဲ့ အချိန်ကို လင်မယားလို့ခေါ်သလား။ ဒါမှမဟုတ်ရင် ငါတို့တော့ ဒီအချိန်က စပြီး လင်မယားဖြစ်ကြပြီ လင်မယားအရာမြောက်ပြီလို့ ပိုင်းဖြတ်မိကြတဲ့ အချိန်မှာ လင်မယားဖြစ်ကြရောတဲ့လား။

ဘယ်ဒင်းကို လင်မယားအရာမြောက်တယ်လို့ ခေါ်မလဲ။

ဒါကိုပဲ တိတိကျကျလိုက်မေးနေကြရင် မင်းအတွက်တော့ မသိဘူး။ ငါတော့ ပြန်မပြောနိုင်တာအမှန်ပဲ။

တကယ်ဆိုတော့ကွာ ဒီယောကျ်ားကလေးနဲ့ မိန်းကလေးဟာ တကယ်တမ်းချစ်ခင်ကြင်နာပြီးတည်ကြည်တဲ့ စိတ်ထားနဲ့ ဘယ်တော့မှ မဖောက်ပြားရင် ပြီးတာပဲ၊ ဘယ်သူ့မှခေါ်ပြီး တိုင်တည်သက်သေထားနေစရာ မလိုပါဘူး။

ဒါလောက်မှ မယုံကြည်ရရင်လည်း ဘာလို့ တစ်ယောက်နဲ့တစ်ယောက် အိမ်ထောင်ပြုကြသေးသလဲ။

ငါပြောချင်တာတွေ ဒီလိုလျှောက်ရေးနေတာကို မင်းနဲ့ လူကြီးတွေ လူငယ်တွေ တချို့ကတော့ သဘောကျချင်မှ ကျမှာပေါ့လေ။ ဒါပေမဲ့ မင်းနဲ့ ငါ့အတွက်တော့ ဒီကိစ္စတွေဟာ ပြီးပြီးသားကိစ္စတွေပဲ၊ မလိုတော့ပါဘူး။ ဒီတော့ လိုမယ်ထင်တဲ့ကိစ္စတွေပဲ ရေးတော့မယ်ဟုတ်လား။

## အိမ်ထောင်ထိန်းသိမ်းခြင်း

ဇနီးချစ် ...

မင်း ... ဒီစာတွေကို ဖတ်နေရတာ ပျင်းမှာပဲနော် ဒါပေမယ့် ကြိုးစားပြီး ဆက်ဖတ်စမ်းပါဦးကွာ၊ ဒီစာတွေထဲမှာ မင်းနဲ့ငါရဲ့တစ်သက်လုံး တွေ့ကြုံဖြစ်ပျက်ကြရမယ့် အမှုတွေ ....

ဘဝခရီးရဲ့ခလုတ်ကန်သင်းတွေကို တတ်နိုင်သမျှရှောင်ကွင်းနိုင်အောင် ကောင်းနိုင်သမျှကောင်းအောင် ဖန်တီးနိုင်ဖို့အတွက် ငါဉာဏ်မီသလောက် စိတ်ကူးကြံဆထားချက်တွေ အပြည့်ပါပါတယ်။

အဲဒါတွေကို မင်းတွေ့ရှိ သဘောကျမယ်လို့လည်း မျှော်လင့်တာပဲကွဲ့။

mgyoe.com

mgyoe.com

တကယ်တော့ ဒါတွေဟာ မင်းတစ်ယောက်တည်းမဟုတ်ဘူး၊ တို့ဗမာမိန်းကလေးတိုင်း သိနားလည်သင့်ကြပြီလို့ ထင်တာပဲ။

အဲဒါဟာ ဘာလဲ ...

အိမ်ထောင်ထိန်းသိမ်းမှုပေါ့ကွဲ့ ...

အိမ်ထောင်ထိန်းသိမ်းမှုဆိုတာ မိဘအရိပ်ကို မှီခိုပြီးနေကြရတဲ့ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ် အပျိုကလေးမဖြစ်တဖြစ်ကစပြီး အပျိုကြီး ဖားဖားဖြစ်သည်အထိပဲနေနေ...

ဒါမှမဟုတ် ကိုယ့်သဘောအလျောက် ချစ်သူရဲ့နောက်ကောက်ကောက်ပါအောင်ပဲလိုက်လိုက်၊ မိဘက ပေးစားလို့ ဘုမသိ၊ ဘမသိ ဟိုလူကြီးနဲ့ပဲ ညားရညားရ။

လင်ရယ်၊ မယားရယ်ဖြစ်လာကြပြီး ကိုယ့်အိုးကိုယ့်အိမ်နဲ့နေလာကြရာက သေကြရတဲ့အချိန်အထိ အိမ်တွင်းမှာ ဖြစ်ပေါ်လာတဲ့ကိစ္စအဝဝကို ဦးစီးခေါင်းဆောင်ပြီး နိုင်နိုင်နင်းနင်းလုပ်ကြရမယ့် မိန်းမတွေရဲ့အလုပ်၊ မိန်းမတွေရဲ့ တာဝန်ကိုခေါ်တာပဲကွ။

တချို့ကပြောကြလိမ့်မယ်။ ဒါကလေးများ အလုပ်ကြီးတစ်ခုလုပ်ပြီး ကြီးကြီးကျယ်ကျယ် "ရှောမွေး" ကို "ဗာရာဏသီ" ချဲ့နေရသေးတယ်တော်။

ကိုယ့်အိမ်ကို သိမ်းရဆည်းရ ချက်ရပြုတ်ရတာပဲ၊ သူ့အရွယ်ရောက်လာရင် သူ့ဟာသူ အလိုအလျောက် ဖြစ်လာတတ်ကြတာချည်းပေါ့လို့။

အဲ ...ပြောတော့ အလွယ်သားဟေ့ လက်တွေ့ဆိုတော့ မင်းတောင်အခု အတော်ဝန်လေးမှန်း သိလာပြီမဟုတ်လား။ တကယ်တမ်းကျတော့ မင်းလည်း ဘာမှမတတ်သေးဘူး။

စင်စစ်တော့ ဒါတွေဟာ အပျိုစင်ဘဝကတည်းက မိန်းကလေးတိုင်း မိန်းကလေးတိုင်း ကျွမ်းကျွမ်းကျင်ကျင်နဲ့ သိနားလည်သင့်ကြတဲ့ အရာတွေပေါ့ကွ။ ဒါပေမဲ့ကွာ တို့ဗမာပြည်ဟာ သိပ်ပြီးတော့ မတိုးတက်သေးတော့ အိမ်ထောင်ထိန်းသိမ်းမှု အတတ်သင်ကျောင်းတွေ ဘာတွေမှမရှိဘဲ မင်းကိုလည်း အပြစ်ဆိုစရာမရှိဘူးပေါ့လေ။

အို ... မင်းသာပြောနေတာ ဒီပြင်လူတွေလည်း မင်းလိုလိုချည်းပဲ၊ မိန်းမတွေက မတတ်လို့ ယောက်ျားတွေကတတ်အောင် သင်ကြားပြသပြောပြ

mgyoe.com

mgyoe.com
နိုင်သလားဆိုတော့ ဘယ်သူမှ မပြောနိုင်ကြဘူး။ ဒီအထဲမှာ ငါလည်းပါတာပဲ။

ဒါပေမဲ့ကွာ ငါ့စိတ်ထဲမှာ ဟုတ်လိုဟုတ်ငြားတွေ တွေးတောပြီးတော့ မင်းအပေါ်မှာ တတ်နိုင်သမျှ ဖြီးပြရမယ်ဆိုရင် အဟမ်း ... အဟမ်း ...

အိမ်ထောင်ထိန်းသိမ်းမှုဆိုတဲ့ အထဲမှာ ဘာတွေပါလဲဆိုတော့ မရယ်ပါနဲ့ကွ အသာနားထောင်နေစမ်းပါ။

၁။ မီးဖိုချောင်စခန်း။

၂။ ကိုယ်လက် ကျန်းမာမှုနှင့် ကလေးမွေးမြူထိန်းသိမ်းရေး။

၃။ ပေါင်းသင်းဆက်ဆံရေး။

၄။ ဝင်ငွေထွက်ငွေနှင့် စီးပွားရေး။

၅။ အထွေထွေစီမံအုပ်ချုပ်မှုနှင့် အကြံဉာဏ်ပေးရေးရယ်လို့ ငါးမျိုးထားကြည့်တယ်ကွဲ့။

ဒါဟာ ငါ့သဘောနဲ့ ငါခွဲထားတာနော်။ ငါ့ထက်နားလည်တဲ့လူတွေက ဆယ်မျိုးခွဲလည်းဖြစ်တာပဲ၊ နှစ်မျိုးလောက် ခွဲထားလည်းဖြစ်တာပဲ။ ဘယ်သူကမှတော့ အိမ်ထောင်ထိန်းသိမ်းမှုမှာ ငါးမျိုးရှိရမယ်လို့ ဆယ်မျိုးရှိရမယ်လို့ မူသေ ကန့်သတ်ပေးထားတာမဟုတ်ဘူး။

ဘယ်ဘုရားကမှလည်း ကန့်သတ်ပေးထားတာမရှိ အဲ ... အဲ ဘွာဟော့ ဘွာဘွာ ... တို့ဗမာတွေ အများဆုံး ကိုးကွယ်ကြတဲ့ ဗုဒ္ဓဆိုတဲ့ ရှင်တော်ဂေါတမ

အို ... အို ခရိုက်(စ်)ရဲ့ ပညတ်တော်တွေထဲမှာလည်း

ဟာ ဘယ်ကမလဲ တမန်တော် မိုဟာမက် တို့ကပါ ဖော်ပြသွားကြသဟေ့။

ဒီအထဲမှာ ခရိုက်(စ်)ဆိုတော့ မိန်းမတွေဟာ လင်သားအပေါ်မှာ သစ္စာရှိကြရမယ် ဆိုတာတွေလောက်ပါပဲ။ အဲ တမန်တော် မိုဟာမက်နဲ့ ဂေါတမဗုဒ္ဓရဲ့ ကန့်သတ်ချက်တွေကတော့ ခပ်ဆင်ဆင်ပဲကွဲ့။

ဒါထက် တမန်တော် မိုဟာမက်က မိန်းမတွေထက် မိန်းမတွေနဲ့ ဆက်ဆံတဲ့နေရာမှာ ယောကျ်ားတွေက ဘယ်လိုဆက်ဆံရမယ် ဘယ်လိုသန့်ရှင်းစင်ကြယ်စွာ နေကြရမယ်ဆိုတာတွေကို ဟောသွားတော့ ...
mgyoe.com

mgyoe.com

အဲဒီလိုသန့်ရှင်းစင်ကြယ်စွာ နေဖို့၊ စားဖို့၊ အိပ်ဖို့အတွက် ယောကျ်ားတွေက မိန်းမတွေကို တမန်တော်ရဲ့ မိန့်မြွက်ချက် ညီညွတ်အောင် ဩဇာပေးလာကြတာပေါ့ကွယ်။

တို့ဗမာတွေအများဆုံး ကိုးကွယ်ကြတဲ့ ဂေါတမဗုဒ္ဓကလည်း အမှန်တော့ ယောကျ်ားဖြစ်တဲ့လူကိုပဲ ပြောဟောပညတ်သွားတာပဲကွဲ့၊ ဒါပေမဲ့ မိန်းမတွေက ဘယ်လိုအိမ်မှုဝတ္တရားကို ဆောင်ရွက်ကြရမယ်ဆိုတာပါတယ်။

"သိင်္ဂါလ" သတို့သားကို အကြောင်းပြုပြီးဟောကြားသွားတယ်လို့ အဆိုရှိတာပဲ။

အဲဒီ "သိင်္ဂါလ" သုတ်ထဲကပဲလား၊ဒါမှ မဟုတ်ရင် တစ်ခြား ဘုရားဟောကျမ်းစာ တစ်ခုခုတည်းကပဲလားဆိုတာတော့ မမှတ်မိတော့ဘူး။ ဗမာဘုန်းတော်ကြီးတစ်ပါးက လင်္ကာစီကုံးသွားတာကို ဖော်ပြရမယ်ဆိုရင်...

"အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊

မိတ္တာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊

ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ" တဲ့။

အဲဒီတော့ တို့လူမျိုးတွေကိုးကွယ်ကြတဲ့ 'ရှင်တော်ဘုရား'ကလည်း ငါးမျိုးပဲ ကန့်သတ် ဖော်ပြသွားတာပဲ။

ဒါပေမဲ့ အခုငါဖော်ပြမယ့်ဟာနဲ့တော့ မတူဘူးပေါ့ကွာ ... ငါကလည်း ဉာဏ်မီသလောက်နဲ့ "ဖြီး" ပြရမှာကိုးကွ။

ကဲ ... ဒါတွေထားလိုက်တော့ ငါသိတာပဲ ငါပြောမယ်။

**မီးဖိုချောင်စခန်း။**

စောစောက ငါဖော်ပြခဲ့တဲ့ အကြောင်းအရာ ငါးမျိုးထဲမှာ ပထမဆုံး အမှတ် ၁ ဖြစ်တဲ့ "မီးဖိုချောင်စခန်း" ဆိုတာကို စပြောမယ်ကွဲ့။

ဟေ့ ... မင်းအခုတော့ ဒီစာတွေကို ဖတ်ပြီး စိတ်ရှုပ်နေမလား မသိဘူး။ ဒါပေမဲ့ တဖြည်းဖြည်းတော့ ပျင်းလာစေရမပေါ့ကွာ။ အဲလေ စိတ်ဝင်စားလာတန်ကောင်းပါရဲ့ စိတ်မဝင်စားတောင် ငါ့ယောကျ်ား ဘယ်လောက် အကျိုးနဲ့ အကြောင်းနဲ့ "ဖိန်း" ပြတယ်ဆိုတာ သိရအောင် ဆက်ဖတ်ပေါ့ကွ။

မီးဖိုချောင်စခန်းဆိုတော့ ...

mgyoe.com

မီးဖိုချောင်ဆိုတဲ့စကားကို ပြောလိုက်တာနဲ့တစ်ပြိုင်နက် တို့ဗမာ "သာကီမျိုး" တွေရဲ့ မီးဖိုချောင်နဲ့ အသုံးအဆောင် အိုး ... ခွက်၊ ထားပုံ သိုပုံတွေကို မျက်စိထဲ သွား ... သွားမြင်တယ်ကွဲ့။

တို့ဗမာလူမျိုးတွေရဲ့ အထားအသိုလို့ပြောလိုက်လို့ ... ငါဟာ ဗမာလုပ် တာကိုတော့ တစ်ခုမှအကောင်းမထင်ဘဲ ဒီ့ပြင်လူမျိုးတွေလုပ်တာကို အကောင်းထင်လို့ပြောတာ မဟုတ်ဘူးကွဲ့။ အမှန်မှာတော့ တို့တစ်တွေရဲ့ တို့ဗမာတွေရဲ့ ဘိုးဘေးဘီဘင်ဖြစ်တဲ့ "မူလွတ်က" ကုလားကြီးတွေရဲ့ မီးဖို ချောင် တရုတ်တွေရဲ့ မီးဖိုချောင် ... ဗမာတွေရဲ့ မီးဖိုချောင်တွေဟာ အတူတူနဲ့ အနူနူချည်းပါပဲ။

တူတူချင်းပေမယ့် ကုလားတို့ တရုတ်တို့ အတွက်တော့ ဘယ်လိုပဲ နေကြနေကြပေါ့ကွာ၊ ငါပြောချင်တာက ငါနဲ့ဆိုင်တဲ့ဗမာကိုသာပြောတာပဲ။

ဗမာကိုဘာပြောရမလဲဆိုရင် ဗမာဆိုတဲ့တို့လူမျိုးတွေဟာ အပျင်း အားကိုးတယ်။ အဲဒါကို ဘာမှ ငြင်းစရာမလိုဘူး။

အပျင်းအားကိုးကြလို့ မဟုတ်လား၊ မနက်ချက်တဲ့ဟင်းကို ညနေစာ အဖို့ပါ နက်ဖြန်အတွက်ပါ ချက်လေ့ရှိတာပေါ့။

အဲဒါဟာ တော်တော်ဆိုးတဲ့အလေ့အကျင့်ပဲ၊ ကျန်းမာမှုနဲ့နည်းနည်းမှ မညီညွှတ်နိုင်ဘူးကွဲ့။

မင်းတို့တစ်တွေက ဆင်ခြေပေးချင်ကြလိမ့်မယ်။

မအားလပ်လို့

ဒါမှမဟုတ်ရင် ချွေတာရေးစနစ်အရ အကုန်အကျသက်သာအောင် ဆိုတဲ့ ဆင်ခြေမျိုးပေါ့။

ဘယ်လိုပဲ ဆင်ခြေပေးကြပေမယ့် မအားလပ်လို့ဆိုတဲ့ စကားကတော့ အိမ်ထောင်ထိန်းသိမ်းမှု မကျွမ်းကျင်သေးလို့သာ ဖြစ်ရမယ်။ ချွေတာမှု ကြောင့်ဆိုတာလည်း အခု တစ်မတ်ငါးမူးပိုကုန်တာနဲ့ နောက်မကျန်းမာလို့ တစ်ဆယ်ဆယ့်ငါးကျပ် ကုန်သွားတာ ဘယ်ဒင်းအကုန်အကျ သက်သာ သလဲ။ စဉ်းစားကြည့်စမ်းပါ။

ကဲလေ ... အခု တစ်မတ်၊ ငါးမူး အကုန်ခံမလား၊ နောက်မကြာခင် ရှိစုမဲ့စု မရှောင်သာရင် အသက်ကိုပါ အကုန်အကျခံမလား ပြောစမ်းပါဦး။

mgyoe.com

mgyoe.com

အဲဒီလိုလည်း စဉ်းစားတတ်ပြီး စနစ်ကျတဲ့ ချွေတာရေးကိုလည်း နားလည်ထားရမယ်ဟုတ်လား။

ပြီးတော့ တို့ဗမာလူမျိုးတွေရဲ့ မီးဖိုချောင်ထဲကို ဝင်လိုက်ရင် မျက်စိလုံးလုံးမမြင်တဲ့ လူတစ်ယောက်ကို မပြောပြဘဲခေါ်သွား မီးဖိုချောင်မှန်း သိစေမယ်။

သိမှာပေါ့ကွ၊ တို့ဗမာလူမျိုးတွေရဲ့ မီးဖိုချောင်ထဲကို ဝင်လိုက်ပြီဆိုမှ ဖြင့် ချဉ်စော်၊ သိုးစော်၊ ဟင်းနံ့၊ ထမင်းနံ့တွေကိုက တစ်ခါတည်း နှာဝကို ဆီးပြီး နှုတ်ဆက်ကြတာပဲ။

အဲဒီလို နံတော့ ဘာဖြစ်သလဲ ...

အစာကို ရှာဖွေကြတဲ့ကြွက်နဲ့တကွ တခြားတိရစ္ဆာန်၊ ပိုးမွှားတွေ အများအပြားဟာ သွားကြ၊ လာကြ၊ အိုးတွေ ခွက်တွေပေါ်ကို တက်ကြ၊ ဆင်းကြ၊ လှန်ကြ၊ လှောကြနဲ့ ဒီတိရစ္ဆာန်တွေ 'ကိုယ်' မှာပါလာကြတဲ့၊ မျက်စိနဲ့မြင်နိုင်တဲ့ ပိုးမွှားကစပြီး မျက်စိနဲ့မမြင်နိုင်တဲ့ ပိုးမွှားတွေ သိန်းပေါင်းများစွာဟာ အိုးခွက်နဲ့ စားစရာ၊ သောက်စရာတွေထဲမှာ ကျန်နေရစ်ခဲ့ကြတယ်။

နောက်ဒီပိုးတွေကို ရိုးရိုးရေအေးနဲ့ ဆေးကြော သုတ်သင်လို့ စင်မယ်များ ထင်သလား။ ဘယ်တော့မှ မစင်ဘူး။ မစင်တော့ လူတွေမှာ ဥပါဒ်ဖြစ်ရောဂါတွေရကြတာပဲ။ ဒီတော့ မင်းက မေးစရာရှိတယ် တော် ပြောတဲ့အတိုင်းသာဆိုရင် လူအကုန်လုံးပဲ သေကုန်ကြရတော့မှာလားလို့။

ငါ့အဖြေကတော့ အဲဒီလိုနေကြထိုင်ကြတဲ့ လူတွေအကုန်လုံးပဲ ချက်ချင်း မသေတောင် တဖြည်းဖြည်း ရောဂါတွေရပြီး သေကုန်ကြရမှာပဲ ဒါကြောင့် တို့လူမျိုးတွေ အသက်တိုကုန်ကြတာပေါ့ကွဲ့။

မသေဘဲ 'ရှင်' ကျန်ရစ်ခဲ့ကြတဲ့ လူတွေလည်း သူတို့ကိုယ်တိုင်မှာ ရောဂါဝေဒနာရှိနေလေတော့ သူတို့မွေးတဲ့ ကလေးတွေဟာ မစွမ်းမသန်ဖြစ်လာကြရပြီး နောက်တစ်ဆင့် မစွမ်းသန်တဲ့လူက ထပ်မွေးလိုက်တော့ လူကောင်ငယ်ငယ် ပိန်ပိန်သေးသေးကလေးတွေဖြစ်လာကုန်ကြတာပေါ့ ဘယ်လောက်ကြောက်ဖို့ကောင်းတုံး။

တို့လူကြီးတွေက ပြောကြတယ်မှတ်လား၊ ဆုတ်ကပ်ကြီးမို့ အသက်

mgyoe.com

mgyoe.com

တိုလာတယ်။ ရောဂါတွေထူပြောလာတယ်။ ရောဂါအဆန်းတွေ ပေါ်လာတယ်တဲ့။

ငါ့သဘောကတော့ ဒီလိုမဟုတ်ဘူး။ လူတွေဟာ စဉ်းစားဆင်ခြင်လိုတဲ့စိတ်မရှိကြလို့ တချို့မစဉ်းစား မဆင်ခြင်မိကြဘူးကွဲ့၊ ဆင်ခြင်လိုတဲ့စိတ်ရှိလို့ ဆင်ခြင်စဉ်းစားကြပြီး ဆင်ခြင်မိကြတဲ့လူတွေလည်း မလိုက်နာကြဘူးကွဲ့။

ငါ့သဘောကတော့ ဆုတ်ကပ်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကျန်းမာအောင်နေရင် ကျန်းမာရမယ်။ အသက်ရှည်အောင်နေရင် အသက်ရှည်ရမယ်။ ဆုတ်ကပ် တက်ကပ်ဆိုတာ လူတွေအပေါ်မှာ အမှီပြုပြီးခေါ်တာပဲ။

လူတွေဟာ စည်းစနစ်ကျကျနဲ့ ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းမွေးမြူနေနိုင်ကြတဲ့ အချိုးအစားအတိုင်းဖြစ်ကတတ်ဆန်း အပျင်းအားကိုးနေကြတဲ့အချိန်ဟာ ဆုတ်ကပ်ပဲ။

မင်းက မေးချင်မေးမယ် ကျွန်မတို့ ဘိုးဘေး ဘီဘင်တွေဟာ တော်တို့လိုပဲ ပေါက်ပေါက် ရှာရှာမတွေးပါဘူး။ အခုလိုပဲ နေကြ၊ ထိုင်ကြတာပဲ ဘာလို့ အသက်ရှည်ကြသေးသလဲ” လို့။

အဲဒီအချိန်တုန်းက ဗမာပြည်မှာ လူတွေလည်း အခုလောက်မများကြသေးဘူး။ လူတွေမများတော့ အပုပ်အစပ်၊ မကောင်းတဲ့အနံ့တွေ အရာဝတ္ထုတွေလည်း မများဘူး။ အိမ်ကြီး အကျယ်ကြီးတွေထဲမှာ အိမ်ထောင်မှုအသုံးအဆောင်တွေက အင်မတန်နည်းပြီး တစ်အိမ်လုံး ရှင်းရှင်းလင်းလင်းနဲ့ ကြွက်စတဲ့ ပိုးမွှားတိရစ္ဆာန်တွေကလည်း အခုလို မသောင်းကျန်းနိုင်ဘူး။ သောင်းကျန်းနိုင် တိုးပွားနိုင်လောက်အောင် အကာအကွယ်တွေ အမှောင်ရိပ်တွေမရခဲ့ဘူး။ အဲဒီတော့ အစစ သန့်ရှင်းပြီး ရောဂါလည်းနည်း အသက်လည်းရှည်ကြတာပေါ့။

အခုတော့ တို့ဗမာပြည်မှာ လူဦးရေကလည်းတိုး နေရထိုင်ရတဲ့ အိမ်ကလေးတွေကလည်း အရင်တုန်းက အိမ်တွေရဲ့ မီးဖိုချောင်ကလေးလောက်။

ဆောက်ထားတဲ့ အိမ်ပုံကလည်း ကျဉ်းရတဲ့အပေါ်မှာ တံခါးမရှိ၊ ပြတင်းပေါက်မရှိ၊ ခပ်မှောင်မှောင် ခပ်နိမ့်နိမ့်။

အဲဒီလိုအိမ်ကလေးထဲမှာ ဒီနားစား၊ ဟိုနားအိပ်၊ ဟိုဘက်ဆေးမှာချက်။
mgyoe.com

mgyoe.com

ဒီအထဲ ခပ်ပျင်းပျင်းနဲ့ဆိုတော့ မကောင်းတဲ့အညစ်အကြေးတွေကိုလည်း ဒီအိမ်အောက်၊ ဒီအိမ်ဘေးတွင် သွန်ပစ်ကြနဲ့ လေပြည်ကလေးများ ဆော်သွင်းလိုက်မှဖြင့် တသင်းသင်း ပုပ်ဟောင်တဲ့အနံ့ဆိုးတွေချည်း ခံနေကြရတော့ ရောဂါတွေ ထူပြောလာကြရတော့တာပေါ့။ ဒါပေမဲ့ သိပ်စိတ်ပျက်စရာမရှိပါဘူး။ တစ်ကမ္ဘာလုံးကလူတွေဟာ လွယ်လင့်တကူ ဝင်ထွက်သွားလာပြီး အမြဲတမ်းရောက်ရှိနေကြတော့ အတိုင်းတိုင်း အပြည်ပြည်တို့က ရောဂါအသစ်အဆန်းတွေလည်း တော်တော် လုံလုံလောက်လောက် လမ်းပေါက်ဝင်နိုင်ကြပြီမဟုတ်လား။

ကဲ ... ဒီတော့ ရောဂါတွေထူပြောတာ အသက်တိုကြတာတွေဟာ ဘယ်ဆုတ်ကပ်ကြောင့် တက်ကပ်ကြောင့် ဟုတ်တော့မလဲကွဲ့။ လူတွေကြောင့် မင်းတို့လို အိမ်ထောင်ရှင်တွေကြောင့်လို့ ဆိုရမှာပေါ့။

အဲဒီတော့ ရောဂါတွေ မထူပြောကြရအောင် အသက်မတိုကြရအောင် မင်းတို့က ဘာတွေလုပ်ကြရမလဲဆိုတော့ မီးဖိုချောင်ကစပြီး အဆင်အပြင် တစ်မျိုးပြောင်းကြရမယ်။

**စားဖို ဆောင် သန့်သန့်**

ဘယ်လိုပြောင်းရမလဲ ...

ပထမဆုံး မီးဖိုချောင်ထဲမှာ ဘယ်တော့မှ စိုမနေစေရဘူးကွဲ့။

စွတ်စိုထိုင်းမှိုင်းတဲ့နေရာဆိုတာ နံစေတတ်တယ်။ ပိုးကောင်မွှားကောင်များ ပေါက်ပွားစေတတ် ဖြစ်စေတတ် ပျော်စေတတ်တယ်ကွဲ့။ ပြီးတော့ စွတ်စိုခြင်းဟာ ယေကျုံတဲ့သဘောရှိလို့ ညစ်ပတ်လွယ် ညစ်ညမ်း လွယ်တယ်။

အဲဒါကြောင့် မီးဖိုကို အမြဲတမ်း ခြောက်သွေ့နေစေရမယ်။

အဲဒီလိုခြောက်သွေ့နေစေဖို့အတွက်။

၁။ ပန်းကန်၊ အိုးခွက် ဆေးကြောဖို့အင်တုံဖြစ်စေ၊ ဇလုံဖြစ်စေ၊ အတော်အသင့်ကြီးကြီးတစ်ခု။

၂။ ဆေးပြီးသား ရေဟောင်းနဲ့ အမှိုက်ထည့်ဖို့ သံပုံးကြီးတစ်ခု။

၃။ ရေနွေးကရားကြီးတစ်လုံး၊

၄။ လက်သုတ်ပဝါကြမ်းကြီး သုံးထည်ခန့်။

mgyoe.com

mgyoe.com


၅။ လက်သုတ်ပဝါအချော သုံးထည်ခန့်။
၆။ တံမြက်စည်းတစ်ခု။

အဲဒါတွေလိုလာတယ်ကွဲ့။ ဒီပစ္စည်းတွေကို မရှိရင်မပြီးတဲ့ အိမ်ထောင်မှုပစ္စည်းအဖြစ်နဲ့ အမှတ်ထားရမယ်။ တစ်စုံတစ်ခု ချက်ပြုတ်လို့ရှိရင် ဆေးကြောပြင်ဆင်ပြီး မကောင်းတဲ့အညစ်အကြေးနဲ့ ရေဟောင်းတွေကို သံပုံးထဲထည့်ထား၊ သံပုံးပြည့်ရင် အိမ်နဲ့ဝေးဝေးမှာ သင့်တော်တဲ့နေရာ သွားသွန်ပစ်။

အဲဒီလို သွားသွန်ပစ်ရတဲ့အတွက် လူပင်ပန်းပေမယ့်လို့ ပင်ပန်းရကျိုးနပ်လောက်အောင် ကျန်းမာသန်စွမ်းမှု၊ တိုးတက်လာမယ်မဟုတ်လား၊ ဒါကြောင့် ကောင်းတဲ့အလုပ်ဖြစ်လို့ ပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်သင့်တာပေါ့ကွဲ့။

ပြီးတော့ ချက်ပြုတ်ပြီးရင်လည်း အိုးခွက်အစ ပန်းကန်ပြား၊ ပန်းကန်လုံး၊ ဇွန်း၊ ယောက်မအထိ အင်တုံထဲမှာထည့်၊ ဆပ်ပြာကြမ်းနဲ့ တိုက်ချွတ်၊ ရေနွေးနဲ့ဆေး။

ပြီးရင် လက်သုတ်ပဝါကြမ်းကြီးနဲ့ ရေခြောက်အောင်သုတ်၊ ပန်းကန်တွေ ဇွန်းတွေကိုတော့ လက်သုတ်ပဝါအနုနဲ့ ထပ်ပြီးသုတ်။ တစ်နေရာရာမှာ တစ်ချပ်ချင်း မှောက်ပြီးတော့ ဖြစ်ဖြစ်၊ စင်ကလေးပေါ်မှာ ထောင်ပြီးတော့ဖြစ်ဖြစ် သပ်သပ်ရပ်ရပ်ထား။

ရေအင်တုံကိုလည်း ရေနွေးနဲ့ဆေးပစ်၊ လက်သုတ်ပဝါကြမ်းကြီးနဲ့ သုတ်မှောက်ထား။

သံပုံးကိုလည်း ရေနွေးနဲ့ဆေး ဝေးဝေးသွားသွန်ပစ်၊ ပြီးရင် မီးဖိုပေါ်မှာ ရေခြောက်အောင် တင်ထား၊ ရေခြောက်တော့ မီးဖိုပေါ်ကို အဝက မှောက်ပြီး မကောင်းတဲ့ အငွေ့အသက်တွေ ကုန်သွားအောင်ငါးမိနစ်၊ ဆယ်မိနစ်လောက်ထား။

ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ကိုလည်း သူ့အိုး သူ့ခွက်နဲ့ လုံလုံခြုံခြုံထားပေါ့၊ အဲ ကြက်သွန်ကိုတော့ လေဟာတဲ့ နေရာမှာထားရတယ်။ ဥပမာ ခြင်းကြားနဲ့ထည့်လို့ ဖြစ်ဖြစ်ပေါ့လေ။

အထူးသဖြင့် ငရုတ်ဆုံနဲ့ ငရုတ်ကျည်ပွေ့ဟာ တို့ဗမာတွေ အထားအသို အညစ်ပတ်ဆုံးပဲ၊ ဘယ်တော့မှ ရေဆေးခြင်းမရှိကြဘူး။ ရေဆေးလည်း ဝတ်ကျေ ဝတ်ကုန်ကွဲ့၊ အဲဒါတွေကိုလည်း စင်အောင်ဆေး လက်သုတ်ပဝါ

mgyoe.com

ကြမ်းနဲ့ခြောက်အောင်သုတ်ပြီးမှ ထားရမယ်။

အဲဒီအသုံးအဆောင်တွေကို သူ့နေရာနဲ့သူ ရှင်းရှင်းလင်းလင်းအံကျ ထားနိုင်တဲ့ စင်ကလေးတို့ ဒါထက်တတ်နိုင်ရင် အထဲမှာ စီထောင်ထားလို့ ရတဲ့ မှန်ဘီရိုနဲ့ ခြောက်ခြောက်သွေ့သွေ့ လှပအောင်လည်းထားနိုင်တယ်။

"ကဲ ... အဲဒီ မီးဖိုချောင်ကို မင်းမျက်စိကလေးမှိတ်ပြီး စိတ်ကူးနဲ့ပဲ ကြည့်လိုက်စမ်းပါဦး၊ ဘယ်လောက် သန့်ရှင်းသပ်ရပ်သလဲ"

မင်းတို့မှာ အလုပ်ကလေး နည်းနည်းပိုလုပ်ရလို့ ပင်ပန်းတာတော့ မှန်ပါရဲ့။ ကိုယ်လက်လှုပ်ရှားရမှုကြောင့် သွေးသားပိုပြီး စင်ကြယ်တာကို လည်း ထည့်တွက်ဦးမှပေါ့။

ပြီးတော့ အသုံးအဆောင်ပစ္စည်းတွေကလည်း မင်းတို့အခု လက်ရှိ မီးဖိုချောင်တွေထဲမှာ သုံးနေကြတဲ့ပစ္စည်းတွေထက် သိပ်ပြီးပိုထူးလာတာမှ မဟုတ်ပဲ။

ပြီးတော့ ထမင်း၊ ဟင်းတွေကိုလည်း ဘယ်တော့မှ ပိုရင် နှမြောမနေ ရဘူး။ ချန်မထားရဘူး။ သွန်ပစ်ပြီး ဆေးကြောသန့်သန့်ရှင်းရှင်းထားရမယ်။ စကတည်းက တိုင်းဆပြီး မပိုအောင်ချက်ပေါ့။

ထမင်းကြမ်းစားတဲ့ အလေ့ဟာ ဝမ်းကို ဥပဒ်ပေးစေတတ်တယ်။ ထမင်းကြမ်းကျန်နေရင် အချိန်မဟုတ်သေမယ့် စားတတ်ကြလို့ လူရဲ့ကျန်းမာမှု ကို ထိခိုက်စေတယ်။ အချိန်ကိုကန့်သတ်ခြင်း၊ ဆင်ခြင်တိုင်း ထွာတတ်ခြင်း၊ အောင့်အည်းမျိုသိပ်ခြင်းဆိုတဲ့ အကျင့်ကောင်းကလေးတွေကို ပျက်ပြားသွား စေတတ်တယ်။ ထမင်းကြမ်းမရှိရင် အချိန်မဟုတ်ဘဲနဲ့ မစားနိုင်ကြတော့ဘူး။ ဘယ်လောက်ကောင်းသလဲ။

ဒါလောက်ကလေး ပြုပြင်လိုက်တာဟာ နောက်တော့ ဘယ်အခြေ ထိအောင် အကျိုးထူးတရားတွေ ခံစားလာရမယ်ဆိုတာ မင်းအလိုလိုသိလာ မှာပါပဲကွာ။

ကဲ ... မီးဖိုချောင်မှာ ပြုပြင်စီမံဖို့ အကြောင်းတော့ အကြမ်းအားဖြင့် ပြီးသွားပြီ၊ ချက်ပြုတ်ဖို့ အကြောင်း ပြောတော့မယ်။

ချက်ဖို့ပြုတ်ဖို့ဆိုတော့ မင်းအတွက် စက္ကန့် 'ညွှန်' လက်တံပါတဲ့ "နာရီ" ကလေးတစ်လုံးရယ်။

mgyoe.com

mgyoe.com

ဖောင်တိန်တစ်ချောင်းနဲ့ စာရွက်အလွတ်၊ အောက်ခံပြားတစ်ခုရယ် ဒါမှမဟုတ်ရင် ခဲတံတစ်ချောင်း ကြိုးကလေးနဲ့ချည်ပြီး မီးဖိုထဲက တစ်နေရာရာမှာ စာရွက်လွတ်တွေကို အောက်ခံပြားနဲ့ရောပြီး ချိတ်ဆွဲထားရင်လည်း ပြီးတာပါပဲကွာ။ အော် ဒါထက် စက္ကူထူထုံးနဲ့ ဗလာစာအုပ်တစ်အုပ်လည်း သီးသန့်လိုသေးသကွဲ့။

ဒါတွေကိုတော့ မင်းကို ဝယ်ပေးဖြစ်အောင် ဝယ်ပေးထားမှဖြစ်မယ်။ ဝယ်ပေးဖို့ကတော့ ငါ့တာဝန်ပေါ့ကွာ၊ စည်းစနစ်ကျကျနဲ့ ချက်ဖို့ပြုတ်ဖို့က တော့ မင်းတာဝန်ပေါ့။

ဒီနေရာမှာ စကားစပ်မိလို့ နာရီအကြောင်းပြောရဦးမယ်။ ငါမင်းကို အရင်တုန်းက မကြာမကြာပြောဖူးတယ်မဟုတ်လား၊ လက်ပတ်နာရီ ကလေး တစ်လုံးတော့ ဝယ်ပေးရဦးမယ်လို့။

ပြီးတော့ ရွှေဆိုတာဟာ အလကားဟာ ဘာမှငါတို့အတွက် အသုံး မဝင်ဘူး၊ တန်ဖိုးမရှိဘူး၊ အဲဒါ ငါ့ထင်မြင်ချက်၊ ရွှေဆိုတဲ့ပစ္စည်းကို အလုပ် မရှိ၊ အကိုင်မရှိ ငြိမ်ငြိမ်ကလေးထိုင်နေကြတဲ့ ပိုပိုလျှံလျှံပစ္စည်းတွေရှိကြတဲ့ လူချမ်းသာတွေ အလှကြည့်နေဖို့ အပိုအသုံးအဆောင်အဖြစ်နဲ့သာ အသုံးပြုဖို့ သင့်တော်တယ်လို့ ငါပြောဖူးတယ်မဟုတ်လား။

မင်းစဉ်းစားကြည့်လေ ရွှေဆိုတဲ့ပစ္စည်းကို ရောင်းစားဖို့နဲ့ အလေးခံပြီး ကိုယ်ပေါ်မှာ တင်ထားတပ်ထားဖို့အပြင် ဘာအသုံးကျသေးသလဲ။

ရွှေဝယ်ပြီး စုမယ့်အတူတူ ဒီငွေတွေကို ရင်းနှီးထားရင် မတိုးပွားပါလား။ ပြီးတော့လည်း ဒီရွှေဟာ အဝတ်တန်ဆာလို အပူအအေးကိုလည်း မလုံခြုံ ဘူး၊ ကုန်ကုန်ပြောရမယ်ဆိုရင် စောင်တစ်ထည်လောက်တောင် လူ့အတွက် အကူအညီမရဘူး။

ဒီရွှေဝတ်မယ့်အစား နာရီကလေး တစ်လုံးလောက်ဖြစ်စေ တစ်ခြား အသုံးဝင်နိုင်တဲ့ ကိရိယာတန်ဆာပလာတစ်ခုခုကိုဖြစ်စေ ဝယ်ထားရင် မကောင်းဘူးလား။

ငါတော့ဟော့ ရွှေတို့၊ စိန်တို့ဝတ်လာတဲ့ မိန်းမတွေတွေ့ရင် ဘယ်လောက် ပညာတတ်ပါတယ်၊ ဘီအေ၊ အမ်အေအောင်ပါတယ်လို့ ပြောပြော ငါ့စိတ်ထဲ မှာတော့ ...

mgyoe.com

mgyoe.com

"အင်း အတော် စိတ်နေစိတ်ထား နုနယ်သေးပါကလား၊ အတော်ကြွားချင် ဝါချင်ရှိတတ်ပါကလား၊ သူတို့သင်ထားတဲ့ပညာနဲ့ ပညာ တစ်ခြား လူတစ်ခြားပါကလား၊ တကယ်ပင်ကို စိတ်ဓာတ်ရင့်သန်ပြီး အမှန်အမှား မခွဲတတ်ဘဲနဲ့ သူတို့သင်ထားတဲ့ ဘီအေ၊ အမ်အေဆိုတာတွေလည်း သူတို့ ဝတ်ထားတဲ့ရွှေတွေလို ဂုဏ်ရှိနိုင်မည့် တန်ဆာတစ်ခုအဖြစ်နဲ့သာ ဂုဏ်ယူဖို့ အသားယူဖို့ သင်ကြားတတ်မြောက်ထားခြင်း ဖြစ်တာပါကလားလို့" တွေးမိတာ အထင်သေးမိတာပဲကွ။

အဲ မဝတ်တိုင်းလည်း အထင်ကြီးရမယ် မဆိုလိုဘူးလေ။ မရှိလို့ မဝတ်ကြတာတွေလည်း ရှိချင်ရှိမှာပေါ့။ ငါဆိုလိုတာက တကယ့်အသိနဲ့ သိပြီး အလှအပတန်ဆာ အပိုအဖြစ်နဲ့ မမက်မောတဲ့အမျိုးသမီးတွေကိုတော့ အထင်ကြီးသင့်တယ်လို့ ဆိုချင်တာပဲ။

အဲ ... တချို့ ရှိကြလေသေးရဲ့။ လက်ပတ်နာရီစတဲ့ အသုံးအဆောင်မျိုးကို အလှအပတန်ဆာအဖြစ်နဲ့ ဝတ်ဆင်ကြတာလေ။

တို့တောက လူတွေရော မြို့ကလူတွေပါပေါ့ကွာ အသုံးဝင်တဲ့ အသုံးအဆောင် ကိရိယာတစ်ခုအဖြစ်နဲ့ မသုံးကြဘူး။ အလှအပဆင်မြန်းရန် တန်ဆာအဖြစ်နဲ့သာ အသုံးပြုနေကြတယ်။ အဲဒါလည်း မှားခြင်း တစ်မျိုးပဲ။

ကြည့်လေ နာရီအချိန်မမှန်၊ ဖြစ်ကတတ်ဆန်း၊ နာရီပတ်တဲ့ကြိုးကျတော့ နာရီဖိုးထက်ရှစ်ဆလောက်တန်တဲ့ရွှေကြိုး၊ ဒီနာရီကြီးပတ်ပြီး သူများက ဘယ်အချိန်လဲမေးမှ သော့မပေးမိလို့လေး ဘာလေး ဖြီးတတ်တာအပြင် တခြားဘယ်လိုမှ အသုံးမချတတ်ကြဘူးကွဲ့။

ငါမှတ်မိသေးတယ် တစ်ခါက မိန်းကလေးတစ်ယောက် လက်ပတ်နာရီဝတ်ချင်ပါတယ်လို့ ပူဆာတော့ သူ့အဖေက လက်ပတ်နာရီဘာလုပ်ဖို့လဲ လက်ကောက်ဝယ်ဝတ်ပါလားတဲ့။ လက်ကောက်က တစ်နေ့ရောင်းစားရင် အဖိုးပြန်ရတယ်။ နာရီဆိုရင် စက်ပျက်ဘာပျက်နဲ့ အလကား ရေထဲ လွှတ်ပစ်ရတာက ကောင်းသေးတယ်။ ဘယ်လိုမှ အသုံးမကျဘူးတဲ့။ ဒီစကားဟာ အမှန်ဆိုတော့ ပြောတဲ့လူရဲ့အဖို့ သိပ်မှန်မှာပဲကွဲ့။ သူက အချိန်ကို လေးစား အသုံးချတတ်တဲ့ လူမှ မဟုတ်ဘဲကိုး။

တချို့လူတွေဟာ အချိန်ဆိုတာ အသက်နဲ့ ဆက်ပြီးလဲယူနေရမှန်း

mgyoe.com

mgyee.com

သိလို့ ဘယ်လောက်အဖိုးတန်တယ်။ အသုံးဝင်တယ်ဆိုတာ သိကြတယ်။ သိသလောက်လည်း ဝေပုံချပြီး သူ့နေရာနဲ့သူ မလစ်ဟင်းရအောင် အသုံးချနေကြ။ ချတတ်ကြတယ်ကွဲ့။

သိပ္ပံပညာတွေဆိုရင်လည်း အချိန်နဲ့အကန့်အသတ် အတိုင်းအတာနဲ့ လုပ်ယူမှ ရရှိအောင်မြင်ကြတယ်။ ဒါကြောင့် စစ်တိုက်တဲ့စစ်ဗိုလ်တို့၊ ဆရာဝန်တို့၊ ဆရာမတို့ဆိုတဲ့လူတွေဆီမှာ အချိန်ကို သိရှိနိုင်ကြဖို့ အမြဲတမ်း နာရီရှိနေကြရတယ်ကွဲ့။

ဉာဏ်ပညာ ထက်မြက်ကြီးကျယ်တဲ့ ထူးထူးဆန်းဆန်းတွေကို အမြဲကြံစည်လုပ်ကိုင်ကြတဲ့ လောကဓာတ်ဆရာကြီးတွေအဖို့ဆိုရင် နာရီထက် အသုံးဝင်တဲ့ပစ္စည်းဟာ သူတို့မှာမရှိကြတော့သလောက်ပဲ၊ ဘာလို့လဲဆိုတော့ သူတို့ အလုပ်တွေဟာ အချိန်ကို တထိတ်ထိတ်နဲ့ စောင့်စား အသုံးချနေကြရတဲ့ အလုပ်တွေဖြစ်နေလို့ပဲကွဲ့။

ဒါတွေကို ငါဒါလောက်ပြောနေတာဟော့ ဗမာနာမည်ယူပြီး နာရီဆိုင်ဖွင့်နေတဲ့ ကုလားတွေကို ကြော်ငြာပေးနေတာမဟုတ်ဘူးကွ။

အသုံးဝင်တဲ့ပစ္စည်းတွေကို အသုံးချဖို့အတွက်သာ ရည်စူး သိမ်းဆည်းပြီး အမြဲတမ်းအသုံးချနေချင်တဲ့စိတ်တွေ ဝင်စားလာပါစေ။

ရွှေ စိန် စသည်တို့ကို လှစေ ကြွားစေနိုင်ဖို့အတွက် ပလ္လွားရန် အသုံးပစ္စည်းများအဖြစ်နဲ့

သိမ်ငယ် သေးနုပ်တဲ့ စိတ်ထားတွေမွေးပြီး မသုံးစွဲ၊ မဝတ်ဆင်ချင်ပါစေနဲ့ဆိုတဲ့ သဘောနဲ့ ဟိမဝန္တာ ချီးမွမ်းခန်းလို 'အသုံးဝင်ကိရိယာ' ချီးမွမ်းခန်းဖွင့်ပြလိုက်တာကွဲ့ နာရီချီးမွမ်းခန်းမဟုတ်ဘူး။ နာရီဆိုတာက 'အသုံးဝင်ကိရိယာ' တစ်ခုအနေနဲ့ ဥပမာအဖြစ် ကိရိယာတစ်ခု ထုတ်ပြလိုက်တာ။

ကဲကွာ ... ငါ့အကျင့်အတိုင်း တလွဲရှည်ထွက်လာပြန်ပြီ လိုရင်းကောက်ကြစို့ရဲ့၊ ငါကလည်း မင်းလိုတဲ့ အသုံးအဆောင်တွေ ဝယ်ပေးပြီးပြီဆိုပါတော့ မင်းအလုပ် လုပ်တတ်ဖို့ပဲလိုတော့တယ်။

ဘယ်လိုလုပ်ရမလဲ။ မီးဖိုချောင် စခန်းမှာ မီးဖိုချောင်အလုပ်တွေလုပ်ဖို့အတွက် နာရီရယ်၊ စက္ကူလွှတ်နဲ့ ခဲတံတတ်နိုင်ရင် ဖောင်တိန်ရယ် အဲဒါ

mgyee.com

mgyoe.com

တွေဟာ အရေးကြီးတဲ့ပစ္စည်းတွေ အဖြစ်နဲ့လိုလာတယ်။

မင်းကတော့ ခွက်ထိုးခွက်လန်ရယ်တော့မှာပဲ ပြီးတော့ နဂိုကလည်း နှုတ်သီးကောင်းကောင်းနဲ့ဆိုတော့။

ဒါတွေမပါဘဲနဲ့ကော ချက်စားလို့မဖြစ်ဘူးလား၊ တစ်သက်လုံး ဒါတွေ မပါဘဲနဲ့ပဲ ချက်ပြုတ်စားသောက် လာကြပြီး တော်တို့ ကျုပ်တို့ ကြီးပြင်း လာကြရတယ် မဟုတ်လား။ တော့်လိုဆိုရင် နာရီမဝယ်နိုင်တဲ့ လူတွေ ထမင်း ချက်မစားရတော့ဘူးလားလို့ နှုတ်ခမ်းတလန် ပန်းတလန်နဲ့ မေးချင်နေမှာပဲ ဟုတ်တယ်မဟုတ်လား အမိရဲ့။

အဲ ငါ့အဖြေကတော့ ဒါတွေကို ဂရုမစိုက်လို့ လူတွေတဖြည်းဖြည်း အသက်တိုတယ်၊ ရောဂါရတယ်၊ ဉာဏ်ထိုင်းတယ်၊ သတ္တိကြောင်တယ်၊ စိတ်တိုတယ်၊ အကျင့်ပျက်တယ်၊ လူနေမှုစနစ်ဟာလည်း မတိုးတက်ဘူး ရပ်နေတယ်။

အားလုံးတိုးတက်နေကြတဲ့အထဲမှာ ရပ်နေတယ်ဆိုတာဟာ ဆုတ် ယုတ်ခြင်းပဲကွ၊ ဒီတော့ နောက်ဆုံးမှာ ဆုတ်ကပ်ကြီးဘကြီးနဲ့ ကိုယ့်စိတ်ကို ကိုယ်ဖြေကုန်ကြတော့တာပေါ့ကွာ။ ကိုယ်မကြိုးစားခဲ့တာ ဖွဲမရှိတာတွေကို ဆုတ်ကပ်ကြီးနဲ့ပုံပြီး ဆုတ်ကပ်ကြီးကြောင့် ဒီလို ဖြစ်ရပါတယ်လို့ ဆုတ်ကပ် လွှဲချလိုက်ကြတာပဲ။

ဗုဒ္ဓအယူ ယူကြပါတယ်ဆိုပြီး ဗုဒ္ဓသဘောနဲ့ဆန့်ကျင်ပြီး ယုံကြည် နေကြတဲ့ လူအချို့တွေရဲ့ ဖြေဆေးပေါ့လကွဲ့။

မင်းကတော့ ထပ်ရယ်ဦးမှာပါပဲ။ စင်စစ်တော့ရယ်စရာမဟုတ်ဘူးကွ။

သတ္တဝါအချို့ရဲ့ဆရာတစ်ဆူဖြစ်သွားခဲ့ဖူးတဲ့ ဂေါတမဗုဒ္ဓဆိုတဲ့ ပညာရှင်ကြီးက သတ္တဝါတွေကို ဒါမှ မဟုတ်ရင် သက်ရှိ'ရုပ်'တွေကို ပြုပြင် ဖန်တီးတဲ့ကိစ္စမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရား လေးပါး ကြောင့်လို့ သင်ပြခဲ့ဖူးတယ်မဟုတ်လား။

လက်သန်း အဋ္ဌကထာထဲမှာ ထင်ပါရဲ့ကွာ၊ ပါတော့ပါတာပဲ။

ကမ္မံစိတ္တံဥတုအဟာရော စေတိစတ္တာရိ ရူပသမုဋ္ဌာနာ နိနာမ တဲ့။

ဒါကို သူတို့နိဿယဆရာတွေက ကမ္မဇ၊ ကာမကုသိုလ်၊ အကုသိုလ်၊ ရူပကုသိုလ်ကံ ၂၅ ခု လည်းကောင်း၊ စိတ္တဇ အရူပ ဝိပါက် ၄ ခု၊ ဒွေပဥ္စဝိညာဉ်

mgyoe.com

mgyee.com

၁၀၊ ရဟန္တာတို့၏ စုတိစိတ်သည်ကြဉ်အပ်သော ၇၅ပါးသောစိတ်လည်းကောင်း ဥတုစ၊ ဥတုလည်းကောင်း၊ အာဟာရောစ အာဟာရလည်းကောင်း ဣတိ၊ ဤသို့၊ စတ္တာရိ ၄ ပါးကုန်သော အကြောင်းတို့သည် ရူပသမုဋ္ဌာနာမိနာမရုပ်ကိုဖြစ်စေတတ်သော အကြောင်းမည်ကုန်၏တဲ့။

အဲဒါ နိဿယဆရာတွေရဲ့ မြန်မာပြန်ချက်ပဲ၊ ငါတော့ ဒီလိုမကြိုက်ဘူး ငါကတော့ တည့်တည့် ရိုးရိုး တဲ့တိုးကြီးပဲ လုပ်တတ်တယ်။ အော် ... ခက်ပါဘိတော့ကွာ အကောင်းပြောနေတာပါ ... ဒီမှာကြည့်။

အဟမ်း ... ဟမ်း ... ဟမ်း။

ကမ္မဥ္စပြုလုပ်ခြင်းအမှုသည် ၎င်းစိတ္တဥ္စ အာရုံကိုတွေးကြံတောင့်တ ခြင်းအမှုသည်လည်းကောင်း၊ ဥတုစ ပူခြင်းအေးခြင်းအမှုသည်လည်းကောင်း၊ အာဟာရော စ စားဖွယ် အစာသည်လည်းကောင်း၊ ဣတိ၊ ဤသို့ စတ္တာရိ ၄ ပါးကုန်သော အကြောင်းတို့သည် ရူပသမုဋ္ဌာနာမိနာမရုပ်ကို ဖြစ်စေတတ်သော အကြောင်းတို့မည်ကုန်၏တဲ့။

ဘယ့်နှယ်လဲကွ အပိုမပါဘဲ တဲ့တဲ့ရှင်းရှင်းကြီးဖြစ်မသွားဘူးလား။ တတ်နိုင်ဘူးဟေ့ တောင်သူလယ်သမား ရိုးသားတဲ့ဗမာကြီးတွေအပေါ်မှာ ရွာစဉ်လှည့်ပြီးလည်စားနေရတဲ့ လူဆိုတော့ ဒီလိုတွေ့ကရာလေးတွေ ပါးစပ်က ရွတ်လိုက်တယ်ဆိုရင်ပဲ ခေါင်းရင်းခန်းမှာ ဖျာကြမ်းကလေးခင်းပေးပြီး လက်ဖက်ရည်ကြမ်းအိုးနဲ့ ထန်းလျက်ခဲနဲ့ ဆရာလေးခေါင်းရင်းကြွပါလို့ အဖိတ်ခေါ်ခံရတာနဲ့ လုပ်နေရတာပဲ။

ကဲ ... ထားပါတော့ကွာ အဲဒီကံစိတ်၊ ဥတုအာဟာရဆိုတဲ့ အကြောင်းတရားတွေကို ဗမာလိုရှင်းရမယ်ဆိုရင် ...

ကမ် ဆိုတာက ကမ္မသဒ္ဒါအမှုကိုဆိုတယ်။ ကမ္မကနေပြီးတော့မှ ဗမာအခေါ်မရှိတော့ ပါဠိလိုကမ္မကို မ,ချေပြီးကမ်လို့ခေါ်လိုက်တာ အဲဒီ ကမ်ဆိုတဲ့ မ သတ်ကိုလဲ သဒ္ဒါနည်းအရ နိဂ္ဂဟိတ်ပြုပစ်လိုက်ပြီး၊ နိဂ္ဂဟိတ်ဆိုတာ သေးသေးတင်ကိုပြောတာ အဲဒီ သေးသေးတင် လုပ်လိုက်ပြီး ကံလို့ ခေါ်ကြတာပဲ။

အဲဒါနဲ့ ပါဠိ ကမ္မ က ဗမာလို ကံဆိုတဲ့စကားဖြစ်လာကြတယ်။ တချို့က ကံကိုမျက်စိနဲ့မမြင်ရဘဲ ကောင်းကျိုး၊ ဆိုးကျိုးကိုဖြစ်ပွားစေနိုင်တဲ့ အရာလို့

mgyoe.com

အယူသီးနေကြသကွဲ့။

မိဘမျိုးရိုးနဲ့ ဇာတ်ကိုဖျက်ပြီး အယူသီးမှု အနှောင်အဖွဲ့က လွတ်လပ်လာတဲ့ဂေါတမဗုဒ္ဓရဲ့အယူအဆတွေထဲမှာ ဇာတ်ရှိနေကြသေးတဲ့ ဟိန္ဒူ အယူအဆတွေရောယှက်ပြီး အဓိပ္ပာယ်ကမောက်ကမ ဖြစ်ကုန်တာပေါ့ လကွာ။

ဒါကြောင့် 'ကံ'ဆိုတာ သတ္တဝါတွေ ပြုလုပ်ခြင်းကို အမှီပြုပြီး ပေါ်ပေါက်လာရတဲ့ အကျိုးနဲ့ အပြစ်ကိုဆိုလိုတယ်၊ တိုတိုပြောရင် အလုပ်ပေါ့ 'ကံ' အလုပ်။

စိတ် ... စိတ်ဆိုတာက သတ္တဝါတွေရဲ့ ရုပ်ဓာတ်ကြီးကြောင့် ရုပ်ဓာတ်ကြီးရဲ့ သက်သာတည်တံ့မှုကို လိုလားတောင့်တစွာ ပေါ်ပေါက် လာရတဲ့ ရုပ်တွေရဲ့အရှိန်တန်ခိုး။

အဲဒီအရှိန်တန်ခိုးဟာ ခပ်ကျဉ်းကျဉ်းပြောရရင် အထူးထူးအပြားပြား ရှိတဲ့ အာရုံတွေကို သူ့ရုပ်အကောင်အထည်ကြီး ခံစားဖို့အတွက်သိတယ်၊ ကြံတယ်၊ ရှာဖွေတယ်၊ စူးစမ်းတတ်တယ်လို့ဆိုရမယ်။

ပါဠိလို စိတ္တသဒ္ဒါက တ ကို ချေပစ်လိုက်ပြီး ဗမာလိုစိတ်လို့ ခေါ်ပစ်လိုက်ကြတာပဲ။ စိတ်ဆိုတာဟာ ဗမာလိုဘာအဓိပ္ပာယ်မှမရှိဘူး၊ ကံဆိုတဲ့ စကားမှာ ဗမာအဓိပ္ပာယ် ဘယ်လိုမှမရှိသလိုပဲ။

အဲဒါကို သျှင်မဟာ ဗုဒ္ဓဃောသလို့ခေါ်တဲ့ ကုလားရဟန်းကြီးက 'အရမ္မဏံ .. စိန္တေတီတိ၊ စိတ္တံ" လို့ ပါဠိဘာသာနဲ့ ရှင်းပြသွားတယ်။

ဗမာလို တိုက်ရိုက်ပြန်ရမယ်ဆိုရင် ခံစားမှုကို ရှာကြံတတ်သောကြောင့် စိတ္တလို့ခေါ်ပါတယ်တဲ့။

ဒီနေရာမှာ ဘာကခံစားမှုကို ရှာကြံတတ်တာလဲ။ ဘယ်သူ့အတွက် ခံစားမှုတွေကို ရှာကြံနေတာလဲလို့ မေးကြည့်စမ်း။

ရုပ်က သူ့ရုပ်ကောင်ကြီးအတွက် ခံစားမှုတွေကို ရှာကြံနေတာပဲလို့ ဖြေရမှာပဲ။

စိတ်ဆိုတာ ရုပ်နဲ့သီးခြားရှိတယ်လို့ မယူဆရဘူး။ ရုပ်နဲ့တွဲလျက်ရှိတယ်လို့သာ ယူဆရမယ်။ ဒါပေမဲ့ တချို့ရုပ်တွေကတော့ အသိရှိချင်မှရှိမယ်။ ခံစားမှုကို ရှာကြံနိုင်ချင်မှ ရှာကြံနိုင်လိမ့်မယ်။

အဲဒီလို သူ့ရုပ်ကောင်ကြီးအတွက် ခံစားမှု မရှာကြံတတ်တဲ့ရုပ်မျိုးကို

mgyoe.com

mgyoe.com

မင်းတို့နားလည်အောင် ပြောရရင်စိတ်မရှိတဲ့ရုပ်ပေါ့ကွာ။ သူဟာ စိတ်နဲ့ ကင်းပြီး ဖြစ်ပေါ်နေတဲ့ရုပ်ပေါ့။

ခံစားမှုဆိုတာက အကောင်အထည်မရှိဘဲ ခံစားလို့မရဘူး။ အကောင်အထည်ရုပ်ကြီးရှိမှ ခံစားလို့ရတယ်။

မင်းတို့နားလည်အောင်ပြောရရင် စိတ်ဆိုတာရုပ်မရှိဘဲ ရုပ်နဲ့ကင်းကွာပြီး မရှိနိုင်ဘူးလို့ ဆိုချင်တာပဲ။

အဲ တချို့ ဗုဒ္ဓအဘိဓမ္မာဆရာ အမည်ခံတဲ့ ပုဂ္ဂိုလ်တွေက အာကာသာနဉ္စာ ယတနဘုံ၊ ဝိညာနဉ္စာယတနဘုံ အာကိစ္စညာ ယတနဘုံ၊ နေဝသညာ နာသညာယတနဘုံတွေကို ဘယ်သွားထားမလဲ။ ရုပ်မရှိဘဲ နာမ်ချည်းရှိတယ်မဟုတ်လား။ နောက်ပြီး အသညသတ်ဘုံကျတော့ နာမ်မရှိဘဲ ရုပ်ချည်းရှိတယ်မဟုတ်လားနဲ့ မေးကောင်းမေးကြလိမ့်မယ်။

ငါတော့ယော့ ဒီလို ဟိန္ဒူယောဂီကျမ်းတွေ ရောယှက်နေတဲ့စကားတွေကို မယုံဘူးကွ၊ တချို့ကပြောမယ်၊ အဘိဓမ္မာတရားတော်တွေထဲမှာ ဗုဒ္ဓက ဟောသွားတယ်လို့။

အဘိဓမ္မာတရားကို ဗုဒ္ဓဟောတယ်လို့ ယုံကြည်လောက်တဲ့ အထောက်အထား ငါမတွေ့ဘူး။

ဝိသုဒ္ဓိမဂ် ဆိုကြပါစို့ကွာ၊ ဒ္ဓျင်မဟာဗုဒ္ဓဃောသရေးတာပါပဲ၊ အဲဒီကျမ်းဟာ ဗုဒ္ဓအလိုတော်နဲ့ ကိုက်ညီအောင်ရေးပါတယ်ဆိုပေမယ့် ဗုဒ္ဓ မပေါ်မီနှစ်ပေါင်းများစွာက တည်ရှိခဲ့ဖူးတဲ့ 'ဆန်ဆခရစ်'ကျမ်း ဥပနိသဿယနဲ့ အချို့ယောဂီကျမ်းတွေရဲ့ တစ်စိတ်တစ်ဒေသသာ ဖြစ်တယ်လို့ သိရဖူးတယ်ကွဲ့။

ပြီးတော့ တို့သိတဲ့ဗုဒ္ဓက ပြတ်တယ်။ စကားတွေကို ဘယ်တော့မှ အကျယ်မချဲ့ဘူး။ တန်ဆာမဆင်ဘူး။ သူ့ရဲဟန်းတွေကိုတောင် ဆန်းတွေလင်္ကာတွေ လုပ်နေရင် အာပတ်သင့်စေတဲ့။ သူ့တရားကို တကယ်ယုံသလား တကယ်ယုံရင်တကယ်အခုလုပ် အခုတကယ်ငြိမ်းချမ်းမယ် လာလှည့်ရှုလှည့်လို့ တိုက်ရိုက်ဖိတ်ခေါ်ထားတယ်။

အဝတ်အတွက် ပံသုကူကောက် ပံသုကူဆိုတာ စွန့်ပစ်ထားတာတွေ ရှာယူ၊ စပ်ဟပ်ချုပ်ဖာ သစ်ခေါက်ဆိုးပြီးဝတ် အစားအတွက် ခွက်တစ်ခုလက်ဆွဲ တစ်နေ့တစ်ကြိမ်သာတောင်း၊ နေဖို့အတွက် အရိပ်ခိုနိုင်တဲ့နေရာ

mgyoe.com

mgyoe.com

မှန်သမျှနေ၊ စွဲလမ်းမှု၊ တွယ်တာမှု၊ လိုချင်မှုတွေအားလုံးဖြတ်၊ သာယာမှုတွေတစ်ခုမှလက်မခံနဲ့ ဒီနေ့မင်းလုပ် ဒီနေ့မင်းငြိမ်းချမ်းပြီ သေသည်အထိ မင်းဒီအတိုင်းနေ ဒီအတိုင်းငြိမ်းချမ်းပြီး ရှေ့ဘဝတွေ နောက်ဘဝတွေ ဘာမှတွေးမနေနဲ့ လိုချင်မနေနဲ့ ပူမနေနဲ့ အဲဒါ ငါသိတဲ့ ဂေါတမအန္တယ်ဖြစ်တဲ့ ဗုဒ္ဓဝါဒပဲကွ။

နောက်တစ်ခု ခက်နေတာက ဗုဒ္ဓတကယ်ဟောတယ်လို့ စာပေတတ်ကျွမ်းသူတွေ ယူဆနေကြတဲ့ 'ဒီဃနိကယ်'နဲ့ 'မဇ္ဈိမနိကယ်'က သုတ်ပေါင်း (၂၆)သုတ်ဟာ ရှင်သာရိပုတ္တရာ၊ ရှင်အာနန္ဒာ၊ ရှင်မောဂ္ဂလန်နဲ့ ရှင်ကစ္စည်းတို့ ဟောကြားတယ်ကွ၊ အဘိဓမ္မာ ပိဋကတ်က ကထာဝတ္ထုဟာ ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ဟောတယ်။ ဝိနည်းပိဋကတ်က ပရိဝါရကျမ်းကို ဒီပမထေရ်ရေးတယ်၊ ထေရ်ရိဂါထာအချို့ကို သံဂါယနာတင်ပုဂ္ဂိုလ်တွေက နောက်မှထည့်တယ်လို့ ပရမတ္ထဒီပနီ ကျမ်းထဲမှာ ရှင်ဓမ္မပါလက ဖော်ပြထားတယ်။ ပြီးတော့ ဝိနည်း ပိဋကတ်နှင့်တကွ ပထမနိကာလေးရပ် (နောက်ဆုံး နိကယ်တစ်ကျမ်းမပါ)တို့ကို ရှင်ဉပါလိ၊ ရှင်အာနန္ဒာ၊ ရှင်သာရိပုတ္တရာ၊ ရှင်မဟာကဿပ၊ ရှင်အနုရုဒ္ဓါတို့ရဲ့ တပည့်ကြီးများကို ထိန်းသိမ်းရန် ပထမ သံဃာယနာတင်စဉ်က လွှဲအပ်ခဲ့တယ်လို့ သျှင်ဗုဒ္ဓဃောသက၊ ဒီဃနိကာယ်အဌကထာမှာ ဖော်ပြထားတယ်။ တခြားကျမ်းတွေအကြောင်း မပါဘူး၊ အဲဒီတော့ ဘယ်မလဲ ဗုဒ္ဓဟောတယ်ဆိုတာ။

အခု ငွကျနေတာက တို့ဆီမှာ ဘာမှ အစစ်အမှန်မရှိဘူး။ ဟိုဟာ ကောင်းနိုးနိုး ဒီဟာ မှန်နိုးနိုးနဲ့ အယူအစွဲကြီးနေကြတာပဲ။

ဒီနေရာမှာ တချို့စိတ္တဝါဒီသမားတွေက သဘောမကျရှိချင်ရှိကြလိမ့်မယ်။ သဘောမကျတာကိုလည်း အဆိုးမဆိုဘူး၊ ဘာမှလည်း မပြောလိုဘူး။ ငါသိသလောက်ကလေးနဲ့ ပြောရမှာဖြင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ ကျော်လောက်က ပေါ်ပေါက်ခဲ့ဖူးတဲ့ ဂေါတမဗုဒ္ဓဆိုတဲ့ ဂေါတမအန္တယ် ကုလားပညာရှင်ကြီးဟာ

စိတ်ကြောင့် ရုပ်ဖြစ်တယ် စိတ်အလိုအတိုင်း ရုပ်ကလိုက်တယ်။

ရုပ်ကြောင့်စိတ်ဖြစ်တယ်။ ရုပ်အလိုအတိုင်း စိတ်ကကြံစည်ပေးရတယ်။

အဲဒီအထက်ပါနှစ်ချက်မှာ ဘယ်အချက်ကဗုဒ္ဓဝါဒီဖြစ်တယ်၊ ဘယ်

mgyoe.com

mgyoe.com

အချက်ကိုသာ မိန့်ကြားသွားတယ်ဆိုတာ မင်းတို့ငါတို့လို တရုတ်ပြည်နားမှာ ကပ်နေကြတဲ့ ဗမာတွေကို မဆိုနဲ့ ...

သူတို့ကုလားပြည်က အနည်းအကျဉ်း ယုံကြည်ကိုးကွယ်ပြီး ကျန်ရှိနေကြသေးတဲ့ ကုလားအချင်းချင်းတောင် အတိအကျ သိလိမ့်မယ်မထင်ဘူးကွဲ့၊ အမှန်မှာတော့ လေ့လာသူတို့ရဲ့ ပင်ကိုဉာဏ်မီသလောက်နဲ့ သိရတဲ့အသိတရားတွေမို့ ငါ့စိတ်ထဲမှာ စိတ္တဝါဒီသမားတွေကိုလည်း အမှားမဆိုလိုဘူး။

လယ်တီဆရာတော်ဘုရားကြီးရဲ့ ရူပဝိနိစ္ဆယဖြတ်ထုံးလို့ အောက်မေ့တာပဲကွ။ အဲဒီအထဲမှာတော့ စိတ်ဟာမာလိမ့်မယ်နဲ့တူတယ်။ ရုပ်ဟာသဘော်နဲ့တူတယ်။ ပင်လယ်ပြင်ကို ကူးသန်းဖို့အတွက် ဒီနှစ်ခု တစ်ခုခုရှိမှဖြစ်နိုင်သလို၊ စိတ်နဲ့ရုပ်ဟာလည်း နှစ်ခုစလုံး အပြန်အလှန် မှီနေကြတယ်လို့ ငါဖတ်ဖူးတယ်။

ခက်တာကကွာ ငါက ရေးသားနေရတယ် ခိုင်ခိုင်လုံလုံ ထောက်ပြဖို့ ထကြည့်ဖို့ ဘာစာအုပ်မှမရှိဘူးကွ၊ ငါ့အနားရှိနေတာက သေနတ်တွေပဲ ရှိနေတော့ ခက်တာပေါ့။

ကဲ ... ထားလိုက်ပါတော့ကွာ ငါ့သဘောပြောမယ်၊ ငါကတော့ ရုပ်ကိုသာအမှီပြုပြီး စိတ်ဆိုတာဖြစ်ပေါ်နေခြင်းပဲလို့ ယုံကြည်ယူဆနေမိတာပဲကွဲ့။

ဘယ်နှယ့် မအဝှါ အိပ်ငိုက်လာပလား၊ မဆိုင်တာတွေလျှောက်ရှည်နေတာပဲတော် လို့များ ထင်နေသလား၊ မဆိုင်ဘဲနဲ့များတော့ ဒါလောက်သေးရန်များတဲ့စကားတွေကို

ဟုတ်တယ်ကွ အင်မတန်တရားနဲ့ပြည့်ဝတဲ့ တချို့ ဗုဒ္ဓဝါဒီတွေဟာ လူတစ်ယောက်အဖို့ ကိုယ်ယူဆချင်တာကို မယူဆရဘူး၊ ယူဆမိလို့ သူတို့နဲ့ မကိုက်ညီရင် သူတို့ကို စော်ကားတယ်လို့ ထင်ကြတယ်။ ဒေါသတကြီးအတင်းအဓမ္မ ပိတ်ပင်တတ်ကြတဲ့အလေ့ရှိတယ်။

ဒီလိုအလေ့အထရှိတဲ့ တို့တိုင်းပြည်ကြီးထဲမှာ ငါယုံကြည်နေတဲ့ စကားတွေကို မင်းတို့သိအောင် ဖွင့်ပြောနေရတာဟာ ဘယ်လောက် သေးရန်များတယ်ထင်သလဲ မပြောရင်မဖြစ်တဲ့ပြောနေရတာကွဲ့၊ မင်းတို့ ထမင်းချက်ဖို့ကိစ္စနဲ့ ဘယ်လိုသက်ဆိုင်လာမယ်ဆိုတာ မင်း မကြာခင် တွေ့လာရပါလိမ့်မယ်။ ကဲ ... ဆက်သာဖတ်ပေတော့။

mgyoe.com

 mgyoe.com 

ဒီလိုကွ ...

ငါသိနေတာက လောကစာတ်ကြီးတစ်ခုလုံးနဲ့ သတ္တဝါတွေကို စီမံဖန်တီးနေတဲ့အရာဟာ ကံလည်းမဟုတ်ဘူးကွဲ့၊ စိတ်လည်းမဟုတ်ဘူးကွဲ့၊ ပူမှု အေးမှုဆိုတဲ့ ဥတုကသာ ဖန်တီးနေတာ။

အဲဒီ ပူမှုအေးမှုဆိုတာဟာ အကောင်အထည်မရှိလို့ မသိနိုင် မတွေ့နိုင်ပါဘူးဆိုတဲ့ စိတ်ဆိုတာကိုတောင် လှုပ်ရှားပေးနိုင်စွမ်းတယ်။

အဆင်သင့်အောင် စုပေါင်းမိကြလို့ လက်ဆုပ်လက်ကိုင်မြင်ရတွေ့ရတဲ့ ရုပ်လို့ခေါ်ကြတဲ့ အရာဝတ္ထုတွေအပေါ်မှာလည်း အဲဒီဥတုဟာ ကြိုက်သလိုဖန်တီးပေးနိုင်တယ်ကွဲ့၊ မင်းသဘောပေါက်ရဲ့လား။

ရှင်းရှင်းပြောရမယ်ဆိုရင် ဥတုဆိုတာဟာ စိတ်ကိုရော၊ ရုပ်ကိုရော၊ ပြုပြင်ဖန်တီးပေးနိုင်တယ်လို့ ဆိုလိုတာပဲ။

ပုံစံတစ်ခုပြရမယ်ဆိုရင်

ရိုးရိုး မျက်စိအမြင်နဲ့ စိတ်သဘောကောင်းတယ်ဆိုတဲ့ လူတစ်ယောက်ကို ...

အပူရုပ်ကလာပ်တွေဖြင့် ပေါင်းစည်း ဖွဲ့စပ်ထားတဲ့ အရက်ကိုတိုက်လိုက်ကွဲ့ ...

စောစောက အနေတော်အတိုင်း စိတ်သဘောကောင်းနေတယ်ဆိုတဲ့ လူကြီးဟာ အပူရုပ်ကြီး ဖြစ်လာမယ်။ ထထကြွကြွ ပျံတက်တော့မယ့် မီးပုံးပျံကြီးရန်းနေသလို ယိမ်းထိုးပြီးလာလိမ့်မယ်။

ဒီလိုရုပ်ကောင်ကြီးကသာ ဖြစ်နေမလားဆိုတော့ မဟုတ်သေးဘူး ကွဲ့။

အပူရှင်ကောင်ကြီးကို အမှီပြုပြီး ပေါ်ပေါက်လာရတဲ့ အပူရှိန်တန်ခိုးတွေလည်း ထွက်လာလိမ့်ဦးမယ်၊ ဘယ်လိုထွက်လာမလဲ။

ဟော့ ... ဘယ်ခွေးကို လူထင်ရမလဲကွ၊ မိုက်တဲ့လူချေးစားပြစမ်း၊ ဘာညာနဲ့ တွေ့ကရာတွေ သတိလက်လွတ် ပြောလာတာပေါ့။

ဒါကို တချို့က သိပ်မူးပြီး ကိုယ့်စိတ်ကို မထိန်းနိုင်လို့ ပြောတာတဲ့။

ငါကတော့ အဲဒီလို ဖြစ်တာကို ရုပ်ကောင်ကြီးမှာ အပူလွန်ကဲခြင်းကြောင့် ဖောက်ပြန်ပြောင်းလွဲပြီး ဖြစ်ပေါ်လာတဲ့ အရှိန်တန်ခိုးတွေလို့ ယူဆထားမိတယ်။

mgyoe.com

mgyoe.com

ဒါတွေဟာ ကျယ်ဝန်းလွန်းပါတယ်ကွာ၊ အမျိုးမျိုးကြိုက်သလို ယူဆကြတာပါပဲ။ မင်းကိုတော့ နောက်မှ ငါဉာဏ်မီ ယုံကြည်သလောက် တဖြည်းဖြည်း ရှင်းပြရသေးတာပေါ့၊ အခုလောလောဆယ် အရေးကြီးတာက သတ္တဝါတွေဟာ ကံစိတ်ဥတုအာဟာရဆိုတဲ့ အကြောင်းတရားလေးပါးကြောင့် တည်ရှိနေခဲ့ကြရတယ်။

ဒီအကြောင်းတရားလေးပါးကို ဗမာလိုပြောရရင်

၁။ ကံ သတ္တဝါတွေရဲ့ ပြုလုပ်ခြင်းအကြောင်း၊ "ဒါပေမယ့် လူအများဟာ အဲဒီလို ပြုလုပ်ခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ ကောင်းကျိုးဆိုးကျိုးများကို ကံမကောင်းဘူး ကံကောင်းတယ်လို့ ပြောလေ့ရှိကြတယ်"

၂။ စိတ် ... သတ္တဝါတွေရဲ့ ရုပ်အစုအဝေးကြီးရဲ့လိုလားချက် အမျိုးမျိုး၊ ဝါ–ဆန္ဒ၊ "ရုပ်ဝတ္ထု၏ ဆာမွတ်ခြင်းအရှိန်တန်ခိုး"

၃။ ဥတု ပတ်ဝန်းကျင်နှင့်တကွ အတွင်းကပါ မြင်မြင်သမျှ အရာဝတ္ထုအားလုံးနဲ့ ရုပ်ကောင်ကြီးတွေကို 'ရုပ်'အစိုင်အခဲ အရည်၊အမှုန့်၊အငွေ့အားလုံးတို့ကို ပြုပြင်ဖန်တီးနေကြတဲ့ ပူမှု၊ အေးမှု၊ ဖောက်ပြန်မှု။

၄။ အာဟာရဆိုတာက မြေ၊ ရေ၊ လေ၊ အခိုး၊ အဆင်း၊ အနံ့၊ အရသာ အစရှိတဲ့ အင်အားတွေစုမိပေါင်းမိပြီးမှ၊ ဖြစ်ပေါ်လာတဲ့ရုပ်ကောင်ကြီးကို 'အား' ဖြည့်ဖို့အတွက် တူညီသောအရာမျိုးတွေ အပြည့်ပါရှိသည့် အရည်အဖတ်အစိုင်အခဲများ ဖြစ်ကြသော ထမင်း၊ ဟင်း စသည့်အစာများ

အဲဒီ အချက်လေးချက်ကို အကြောင်းပြုပြီး သတ္တဝါတွေဟာ အသက် တည်တံ့ခိုင်မြဲနေကြရတယ်ကွဲ့။

ဒီတော့ သတ္တဝါတွေရဲ့ကျန်းမာရေး၊ ချမ်းသာရေး၊ အသက်ရှည်ရေး၊ ကြီးပွားရေးတို့ကို ဖန်တီးတဲ့အထဲမှာ အာဟာရဟာ တစ်ခုပါတယ်လို့ မှတ်ထားကွဲ့။

မင်းသိထားရမှာက လူတွေ တည်တံ့နိုင်ဖို့ အချက်ကြီးလေးချက်ထဲမှာ အစာဆိုတာ အရေးကြီးတဲ့ အချက်ကြီးတစ်ခုအဖြစ်နဲ့ပါနေတယ် ဆိုတော့...

ဒီအစာကို ဖြစ်ကတတ်ဆန်း အတိုင်းအထွာအဖို့၊ အမှတ်အသားမရှိ အကြောင်းအကျိုးဆက်စပ်မှုမရှိဘဲ ပြီး ပြီးရော ချက်စားကြမယ်ဆိုရင် ...

mgyoe.com

mgyoe.com

အစာကို ဂရုမပြုဘူး စနစ်တကျ ဖန်တီးမှုမရှိဘူးဆိုရင်

မင်းတို့ငါတို့လို အသိတရားမြင့်မားတဲ့ လူတွေဟာလူနဲ့မတူတော့ဘဲ တည်တံ့မှု၊ ခိုင်မာမှုနည်းမယ်။ အသက်တိုမယ်။ ကျန်းမာခြင်း၊ ချမ်းသာခြင်းတို့ ချွတ်ယွင်းကုန်ကြမယ် ဒါပဲ။

ကဲ ... အဲဒီတော့ ဘယ်လိုများ ဒီအစာကို စနစ်တကျအတိုင်းအတာ အမှတ်အသားနဲ့ပြုပြင်ဖန်တီးကြရမလဲ။

တစ်ခြားလူမျိုးတွေတော့ မပြောတတ်ဘူးကွ၊ တို့လူမျိုးတွေတော့ အရွယ်ရောက်စပြုတာနဲ့တစ်ပြိုင်နက် အမေ့ကို ဒီလူလိုပဲ ကူညီလုပ်ကိုင်ပေးရင်းနဲ့ တတ်လာကြတာပဲ။ ဒီဟာကို ပညာရပ်တစ်ခုအနေနဲ့များ ကြီးကြီးကျယ်ကျယ် သင်မနေအားပေါင်တော်လို့ ပြောလာကြမှာချည်းပဲကွ၊ အမှန်လည်း အဲဒီအတိုင်းအမှန်ကိုး။

ဒါပေမဲ့ 'ဒီလူ' အစာကို ပြုပြင်ဖန်တီးပေးဖို့ ...

ဝါ ချက်ပြုတ်ကျွေးမွေးနိုင်ကြဖို့အတွက်ဟာ တကယ်ဆိုတော့ ပညာရပ်တစ်ခုအနေနဲ့ ကျောင်းတွေမှာတောင် သင်ပေးဖို့ ထိုက်တယ်မထိုက်ဘူးဆိုတာ စဉ်းစားဖန်များလာရင် မင်းတွေ့လာမှာပေါ့ကွာ။

ဒီမှာကြည့်စမ်း 'လူ' အစားအစာတွေကို ဖန်တီးပေးရန်ဆိုတဲ့အထဲမှာ ဘာတွေပါတယ်ထင်သလဲ ...

က – မိမိသုံးတဲ့ မီးဖိုအကြောင်းသိရမယ်။
ခ – မီးချိန် ရေချိန်နားလည်ရမယ်။
ဂ – ကျက်အောင်ပြုလုပ်နည်း အမျိုးမျိုး တတ်ကျွမ်းရမယ်။
ဃ – အစားအစာပစ္စည်းတွေရဲ့ အပူအအေးအရသာ ဓာတ်သဘာဝတွေကို ပျမ်းမျှခြင်းနားလည်ထားရမယ်။
င – မိမိတို့ဆိုင်ရာချက်ပြုတ် စီစဉ်ခြင်းကို ဂဏန်းသင်္ချာနဲ့ တွက်ယူနိုင်ရမယ်။

ဒါဟာနော် ခပ်ပေါ့ပေါ့ကလေးပြောတာ။ တို့လူမျိုးတွေနဲ့ဖြစ်နိုင်ရုံလောက်ပြောတာ။ တကယ့်အတိအကျ မဟုတ်တတ်သေးဘူး။ တကယ့်အတိအကျ နားလည်ဖို့ဆိုရင်

ဥပမာ ...

mgyoe.com

mgyoe.com


အာလူးအစိတ်သားကို ရေအစိတ်သားထည့် ('ရေပျော့'ဖြစ်တယ်ဆို ပါတော့) အပူရှိန်က 'ကေ' ဒီဂရီ ၁၈၀လောက် ဒါမှမဟုတ်ရင် ဖရန်ဒဟိုက် ဒီဂရီ ၂၁၂ လောက်၊ မီးကိုထား

အိုးက ဒန်အိုးအမြင့် ၅လက်မ၊ အချင်း ၁၀လက်မရှိပြီး အိုးသား ၁၆ ပုံ၊ ၁ ပုံ၊ လက်မ ထူတဲ့အိုးပတ်ဝန်းကျင်လေထုက တစ်လက်မ ပတ်လည်မှာ အလေးချိန် ၁၄ ပေါင်လောက် လေသိပ်သည်းတဲ့နေရာ

အဲဒီနေရာမှာ အချိန်က မိနစ် ၂၀ လောက် ကြာကြာပြုတ်လိုက်မယ် ဆိုရင် အဲဒီ အာလူးထဲမှာ မြေဓာတ် ဘယ်လောက် ရေဓာတ်ဘယ်လောက်၊ လေဓာတ်ဘယ်လောက် အခိုးဓာတ်ဘယ်လောက်ရှိတယ်။

တစ်ခါမိနစ် ၃၀ ကြာအောင်ပြုတ်ရင် မြေ၊ ရေ၊ လေ၊ အင်အားဆိုတဲ့ ဓာတ်တွေဟာ ဘယ်လိုပြောင်းလဲသွားကြပြန်တယ်၊ တစ်ခါ အပူချိန် ၁၉၀ လောက်နဲ့ မိနစ် ၃၀ကြာအောင်ပြုတ်ရင် အဲဒီမြေ၊ ရေ၊ အင်အားဆိုတဲ့ ဓာတ်တွေဟာ ဘယ်လိုဖြစ်သွားကြပြန်တယ်ဆိုတာ။

တကယ့်အတိအကျ သိနေကြမယ်ဆိုရင် ပိုကောင်းတာပေါ့ကွာ။

ဘယ့်နှယ် အတော်လွန်သွားသလား မင်းနှုတ်ခမ်းက တစ္ဆုန်ဆုန်နဲ့ ဒီလိုမသိတော့ကော ဘာဖြစ်သေးသလဲလို့ ရန်တွေ့နေချင်ပြီလား။

ကဲ ... ကဲ ရန်တော့မတွေ့နဲ့ဦးကွ၊ ဒီထိတော့ ဘာထူးလာသလည်းဆိုတဲ့ အကျိုးတွေကို တဖြည်းဖြည်းတွေ့လာမှာပဲ ဆက်ဖတ်ဦးပေါ့ကွာ၊ စောစောက ဖော်ပြတဲ့ သိသင့်တဲ့အချက်တွေဟာ ဘယ်လိုပဲကောင်းပေမယ့် တို့လူမျိုးတွေနဲ့ တို့တိုင်းပြည်ဖြစ်နိုင်ရုံလောက်ပဲ ဖော်ပြသွားမယ်ကွ။

တို့တိုင်းပြည်မှာ အပူချိန်တိုင်းတဲ့ ကိရိယာတို့ ဘာတို့လည်း အိမ်တိုင်း မှာ ထားရှိပြီး အသုံးပြုမနေနိုင်ကြပါဘူး။ ဒီထိအောင်လည်း မင်းတို့မိန်းမတွေ သေချာချင်နေကြမယ် မဟုတ်ပါဘူး။

ဒါလောက် သေချာအောင် မချက်ပြုတ်ကြရပါဘဲနဲ့တောင် မီးဖိုချောင် ဝင်ဖို့ဆိုရင် အင်မတန်ပျင်းနေတတ်ကြတယ်မဟုတ်လား၊ ပြီးတော့လည်း "ကျုပ်တို့ဟာ ကျုပ်တို့မိဘအိမ်မှာ ခြေမွေးမီးမလောင်၊ လက်မွေးမီး မလောင် နေခဲ့ကြရတာပါလို့" အတော်ရှက်စရာကောင်းတဲ့ စကားကိုတောင် ကိုယ်ညံ့ ကြောင်းသိအောင် ကြေညာသလို ပြောတတ်ကြသေးတယ်။

mgyoe.com

mgyoe.com

အဲဒီလိုပြောတတ်ကြတဲ့ အမျိုးသမီးတွေကိုတော့ အင်မတန်စိတ် ပါလာအောင် တိုက်တွန်းနိုင်တယ်ထားဦး ခဲခဲယဉ်းယဉ်း မဖြစ်ပါမှ တန်ရုံကျမယ် မဟုတ်လား။

ဒီတော့ ဒီလိုလုပ်...

မင်းတို့အိမ်မှာရှိတဲ့ အိုးတိုင်းအိုးတိုင်းကို မင်းတို့အိမ်မှာရှိတဲ့ မီးဖိုက ဘယ်လိုမီးတောက်လောက်နဲ့ ရေဘယ်လောက်သာထည့်ပြီး ကျိုရင်

ဘယ်လောက်မိနစ်ကြာတဲ့အခါ ရေဟာ နွေးလာတယ် ဘယ်လောက်ကြာရင် ပွက်သေးလေးတွေ ထလာတယ်၊ ဘယ်လောက်ကြာရင် ပွက်ပွက်ဆူပြီးလာတယ်ဆိုတာ အမှတ်အသားလုပ်ပြီး စာရွက်ကတ်လေးတစ်ခုနဲ့ ချိတ်ဆွဲထားဖို့လိုတယ်ကွ။

အဲဒီစာရင်းကလေးဟာ အိုးအသေးအကြီး အမျိုးမျိုးမှာ ရေအချိုးအစား အချိန်အဆအမျိုးမျိုးအတွက် တိုင်းတာရေးမှတ်ထားတဲ့ စာရင်း ဖြစ်ရမယ်။

နောက်တစ်ခု မင်းတို့သိထားသင့်တဲ့ အမှတ်အသားတစ်ခု ဖော်ပြရမယ်ဆိုရင် ...

မင်းဟာ တစ်စုံတစ်ခု ကြော်တော့မယ် ဆိုပါတော့ အဲဒီလို ကြော်ဖို့အတွက် ဒယ်အိုးထဲဆီထည့် မီးဖိုပေါ်မှာတင် အဆူငြိမ်ပြီး အငွေ့ထွက်လာတဲ့အခါ ပေါင်မုန့်အလယ်သားတစ်ခု လှီးပြီးထည့်ကြည့် ...

၁။ စက္ကန့် ၄၀အတွင်း ပေါင်မုန့်ဟာ နီပြီးကြွပ်လာရင် အမဲလုံးစတဲ့ ကျက်တဲ့အစား ကြော်ဖို့ရန်သင့်တယ်လို့ မှတ်ရမယ်။

၂။ စက္ကန့် ၆၀ ကြာမှ ပေါင်မုန့်ဟာ နီပြီး ကြွပ်လာရင် ပုစွန်စတဲ့ ကျက်လွယ်တဲ့ အစာကို ကြော်ဖို့ သင့်တယ်လို့ မှတ်ရမယ်။

အဲဒီလို အလေ့အကျင့်အမှတ်အသားအမျိုးမျိုးကို သတိမူပြီး နားလည်ထားဖို့ဆိုတဲ့ အချက်အလက်တွေဟာ မီးချိန်၊ ရေချိန်နားလည်ရမယ်ဆိုတဲ့ အချက်ပေါ့ကွ။

အဲဒီလို မီးချိန်ရေချိန် သိသင့်ကြတဲ့ကိစ္စအထဲမှာ မီးဖိုဟာ အရေးပါအရာရောက်တဲ့ ပစ္စည်းတစ်ခုကွဲ့။

မီးဖိုဆိုတာ ‘လဟာပြင်’ မီးဖို၊ အလုံမီးဖိုရယ်လို့

mgyoe.com

mgyoe.com

ထင်းနဲ့ချက်တဲ့မီးဖို၊
မီးသွေးနဲ့ချက်တဲ့မီးဖို၊
ရေနံဆီနဲ့ချက်တဲ့မီးဖို၊
ဓာတ်နဲ့ချက်တဲ့မီးဖိုရယ်လို့ အမျိုးမျိုးရှိကြပြန်သေးတယ်။

အဲဒီအမျိုးမျိုးထဲမှာ တို့ဗမာပြည်မယ် အသုံးများကြတာကတော့ ထင်းမီးဖိုကို အသုံးများကြတယ်ကွဲ့။ ဒါကြောင့် ထင်းမီးဖိုအကြောင်းပဲ ပြောတော့မယ်။

ထင်းမီးဖိုဟာ အခိုးအငွေ့အမြောက်အမြားထွက်တယ်။ တစ်ခါတလေ အဲဒီထင်းမီးကထွက်တဲ့ အခိုးအငွေ့တွေဟာ ချက်ပြုတ်ခြင်းခံနေရတဲ့ စားစရာ၊ သောက်စရာများနဲ့ ပေါင်းစပ်မိလို့ရှိရင် လူကိုတဖြည်းဖြည်း အင်အားဆုတ်ယုတ်ပြီး ရောဂါဖြစ်စေနိုင်တဲ့ အဆိပ်မျိုးဖြစ်စာတ်တယ်။ ဒါကြောင့် အဲဒီ ထင်းမီးဖိုကို အခု မင်းတို့ ငါတို့ အမြဲလိုလို တွေ့မြင်နေကြရသလို ချက်ပြုတ်တဲ့အိုးကို ထင်းမီးခိုးတွေ တိုက်ရိုက်ထိစေနိုင်တဲ့ မီးဖိုမျိုးနဲ့ချက်လို့ပြုတ်လို့တော့ ဘယ်တော့မှ မသင့်တော်ဘူးကွဲ့။

ပြီးတော့ ဒါတင်မဟုတ်သေးဘူး ချက်တဲ့ပြုတ်တဲ့အချိန်မှာ မီးခိုးတွေဟာ ထင်သလိုပျံ့လွင့်နေလို့ အိုးတို့ အိမ်တို့ကို ညစ်ညမ်း မည်းတူးစေတဲ့ အပြင် ဒီအခိုးအငွေ့တွေကို မသိမသာ အမြဲတမ်း ရှုရှိုက်နေရတဲ့ လူများကိုလည်း တဖြည်းဖြည်း ပိန်ချုံးချည့်နဲ့ အားအင်မဲ့စေတယ်။

တို့တိုင်းပြည်မှာ ရှေးအခါတုန်းကတော့ လူနေအိမ်ခြေကျဲပြီး ကိုယ့်အိမ်ကိုယ်ခြံတွေမှာ နွားတင်းကုပ်ရှိကြသလို မီးတင်းကုပ်တွေလည်းရှိကြသကွဲ့။ မီးတင်းကုပ်ထဲမှာဆိုရင် မောင်းဆုံတို့ ကြိတ်ဆုံတို့နဲ့တကွ မီးဖိုကြီးတွေ ထင်းတွေ စဥ့်အိုးကြီးတွေရှိခဲ့ကြတယ်။

နောက်တစ်ခါ မီးဖိုဆောင်ရယ်လို့ အိမ်နဲ့တွဲပြီး သီးသန့်အဆောင်တွေ ဆောက်လုပ်လာခဲ့ကြတယ်။ အခုတော့ အဲဒီလို သီးခြားဆောက်ထားနိုင်တဲ့ လူတွေ နည်းသွားကြပြီး လူနေမှုစနစ်ကလည်း တော်တော်ကလေး သိပ်သည်းလာခဲ့ကြတယ်ကွဲ့။

အဲဒါကြောင့် ရှေးခေတ် ဘိုး၊ ဘေး၊ ဘီ၊ ဘင်လက်ထက်ကတည်းက အသုံးပြုလာကြတဲ့ 'လဟာပြင်' ထင်းမီးဖိုတွေကို ယခုခေတ် အိမ်ကျဉ်း

mgyoe.com

mgyoe.com
ကလေးထဲမှာ သုံးနေကြဦးမယ် ဆိုရင်တော့ ဘယ်လိုမှ ကျန်းမာမှုနဲ့ မသင့်တော်နိုင်ဘူး။

လူနေကျပ်တည်းတဲ့ အချိန်မျိုးမှာ ဓာတ်မီးဖို မသုံးနိုင်သေးတဲ့ (ရေနံဆီနဲ့ ချက်ရတဲ့လေမီးဖိုကို ပြောတာမဟုတ်ဘူးနော် လျှပ်စစ်ဓာတ် အားနဲ့ချက်တဲ့ မီးဖိုကိုပြောတာ) အဲဒီဓာတ်မီးဖိုကို ဈေးပေါပေါနဲ့မသုံးနိုင်သေးသမျှ ဘယ်မီးဖိုကိုပဲသုံးသုံးစနစ်ကျရင်ကောင်းတာချည်းပဲ၊ လဟာပြင်မီးဖိုကိုတော့ မသုံးသင့်တာအမှန်ပဲ။

တို့လူမျိုးတွေအတွက်ကတော့ ထင်းမီးဖိုကိုပဲ စနစ်တကျသုံးသင့်တယ်လို့ ထင်တာပဲကွ။ တို့တစ်တွေဟာ အိမ်ဆောက်တိုင်းဆောက်တိုင်း မီးဖိုကလေးလောက်တော့ အပင်ပန်းခံပြီးပေါ့ကွာ။ ရွှံ့နဲ့ပဲဖြစ်ဖြစ်၊ မီးအခိုးတိုင်နဲ့ပဲဖြစ်ဖြစ် အိုးရဲ့နှုတ်ခမ်းအဝနဲ့ အိုးဘေးကို မီးခိုးတိုက်ရိုက် မထိတွေ့နိုင်အောင် အိုးဖင်နဲ့ မီးဖိုအဝ အတိအကျလုံနေတဲ့ အလုံမီးဖိုတွေ လုပ်သင့်ကြတယ်လို့ ထင်တာပဲကွ။

အဲ ... နောက်တစ်ခုကတော့ ထင်းကွ၊ ထင်းဆိုတာဟာ အသားမာ အသားပွရယ်လို့ နှစ်မျိုးရှိတယ်ကွဲ့။ အဲဒီနှစ်မျိုးမှာလည်း အသားပွတဲ့ ထင်းဟာ မီးတောက်မြန်တယ်။ အခိုးအငွေ့တွေ ပိုထွက်တယ်။ တစ်ခဏသာ ခံတယ်။

အသားမာတဲ့ ထင်းဟာ တဖြည်းဖြည်းမှ မီးတောက်တယ်၊ ကြာရှည်ခံတယ်၊ အခိုးအငွေ့နည်းတယ်။

အဲဒီထင်းနှစ်မျိုးအနက် အသားမာတဲ့ထင်းကိုသာ အသုံးပြုသင့်တယ်ကွဲ့။ အသားမာတဲ့ထင်းကိုသုံးတော့ မီးတောက်ညီခြင်းကလည်း အကျိုးထူးတစ်ပါးရှိတယ်။ အခိုးအငွေ့နည်းခြင်းကလည်း အကျိုးထူးတစ်ပါး၊ ထမင်းဟင်း စသည်တို့ကို နှပ်ဖို့အတွက် မီးကျီးကောင်းစွာ ရခြင်းကလည်း အကျိုးထူးတစ်ပါး၊ အဲဒီလို အသားပွထက် ပိုပြီးထူးခြားကောင်းမွန်တဲ့ အကျိုးများကြောင့် အသားမာ အသားပွ ထင်းနှစ်မျိုးမှာ အသားမာထင်းကိုသာ သုံးသင့်ကြတယ်ကွဲ့၊ ချွေတာရေးကျပြန်တော့လည်း သိပ်မထူးပါဘူး။ တကယ်ဆိုတော့ အသားမာထင်းကို အသုံးပြုတာကတောင် ပိုပြီး ချွေတာရာကျပါသေးတယ်။
mgyoe.com

mgyoe.com

နောက်ဆုံးပြောလိုတာက မီးဖိုကို ဟင်းအိုး ထမင်းအိုးနဲ့တကွ အိမ်နေလူတွေရော အိမ်ကိုပါ မီးခိုးမထိနိုင်အောင် အသုံးပြုလျှင် ပိုကောင်းလိမ့်မယ်လို့ အကြံညဏ်ပေးတာပါပဲ။ အမှန်တော့ ဘယ်လိုမီးဖိုပဲဖြစ်ဖြစ် ကိုယ်အသုံးပြုနေတဲ့ မီးဖိုအကြောင်းကို ကိုယ်ပိုင်နိုင်စွာ သိထားသင့်တယ်လို့ ဆိုလိုတာပါပဲ။

ကဲ ... ဒီတစ်ခါတော့ကျက်အောင် ပြုလုပ်ခြင်းဆိုတဲ့ ပြုလုပ်တတ်ကျွမ်းရမည့်ကိစ္စတွေ အကြောင်းကို ဖော်ပြတော့မယ်။

ကဲ ... ပြောစမ်း ကျက်အောင် ပြုလုပ်နည်းတွေထဲက မင်းဘယ်နှမျိုးသိပြီး ဘယ်နှမျိုးလုပ်တတ်သလဲ။

ငါစုဆောင်းမေးမြန်းထားတဲ့ သိရသလောက်ကလေး ပြောရမယ်ဆိုရင်တောင် မနည်းဘူး ... မင်း ရေးစမ်း။

၁။ ချက်ခြင်း
၂။ နွေးနွေးပြုတ်ခြင်း
၃။ ကြော်ခြင်း
၄။ ပေါင်းခြင်း
၅။ ကင်ခြင်း
၆။ ပြုတ်ခြင်း
၇။ ကြော်ခြင်း
၈။ ကျပ်တင်ခြင်း
၉။ ဖုတ်ခြင်း
၁၀။ အိုးခြစ်တိုက်ခြင်း
၁၁။ အုံခြင်း တဲ့။

အဲဒါတွေဟာ တမင်လုပ်ကြံ ခေါ် ဝေါ်နေတာမဟုတ်ဘူးနော် အခေါ်အဝေါ်တွေ တစ်မျိုးစီရှိကြသလို ပြုလုပ်နည်းတွေကလည်း တစ်မျိုးစီချည်းပဲကွ။

ဘယ်လိုတစ်မျိုးစီလဲဆိုတော့ ...

၁။ ချက်ချင်းဆိုတာ ရေကိုပွက်ပွက်ဆူအောင် အငွေ့တထောင်းထောင်းထအောင် မီးပေါ်ကို တင်ထားခြင်းပဲကွဲ့။

mgyoe.com

mgyoe.com

အဲဒီလိုချက်မှုမှာလည်း အနံ့ပြင်းတဲ့ မုန်လာထုပ်၊ ကြက်သွန်ဆိုတဲ့ ဟာတွေကို စလောင်းဖွင့် မီးပြင်းတိုက်ပြီး ချက်ရတယ်။

ဟင်းသီးဟင်းရွက်တွေ ချက်ရင်တော့ ရေဆူမှ ထည့်ရတယ်။ အဖုံး အုပ်လိုက်ရင် အစိမ်းရောင်ပျက်တတ်လို့ သူ့ကိုလည်း အဖုံးဖွင့်ချက်ရတာပဲ၊ ပဲကိုတော့ တစ်ခါတည်း ရေစိမ်းနဲ့ အတူရောပြီး ဆူအောင်ချက်ရတယ်။ အဖုံးကို ပဲကြီးကလွဲလို့ အုပ်ပြီးချက်နိုင်တယ်ကွဲ့။ ပဲကြီးကိုတော့ အဖုံးဖွင့် ချက်တာက ပိုပြီးအရသာရှိတယ်။

၂။ နွေးနွေးပြုတ်ခြင်းဆိုတာ အိုးပက်ပက်ထဲမှာ ဟင်းသီးဟင်းရွက်ကို ကျက်လောက်ရုံ ရေထည့်ပြီး ဟင်းသီးဟင်းရွက်ကျက်တာနဲ့ ရေခန်းစေရမယ် ကွဲ့။

ဟင်းနုနွယ်လို အရေဓာတ်များများပါတဲ့ အရွက်မျိုး၊ အပင်မျိုးကျ တော့ ရေမပါဘဲနဲ့ချက်ရတယ်။ ပဲစိမ်းတို့ မုန်လာဥဝါတို့ကိုတော့ ထောပတ်တို့ ဆီတို့နဲ့ချက်ရတယ်။ မီးတောက်ပြင်းပြင်းနဲ့ မချက်ရဘူး။ မီးကို ခပ်မှျဉ်း မှျဉ်းနဲ့ ခပ်ဖြည်းဖြည်းချက်ရတယ်၊ အဲဒါကို နွေးနွေးပြုတ်တာလို့ ခေါ်တယ်။

၃။ ကြိုခြင်းဆိုတာကတော့ ကြိုမယ့်အသီးအရွက် ပြောင်းဆန်ဆိုတာတွေကို ရေနဲ့ ခပ်ပျစ်ပျစ်ကလေး ဖြစ်လာအောင် ပြုတ်တာကိုခေါ်တယ်။ ပြုတ်တာနဲ့ ကွာတာက ကြိုတာက ရေနည်းတယ် ပြုတ်တာက ရေများတယ်။

အဲဒါမှာ မင်းတို့ဆင်ခြေပေးနိုင်တဲ့ ပြုတ်တာတစ်မျိုးရှိသေးတယ်။ ဟင်းသီးဟင်းရွက်တွေကို ရေနည်းနည်းကလေးနဲ့ အစိမ်းရောင်မပျက်အောင် ပြုတ်ခြင်းပေါ့၊ အဲဒါက ပြုတ်တာမဟုတ်ဘူး ရေနွေးဖြောတာပါ။

ဥအစရှိတဲ့ဟာတွေကို ရေစပ်စပ်ကလေး ဒယ်အိုးပက်ထဲမှာ ရေဆူနေ တုန်းဖောက်ထည့် ပြုတ်ခြင်းဆိုတာတွေရှိသေးတယ်။ ဒါတွေကို ရေနည်း တဲ့အတွက် ကြိုတယ်လို့ခေါ်မလားလို့ မင်းတို့မိန်းမတွေက 'စောဒက' တက်ချင်တက်နိုင်တာပေါ့ကွာ။

ဒါပေမဲ့ ကြိုတယ်ဆိုတဲ့ ထူးခြားချက်က ကြိုရမယ့်အရာဝတ္ထုနဲ့ ရေနဲ့ 'သမ'အောင်ရောပြီးတပေါင်းတစည်းတည်း ပျော်သွားအောင်လုပ်တာတွေပါပဲ။

ချဉ်ပေါင်ညိုပေါ်စဖူးရယ်နဲ့၊ ငလူးငယ်မြှင်းမြှင်း

mgyoe.com

mgyp.com

ကြေးမသင် ရေလုံပြုတ်ပါလို့ ဆိုတာရယ်၊
တစ်နေ့တုန်းက လဲကာသေ သားရေနှင့်အမဲနံ၊
လက်ပံနှင့်ချိုင်ရလျှင် ကြိုနိုင်လေမွမ္မ
ပြောင်းတာမို့ ဆိုတာရယ်။

တို့ဗမာပညာရှိကြီးတွေက ခွဲထားခဲ့ကြတယ်ကွ၊ ကြိုတယ်ဆိုတာ အရာဝတ္ထုတွေကို ရေနဲ့ခပ်ပျစ်ပျစ်သမသွားအောင်ပြုတ်တာပဲ။

၄။ ပေါင်းခြင်းဆိုတာ ရေနွေးကထွက်တဲ့ အပူငွေ့ကလေးနဲ့ ကျက်အောင် ချက်တာပဲ။ ပေါင်းချောင်နဲ့ ဖြစ်ဖြစ်၊ ရေနွေးအိုးအလယ်ကောင်မှာ ပန်းကန်လုံး ကလေးထည့်ပြီး အလုံအုပ်လို့ဖြစ်ဖြစ် ချက်ရတယ်။ ကောက်ညှင်းတို့၊ ပီလောပီနံတို့၊ ကန်စွန်းဥတို့၊ အာတာလွတ်၊ သစ်သီး၊ ထမင်းတို့ကို ပေါင်းချောင်နဲ့ပေါင်းရတယ်ကွဲ့၊ ငါးရှင်ငါးပိတို့၊ ပုစွန်တို့ဆိုတဲ့ဟာတွေကို တော့ ပန်းကန်လုံးတစ်ခုထဲမှာ အပြီးအစီး ကြက်သွန် ဖြူ၊နီ၊ ငရုတ်သီး၊ ဆီ၊ ဆား တို့နဲ့ ပြင်ထည့်ပြီးတော့ ရေထည့်ထားတဲ့ အိုးထဲကို အဲဒီပန်းကန် ထည့် အဖုံးလုံလုံဖုံးထား။

အိုးထဲက ရေကလည်း ပန်းကန်ရဲ့သုံးပုံ နှစ်ပုံလောက်ပဲ နစ်မြုပ်ရုံ ထည့်ရတယ်။ ရေဆူတဲ့အခါ ပန်းကန်ထဲရေပွက်တွေ မဝင်အောင် ကြွေဇွန်း ကြီးကြီး သုံးချောင်းလောက် ပန်းကန်ကိုစိုက်ပြီး ရေထဲချထား ဖြည်းဖြည်း ဆူအောင်တည် အဲဒါပေါင်းတာပေါ့ကွ။

၅။ ကင်ခြင်း ဆိုတာကတော့ မီးနဲ့တိုက်ရိုက်မထိစေဘဲ အပူရှိန်နဲ့ခြောက် သွေ့အောင် ကျက်အောင်ချက်တာပဲ။ အမှန်ကတော့ မီးတောက်နဲ့ ကင်တာ ထက် မီးကျီးနဲ့ ကင်တာက ပိုပြီးတော့ နည်းလမ်းမှန်တယ်။ မီးတောက်နဲ့ ကင်တယ်ဆိုရင် မီးဖိုရဲ့ဆားမီးတောက်ရဲ့ဆားက ကင်မှကင်တာဖြစ်နိုင်တယ်။ မီးတောက်ရဲ့ အပေါ်က ကင်တယ်ဆိုရင် ကင်တာမဟုတ်တော့ဘူး။ ကျပ်တိုက်တယ်လို့ ခေါ်ရမယ်၊ ဒါကြောင့် မီးတောက်နဲ့ကင်ခြင်းမှာ ငရုတ်သီး ကင်သလို ကင်ခြင်းကို ပြောတာပဲ။

မီးကျီးနဲ့ ကင်တာကတော့ ပေါင်မုန့်ကင်တာ၊ အမဲသား၊ ဆိတ်သား ကင်တာ၊ ငါးကင်တာ၊ ပုစွန်ကင်တာတွေကို ကင်တယ်လို့ခေါ်တယ်။ တို့ အညာပဒတ်ကလေးတွေ ဒညပ်နဲ့ကင်ထားတာ မင်းမြင်ဖူးတယ်မဟုတ်လား။

mgype.com

mgyoe.com

အမဲသား၊ ဆိတ်သား၊ ငါးဆိုတာတွေကို ဆား၊ ငရုတ်၊ ကြက်သွန် အမွှေးမှုန့်နဲ့လူးပြီး ကင်စားရင် ချက်စားတာထက် ပိုလေးတယ်ကွဲ့။ ကြော်တာနဲ့တောင် မတူချင်ဘူး။

၆။ ပြုတ်ခြင်းဆိုတာက ရေကို ပွက်ပွက်ဆူအောင်ချက်ရတာမျိုးကွဲ့။ အိုးဟာ မီးဖိုပေါ်မှာ ဘယ်လောက်ကြာကြာ အိုးနှုတ်ခမ်းစွန်းလောက်မှာ ရေစီဖောင်း သေးသေးကလေးတွေ ထပြီးနေရမယ်။ အဲဒီလိုနဲ့ တဖြည်းဖြည်း ကျက်တာကို ပြုတ်တယ်လို့ ခေါ်တယ်ကွဲ့။ သိပ်ဆူပြီး ကျက်တာနဲ့ ဒီလို တဖြည်းဖြည်းချင်း ကြာရှည်မျှင်းပြီး ကျက်လာတာ ဘယ်လိုများ ထူးခြားသလဲဆိုတာ သိချင်ရင် တညင်းသီးကိုပြုတ်ကြည့် သိရလိမ့်မယ်။ ရေပွက်ထအောင်ဆူတာကို ချက်တယ်လို့ခေါ်တယ်။ ရေပွက်မထဘဲ စီဖောင်းသေးသေးကလေးတွေ ရေစပ်မှာ ထပြီးကျက်အောင်ချက်တာကို ပြုတ်တယ်လို့ ခေါ်တယ်ကွဲ့မှတ်ထား။

အဲဒီလိုပြုတ်ဖို့အတွက် စေးထန်းတဲ့အဉ၊ အသီးတွေအတွက် ကောင်းတယ်။

၇။ ကြော်ခြင်း ဆိုတာကတော့ ထောပတ်တို့၊ ဆီတို့နဲ့ ကျက်အောင် ချက်ခြင်းကို ခေါ်တယ်။ အာလူး၊ ခရမ်း၊ ဘူး၊ ဖရုံ၊ အသီးတွေကို ငရုတ်၊ဆား၊ နနွင်း၊ ဂျင်း၊ အမွှေးမှုန့်တွေနဲ့ လူးပြီးကြော်ရင် စားကောင်းတယ်။

အဲဒီအသီးတွေကို ခပ်ပါးပါးလှပတဲ့ ပုံသဏ္ဌာန်ကလေးတွေ လှီးပြီး မကျွမ်းရုံကြော်စားရင် အရသာရှိတယ်။ ကျွမ်းသွားရင်တော့ ဋ္ဌထွက် မွှတ်က ရောဟော့ ခါးလို့ ...

ကြော်တဲ့နေရာမှာ အရောင်နည်းနည်းကလေး ပြောင်းလာတာနဲ့ ဆယ် ပစ်ရတယ်။ ဆီပူထဲမှာ မဆယ်ဘဲထားရင် ဆက်ပြီး ကျွမ်းကျက်သွားတတ် တယ် တူးကုန်ပါလေရောဗျာ။ နောက်တစ်ခုကလည်း ကြော်ပြီးပစ္စည်းကို ချက်ချင်း လုံခြုံတဲ့ဖန်ဘူး၊ ဖန်ခွက်တွေထဲမှာ မထည့်ရဘူး၊ ထည့်ရင် ချွေးပြန် ပြီး ကြွပ်တဲ့သဘောက တဖြည်းဖြည်း ပျော့သွားတတ်တယ်။

ကြော်တာဟာ ငါး၊ အမဲ၊ ဆိတ်စတဲ့ အသားများကိုလည်း လတ်လတ် ဆတ်ဆတ်ကြော်စားရင် အရသာရှိနိုင်တယ်။ တချို့က ငရုတ်၊ ကြက်သွန်၊ အဈေးအကြိုင် မလူးမနယ်ဘဲ ကြော်တာကို ပိုကြိုက်ကြတယ်။ လူအမျိုးမျိုး၊ နတ်အမျိုးမျိုး၊ ဘုရားရှိခိုးအမျိုးမျိုးပေါ့လကွာ။

mgyoe.com

mgyoe.com

၈။ ကျပ်တင်ခြင်းဆိုတာကတော့ စောစောတုန်းက ကင်တယ်ဆိုတဲ့ နေရာမှာ ပြောသလို မီးတောက်နှင့် တည့်တည့်အထက်အပေါ်က ထားပြီး ကင်ထားတာကို ပြောတာပဲ။ အင်မတန်ညှိတဲ့အသားများ၊ ငါးများကို အဲဒီလို ကျပ်တင်ပြီးမှ ချက်တာဟာ အညှီနံ့တွေလည်း ပျောက်တယ်။ စားလို့လည်း ပိုကောင်းတယ်။

၉။ ဖုတ်ခြင်းဆိုတာကတော့ အပူရှိန်ပြည့်နေတဲ့ ပေါင်းဖိုထဲကိုသွင်းပြီး၊ ကျက်အောင် ဖုတ်တာပဲ၊ မင်း အရင်က ကုလားလက်ဖက်ရည်ဆိုင်တွေမှာ နံပြားဖုတ်တာမြင်ဖူးတယ်မဟုတ်လား။ အဲဒီလိုလုပ်တာကို ဖုတ်တယ်လို့ ခေါ်တယ်။ တချို့ကတော့ မီးကျီးနဲ့တိုက်ရိုက်ထိအောင် ဖုတ်ကြတယ်ကွဲ့။

တစ်ခါတလေ လမ်းဘေးမှာ ကုလားတွေ ပြောင်းဖူးတို့၊ ကန်စွန်းဥတို့ ဖုတ်ရောင်းနေကြတာ မင်း မြင်ဖူးတယ်မဟုတ်လား။

အမှန်ကတော့ အပူငွေ့ အပြင်မထွက်အောင် ဖုတ်စရာကလေး လုပ်ထားရင် ပိုကောင်းတာပေါ့။

တင်စရာကလေးပေါ်မှာ ဖုတ်လိုတဲ့ပစ္စည်းနဲ့မီးကျီးနဲ့ မထိရုံကလေး ထားပြီး မီးဖိုပေါ်က သံပုံးကြီးကြီးနဲ့ အလုံအုပ်ထားလိုက်ရင်လည်း ပြီးတာပဲ။

ဖုတ်စားတာဟာ ပေါင်းစားတာ ပြုတ်စားတာတို့ထက် ပိုပြီးကောင်းတယ်။ အာလူး၊ ကန်စွန်းဥ၊ ထန်းမြစ်၊ ကုလားပဲရွှမ်းပြင်း၊ ပြောင်းဖူး၊ ကြက်သွန်နီနုနု ပဲစေ့နဲ့ ပဲထောပတ်များကို ဖုတ်စားလို့ ကောင်းတယ်ကွဲ့။

၁၀။ အိုးခြစ်တိုက်ခြင်းဆိုတာကတော့ ခြောက်သွေ့နေတဲ့ အိုးကင်းထဲမှာ ထည့်ပြီး ကျက်အောင်ချက်တာပဲ။ အဲဒီဟာကိုလည်း မီးမျှင်းမျှင်းနဲ့ ကျက်အောင်ချက်ရင် ပိုကောင်းတယ်ကွဲ့။ ဟင်းချိုထဲခပ်မယ့် ညှိတဲ့ပစ္စည်းတွေကို အိုးခြစ်တိုက်တတ်ကြတယ်။ တချို့ ပဲတို့ဘာတို့ကို ဆားထည့်ပြီး အိုးခြစ်တိုက်ရင်တော့ လှော်တယ်လို့ခေါ်တယ်ကွဲ့။ အဲဒီလို လှော်တဲ့အခါမှာလည်း အကျက်ညီအောင် အမြဲတမ်း ယောက်မနဲ့ လှန်လှော ပေးရတယ်။

စိုတဲ့အရာကိုချက်ရင် အိုးခြစ်တိုက်တယ်၊ ခြောက်တဲ့အရာကိုချက်ရင် လှော်တယ်လို့ခေါ်ရတယ်။

mgyoe.com

mgyoe.com

၁၀။ အုံခြင်း

အုံခြင်းသည် ပြာပူဖြင့်အုံခြင်း၊ ထမင်းဦးပေါင်း၌ အုံခြင်း၊ မီးကျီးခဲတို့ဖြင့် အုံခြင်း စသဖြင့် အမျိုးမျိုးရှိ၏။

ငါးပြေမ၊ မန်ကျည်းစေ့၊ တညင်းသီးအစရှိသောအရာများကို ရွှံ့ဖြင့် အလုံမံ၍ အောက်၌မီးကျီးခံပြီး အထက်မှမီးကျီးခဲဖြင့် ဖုံးထားလျက် ကျက်လောက်မှ ဖော်စားခြင်းသည် ဖုတ်ခြင်းမဟုတ် မီးကျီးခဲဖြင့် အုံခြင်းဖြစ်၏။

ထို့အတူ ပုစွန်စသည်တို့ကို အခွံချွတ်၊ ထောပတ်၊ သီဟိုဠ်စေ့၊ ကြက်သွန်ဖြူ၊ဆားစသည်တို့ဖြင့် သင့်တင့်အောင်နယ်လူး၍ ပဒုမ္မာကြာဖက်ဖြင့် ကတော့လုပ် အလုံထုပ်လျက်၊ ပြာပူပူ၌ စိုက်ထားခြင်း ပြာပူတို့ဖြင့် ဖုံးအုပ်ကျက်စေခြင်းသည် အုံခြင်းဖြစ်၏။

ဤအတိုင်း ကျက်လွယ်သည့် မှျင်ငါးပိစသည်တို့ကို ဂုံညင်းဒိုးကဲ့သို့ ပြားပြားပြု၊ ငှက်ပျောရွက်သို့မဟုတ် ပဒုမ္မာကြာရွက်တို့ကဲ့သို့သော အရွက်ဖြင့် ထုပ်၍ ထမင်းအိုး ဦးပေါင်းထဲသို့ ထည့်၍ ကျက်စေခြင်း။

ဝမ်းဘဲဥ ကြက်ဥစသည်တို့ကို ထမင်းအိုးဦးပေါင်းထဲသို့ ထမင်းဖြင့် အုံထား၍ ကျက်စေခြင်း။

အဲဒါတွေကို အုံခြင်းလို့ ခေါ်တာပေါ့ကွယ်။

ကျက်ခဲတဲ့ အစာကိုမီးကျီးခဲနဲ့အုံရတယ် အခွံပါရင် သင်းချည်းပဲအုံ၊ အခွံမပါရင် ရွှံ့စေးစေးသုတ်ပြီးတော့ဖြစ်ဖြစ် ပွဲလျက်သုတ်ပြီးတော့ ငှက်ပျောဖက်ဖြစ်ဖြစ် စသည်တို့နဲ့အထပ်ထပ် ထုပ်ပြီးတော့ဖြစ်ဖြစ် အုံရတယ်။

ကျက်လွယ်တဲ့အစာကို ပြာပူနဲ့အုံရပြီး၊ နူနယ်တဲ့အစာမျိုးကျတော့ ထမင်းအိုးဦးပေါင်းထဲမှာ ထည့်အုံရတာပဲကွဲ့။

ကဲ ... မင်းစဉ်းစားကြည့်စမ်း၊ ချက်ရေးပြုတ်ရေးကိစ္စထဲမှာ ချက်ပြုတ်နည်းတောင်ငါသိတာချည်းပဲ။ ဆယ့်တစ်မျိုးနော် ငါမသိတာတွေ အများကြီးရှိနေဦးမှာကွ။

ဥပမာကွာ ရေနွေးဖြောတာတို့၊ ပြာပူနဲ့ဖုတ်တာတို့၊ အုံတာတို့၊ နှပ်တာတို့၊ မြှုက်တာတို့၊ နွေးတာတို့ဆိုတဲ့ပြုလုပ်ပုံ ပြုလုပ်နည်းမျိုးပေါ့။

ပြီးတော့လည်း ဒါဟာ ဒီလို ချက်ရေးပြုတ်ရေးကိစ္စတွေ နားလည်ရုံ ပြုလုပ်တတ်ရုံနဲ့ ပြီးပြီထင်သလား မပြီးသေးဘူးကွ။

mgyoe.com

mgyoe.com

ချက်ပြုတ်ဖို့အတွက် စားဖွယ်သောက်ဖွယ် ကုန်ဝတ္ထုကြမ်းတွေကို အရသာအဆင်ပြေအောင် ရောနှောဖော်စပ်ဖို့လည်း လိုသေးတယ်။

အဲဒီလို

ချက်ဖို့ပြုတ်ဖို့ ဖော်စပ်တော့ ဒီအစာထဲမှာ ဆားကဘယ်လောက်ထည့်ရမယ်။ ဆီကဘယ်လောက် ထည့်ရမယ်။ ငရုတ်၊ ကြက်သွန်က ဘယ်လောက် ရေက ဘယ်လောက်ထည့်ရမယ်လို့ ချင့်ချိန်နှိုင်းဆပြီး တစ်မျိုးတည်း စားတာထက် ပိုကောင်းအောင် အရသာအမျိုးမျိုးစပ်ဟပ်ပြီး ချက်ပြုတ်ခြင်းကို ချက်ပြုတ်ဖော်စပ်နည်းလို့ခေါ်တယ်။

အဲဒီလိုစပ်ဟပ်ပြီး ဘာပြုလို့ ချက်ပြုတ်ရသလဲဆိုတော့

၁။ အရသာပိုကောင်းအောင် ချက်ပြုတ်ခြင်း

၂။ ဓာတ်သဘာဝ မျှတအောင် ချက်ပြုတ်ခြင်း

ဆိုတဲ့အကြောင်းနှစ်မျိုးကြောင့်ပဲ။ ဒီအကြောင်းနှစ်မျိုးမှာ ပထမအမျိုးကတော့ အထူးရှင်းနေစရာ မလိုပါဘူး။ ကွမ်းစားသလို ကိစ္စမျိုးပဲ။

ကွမ်းကိုစားနေကြတဲ့ လူတွေဟာ ကွမ်းချည်းပဲလည်း မစားဘူး။ ကွမ်းသီးချည်းပဲလည်း မစားဘူး။ ထုံးဆိုတာတော့ မပြောနဲ့တော့ သူတို့သုံးဦးပေါင်းစပ်လိုက်မှ ကွမ်းရဲ့အရသာပေါ်သလို တချို့ကျတော့ ငါးကြင်းကွက်ထနေတဲ့ ငမြာကြီးဆေးကလေးတောင် ထည့်ရဦးမှ။

မင်းတို့ ချက်ပြုတ်နေကြတဲ့ အစာတွေမှာလည်း စပ်ဟပ်ချက်ပြုတ်ခြင်း အကြောင်းကြောင့် အရသာ ရှိစေလိုခြင်းဆိုတဲ့ အကျိုးကို ရလိုတဲ့အတွက်ပဲ။

ပန်းချီကားတွေမှာ မင်းတို့ကြည့်စမ်း၊ အရောင်တွေ အများကြီးတွေ့ကောင်းတွေ့လိမ့်မယ်။ အဲဒီအရောင်တွေ အားလုံးဟာအနီ၊အဝါ၊အပြာဆိုတဲ့ မူလအရောင်ကြီးသုံးရောင်က အချင်းချင်းစပ်ပြီး အရောင်အမျိုးစုံ ဖြစ်လာရတာပဲ။

အဲ အရသာဆိုတာမှာလည်း ချို၊ ငန်၊ စပ်၊ ခါး၊ ဆိမ့်တဲ့ အရသာ ငါးမျိုးကနေပြီး အမျိုးမျိုးပွားရတာပေါ့ကွာ။

ဒုတိယတစ်မျိုးကတော့ သေသေချာချာ ရှင်းရလိမ့်မယ်ဟေ့။

ဘယ်လိုရှင်းရမလဲဆိုတော့ မင်းတို့ချက်ပြုတ်နေကြတဲ့ အစာအာဟာရတွေထဲမှာ ရေ၊ မြေ၊ လေ၊ မီး အဆင်းအနံ့ အရသာအနှစ်ဆိုတဲ့ ဓာတ်တွေ ရှိကြတယ်ကွဲ့။

mgyoe.com

mgyoe.com

ဒီဓာတ်တွေရှိပုံမျိုးချင်းလည်းတစ်ခုနဲ့တစ်ခု မတူကြဘူး၊ တချို့က ရေများတယ်။ တချို့က မြေများတယ်။ တချို့က အပူကိုအားပေးတယ်။

အဲဒီတော့ တစ်ခုနဲ့တစ်ခု မတူကြဘူးကွ။ ဆိုကြပါစို့ကွာ။ မင်းဟာ အစာအမျိုးမျိုးကို အအေးဓာတ်တွေချည်း လွန်ကဲဖြစ်ပေါ်လာအောင် အမှတ်တမဲ့ ချက်ပြုတ်ကျွေးမိတယ်ဆိုပါတော့။

ဟော ... မင်းနဲ့တကွ မင်းအိမ်သားအားလုံးဟာ အေးခြင်းရဲ့ ပတ်ဖွဲ့မှုတွေခံရပြီး၊အအေးရုပ်ကြီးတွေအဖြစ် ပြောင်းလဲလာမယ်၊ ဒီတော့ကာ အေးတဲ့ရုပ်ကောင်ကြီးက သူကြိုက်တဲ့တောင့်တမှုတွေနဲ့ ဖြည့်စွမ်းဖို့ တောင်းဆိုလာတယ်။

မင်းနားရှင်းအောင် ပြောရမယ်ဆိုရင် အအေးရုပ်ကြီးက အအေးစိတ်တွေပေါ်လာမယ်လို့ ဆိုတာပေါ့ကွာ၊ ဒီတော့ အပြင်က မျှတတဲ့ ပူမှုအေးမှုနဲ့ မင်းရုပ်ကောင်ကြီးနဲ့ မကိုက်ညီရင် မင်းရုပ်ကောင်ကြီးက အပြင်က မျှတတဲ့ ပူမှုအေးမှုကို ခုခံတိုက်ခိုက်နေရတော့မှာပေါ့၊ အဲဒီလို ခုခံရလို့ အသားအသွေးတွေ ပင်ပန်းသွားခြင်းကို မင်းတို့က ဖျားနေတယ်လို့ ခေါ်မှာပဲ။

ဒါကြောင့်

မင်းတို့စားတဲ့အစားအစာတွေမှာ အအေးကို ဖြစ်စေ၊ အပူကိုဖြစ်စေ၊ ရေဓာတ်၊ လေဓာတ်၊ မြေဓာတ်ကိုဖြစ်စေ ဘယ်ဟာမှ မလွန်နိုင်အောင် မျှမျှတတ ညီညီညွတ်ညွတ်ဖြစ်အောင် စုပေါင်းစပ်ဟပ်ပြီး ချက်ပြုတ် စားသောက်ရမယ်တဲ့။

အဲဒီလို စုပေါင်းစပ်ဟပ်တာဟာ အရသာ ပိုကောင်းရုံတွင်မဟုတ်ဘဲ အပူအအေးဓာတ်သဘာဝ မျှတအောင်ချက်ပြုတ်ခြင်းလည်း ဖြစ်သေးတယ်။

**အပူနှင့်အအေး**

ကဲ ... စုပေါင်းစပ်ဖော်ပြီး ချက်ပြုတ်ကြရခြင်းဟာ ဘာကြောင့်ဆိုတာ မင်းသိပြီ၊ ဒီတော့ကာ ဘာတွေကို ဘယ်လိုညီညွတ်အောင် စုပေါင်းစပ်ဟပ်ပြီး ချက်ရမလဲဆိုတာကို ပြောပြဖို့ပဲ လိုတော့တယ်။

မင်းကို အလွယ်ဆုံးနည်းနဲ့ပြောရမှာဖြစ်၍

အစိုင်အခဲအဖြစ်နဲ့ တည်ရှိနေသမျှ မင်းတို့ မျက်စိနဲ့မြင်ပြီး လက်နဲ့

mgyoe.com

mgyoe.com

ကိုင်လို့ရသမျှအရာဝတ္ထုတွေဟာ မြေနဲ့ရေ အများဆုံးပါတဲ့ အရာပဲလို့ မှတ်ထားရမယ်။

အဲဒီအရာဝတ္ထုတိုင်းမှာလည်း ပျော့ပျောင်းတယ်၊ အိတွဲတယ်၊ နူးညံ့တယ် ဆိုရင် ရေဓာတ်များတဲ့အရာပဲကွဲ့။

ကြမ်းတယ်၊ မာကျောတယ်၊ ပြင်းတယ်၊ ဆတ်တယ်ဆိုရင် မြေဓာတ်များတဲ့ အရာပဲကွဲ့။

ပြီးတော့ တစ်နည်းအားဖြင့်

| | |
|---|---|
| (ပထဝီ) မြေဓာတ် | အဆိမ့် |
| (အာပေါ) ရေဓာတ် | အချို၊ အဖန် |
| (ဝါယော) လေဓာတ် | အခါး အငန် |
| (တေဇော) အခိုးဓာတ် | အပူအအေး |
| (အာကာသ) အပွင့်အပေါက်ဓာတ် | အစပ်၊ အချဉ် |

လို့ မှတ်ထားရမယ်ကွဲ့၊ ဒါတွေဟာ တို့ဗမာဆေးကျမ်း တချို့ရဲ့ အလို ပြောတာနော်။

နောက်တစ်မျိုးက မြေဓာတ်ပဲဖြစ်ဖြစ်၊ ရေဓာတ်၊ လေဓာတ်ပဲဖြစ်ဖြစ် အရေးအကြီးဆုံးက ပူမှု၊ အေးမှုပဲကွဲ့၊ လူတွေ၊ တိရစ္ဆာန်တွေ၊ တောတောင် သစ်ပင်တွေကို ကြာရှည်တည်အောင် မတည်အောင်ဖန်တီးနေတာဟာ အပူနဲ့ အအေးက ဖန်တီးနေတာပဲ။

ဒီနေရာမှာ ဖြိုးတယ်ဆိုပေမယ့် နည်းနည်း ယုတ္တိယုတ္တာကလေးနဲ့ ဖြိုးပြမှ မင်းတို့ကလည်း ယုံမှာကိုးကွ။

ကေနံ–ရုပ္ပတိ၊ သီတေနာပိ ရုပ္ပတိ–ဥဏှေနာပိ ရုပ္ပတိ၊

ကေနံ–အဘယ်ကြောင့်၊ ရုပ္ပတိ ဖောက်ပြန်သနည်း။

သီတေနာပိ အအေးကြောင့်လည်း၊ ရုပ္ပတိ ဖောက်ပြန်၏ ဥဏှေ နာပိပူခြင်းကြောင့်လည်း ရုပ္ပတိဖောက်ပြန်၏ .. တဲ့။

ကဲ ရုပ ဒါမှမဟုတ်ရင် အဆင်း ဒါမှမဟုတ်ရင် မြင်နေရသောအရာတွေ ပါဠိပျက်စကားနဲ့ ခေါ်ရင် 'ရုပ်'

အဲဒီရုပ်တွေအားလုံးဟာ ဘာကြောင့် ဖောက်ပြန်ရသလဲတဲ့

ဟော အပူကြောင့်ရော အအေးကြောင့်ရော ဖောက်ပြန်ရပါတယ်တဲ့

mgyoe.com

mgyoe.com

ရုပ်ဆိုတာကိုက ဖောက်ပြန်တတ်သောကြောင့် 'ရုပ်' လို့ခေါ်တာကိုး ရုပ္ပတီတိ ရူပံ၊ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဣတိ – ထို့ကြောင့် ရူပံရုပ်မည်၏။

ကဲ ... မျက်စိနဲ့မြင်နေသမျှအရာတွေဟာ ရုပ်တွေတဲ့ အဲဒီရုပ်တွေဟာ ဖောက်ပြန်တတ်တဲ့သဘောရှိတယ်။ ဘာကြောင့် ဖောက်ပြန်ရသတုံးဆိုရင်လည်း ပူခြင်း၊ အေးခြင်းကြောင့် ဖောက်ပြန်ရပါတယ်တဲ့။

အေး တစ်ခုရှိသေးတယ် 'ရုပ်' ဆိုတာဘာလဲ၊ ဘာကြောင့် ရုပ်လို့ခေါ်ရသလဲဆိုတာမှာ

ကတမဥ္စ ဘိက္ခဝေ၊ ရူပံ၊ စတ္တာရောစ၊ မဟာဘူတာ စတုန္နဥ္စ၊ မဟာဘူတာနံ၊ ဥပဒါယရူပံ၊ ဣဒံဝုစ္စတိ၊ ဘိက္ခဝေရူပံ

ဘိက္ခဝေရဟန်းတို့ ရူပံရုပ်သည်၊ ကတမံ အဘယ်နည်း၊ စတ္တာရော လေးပါးကုန်သော မဟာဘူတာစ 'တည်ရာမှီရာကြီး'တို့လည်းကောင်း၊ ဝါ မဟာဘုတ်တို့လည်းကောင်း၊ စတုန္နံလေးပါးကုန်သော မဟာဘူတာနံ 'တည်ရာ မှီရာကြီး'တို့ကို ဥပဒါယစွဲမှီ၍ ပဝတ္တံဖြစ်သောရုပ်ရုပ်လည်းကောင်း ဘိက္ခဝေ ရဟန်းတို့ ဣဒံ ဤနှစ်ပါးအပေါင်းကို ရူပံ ရုပ်ဟူ၍ ဝုစ္စတိ ဆိုအပ်၏တဲ့။

အဲဒါကတော့ ချဲ့ပြလိုက်တာပါပဲ ရုပ်ဆိုတာဟာ ဆေးဆရာတွေနဲ့ သင်္ဂြိုဟ်ဆရာတွေက မဟာဘုတ်လို့ခေါ်တဲ့ 'မဟာဘူတ'ပေါ့ကွာ

မဟာဘူတက ပါဠိစကား၊ ဗမာလိုပြန်လိုက်တော့ 'မဟာဘုတ်' ဆိုပဲ တိုက်ရိုက်ပြန်ရင် ကြီးကျယ်သောတည်ရာမှီရာလို့ ဆိုနိုင်တာပေါ့ကွာ။ ငါကတော့ ...

'တည်ရာမှီရာကြီး' လို့ခေါ်လိုက်တယ်။

အဲဒီ တည်ရာမှီရာကြီးက လေးခုရှိသတဲ့။

မြေ

အခိုး

ရေ

လေ

ပေါ့ကွာ 'အခိုး' ဆိုတာမှာ အပူခိုး၊ အအေးခိုးပေါ့။

အဲဒီ 'တည်ရာ မှီရာကြီး' လေးခုနဲ့ အဲဒီလေးခုကို စွဲပြီးဖြစ်နေကြ

mgyoe.com

ဖြစ်လာကြတဲ့ မြင်မြင်သမျှအားလုံးဟာ ရုပ်တွေပါပဲတဲ့။

အဲဒီရုပ်တွေအားလုံးကို ပူခြင်း၊ အေးခြင်းဆိုတာက ဘယ်တော့မှ ရုပ်တည်မနေစေဘဲ၊ ပြောင်းလဲအောင်ဖန်တီးထားနေတယ်ဆိုတာ ငါပြော ပြီးခဲ့ပြီနော် ...

ဒါ့ကြောင့် မင်းတို့ ကိုယ်ကောင်ကြီးထဲမှာ ရှိတဲ့ အပူဓာတ်၊ အအေး ဓာတ်တွေဟာ မျှတဖို့ လိုတယ် ပိုပြီးရှင်းအောင်ပြောရရင်

မြေဓာတ်၊ ရေဓာတ်၊လေဓာတ်တွေ စုပေါင်းဖွဲ့စည်းပြီးတော့ နေကြတဲ့ မင်းရဲ့ရုပ်ကောင်ကြီးထဲမှာ မြေပူဓာတ်၊ မြေအေးဓာတ်၊ ရေပူဓာတ်၊ ရေအေး ဓာတ်၊ လေပူဓာတ်၊ လေအေးဓာတ်တွေ မျှတရဲ့လား

မမျှတလို့ အပူကဖြစ်စေအအေးကဖြစ်စေလွန်နေခဲ့သော် ဘာတွေကို ချက်ပြုတ်ပြီးစားရ၊ သောက်ရ၊ ဖြည့်တင်းရမလဲ

အဲဒါကို မင်းတို့အလွယ်ဆုံးသိနိုင်တဲ့နည်းက

'ဘဲ' ဆိုပါတော့ကွာ ရေထဲမှာ ကျက်စားတဲ့အကောင်

ဒါ့ကြောင့် သူ့ကို အအေးကောင်၊ အအေးကြိုက်၊ ရေလွန်တဲ့ အကောင် လို့ မှတ်ရမယ်

သူအော်တဲ့အသံဟာ အ,တယ် မှတ်ထားနော်

'ကြက်'ကွာ ကုန်းပေါ်မှာနေတဲ့ အကောင်

ဒါ့ကြောင့် သူ့ကိုမြေလွန်တဲ့အကောင် ပူတယ်၊ သူ့အသံဟာ ပီသတယ် မြည်တယ်။

ရေစိုနေတဲ့ တုံးနဲ့ ခြောက်သွေ့နေတဲ့ တုံးကို ခေါက်ကြည့်စမ်း။ ဘယ်တုံးက အသံမြည်သလဲ တုံးဆိုတာ ကလတက် ပြောတာကွ။ ဘုန်း ကြီးကျောင်းတွေမှာ မနက်အစောကြီး ခေါက်ကြတာပေါ့။

ခြောက်တဲ့တုံးကမြည်တယ်၊ စိုတဲ့တုံးက အ တယ်။

မိုးသိပ်ရွာတဲ့အရပ်မှာနေတဲ့ ရခိုင်တို့ ထားဝယ်တို့ ဗမာစကား ပြောကြ ပုံနဲ့ မြင်းခြံတို့ မန္တလေးတို့က ဗမာတွေ ဗမာစကားပြောကြပုံဟာ ဘယ်သူက အာလေး လျှာလေးသလဲ ..

သူတို့ထက် အထက်ကျပြီး အအေးဖွဲ့တဲ့ ရှမ်းပြည်ဘက်ကလူတွေ စကားပြောတဲ့ အသံကော ဘယ်လိုလဲ ...

mgyoe.com

mgyoe.com

အင်မတန်ပူတဲ့ အရပ်မှာနေကြတဲ့ ကလယ်ကုလားတွေ စကားပြော တာကို မင်းနားထောင်ကြည့်စမ်း။

အခု မင်းကို ပြောနေတာဟာ သဘောတွေကို ပြောပြနေတာနော် တို့ဗမာနည်းအရ ဓာတ်မခွဲရဘဲနဲ့ ဘယ်အစာဟာအပူ ဘယ်အစာဟာ အအေး၊ ဘယ်အစာဟာ မြေလွန်တယ်၊ လေလွန်တယ်၊ ရေလွန်တယ်လို့ အတတ်သိနိုင်အောင် ပြောပြနေတာကွဲ့။

မင်းစိတ်ထဲက တကတည်းတော် ဆေးဆရာမှ မဟုတ်ဘဲ ဒါတွေ သိဖို့မလို ပါဘူးလို့ မအောက်မေ့လေနဲ့။

မင်းဟာ မင်းကိုယ်နဲ့တကွ လင်ရောသားပါ ကျန်းမာမှုကိုဖြစ်အောင် အစားအသောက်ကိုသင့်တင့်အောင် ဆေးလည်းဖြစ်၊ ကောင်းလည်းကောင်း အောင် ချက်ပြုတ်ကျွေးနိုင်စွမ်းတဲ့အိမ်ထောင်ရှင်မတစ်ဦး ဖြစ်ရမယ်ကွဲ့။

'အစာလည်းဆေး ဆေးလည်းအစာ'ရယ်လို့ ဗမာဆေးကျမ်းတစ်စောင် က ဆိုထားတယ်။ ဒီတော့ မင်းဟာ မင်းနဲ့တကွ လင်တို့ သားတို့မှာ အအေး လွန်သလား၊ အပူလွန်နေသလား၊ နေပုံထိုင်ပုံနဲ့ ချေးသေးတို့ကိုပါ အကဲခတ် ပြီး သင့်တင့်အောင် ချက်ပြုတ် ကျွေးနိုင်မယ်ဆိုရင် ဆေးဖြစ်မှာပဲ။

ဒီလိုမဆင်ခြင်တတ်ဘဲ မတည့်တဲ့ဟာတွေကို အရမ်းချက်ပြုတ်ကျွေးနေ ရင်တော့ မြန်မြန်မသေသေအောင် မတည့်တဲ့ ဆေးတွေကျွေးသတ်နေတာ၊ အဆိပ်တွေ ကျွေးသတ်နေတာနဲ့တူမှာပဲကွ။

အဲဒါကြောင့် မင်း ဒါတွေကို နားလည်ရမယ် နားလည်လောက်အောင် လည်း ငါကသဘောတွေပြောပြမယ်။ ငါက ပြောတယ်ဆိုပေမယ့် ငါ့ ကိုယ်ပိုင်ဉာဏ်နဲ့ ပြောတာမဟုတ်ဘူးနော်။ တတ်သိနားလည်တဲ့ ဆရာ အမျိုးမျိုး၊ ပညာရှိအမျိုးမျိုး စာအုပ်စာတမ်းအမျိုးမျိုးတွေကို အနှစ်နှစ်၊ အလလ မှတ်သား နာယူ လေ့လာဆည်းပူးပြီးမှ တစ်ခါထပ်ပြီး ငါ့ကိုယ် ပိုင်ဉာဏ်နဲ့ချင့်ချင့်ချိန်ချိန်ပြောပြတာကွ။

ငါပြောတာလွဲရင်တော့ ငါ့အမှားပဲ၊ မှန်ရင်တော့ စာအုပ်တွေ ပညာရှင် တွေရဲ့ ကျေးဇူးပဲ၊ မင်းဟာ အင်မတန် အဆင်သင့်လွန်းလို့ တစ်ထိုင်တည်းနဲ့ ဆုံးဖြတ်ပြီးသား အကျိုးအကြောင်း ဆင်ခြင်ပြီးသား၊ ဆင်ခြင်သင့်စရာ တွေးသင့်စရာ သိသင့်စရာတွေကို လွယ်လွယ်ကူကူ သိရတာ။

mgyoe.com

mgyoe.com

မင်းက မလေးမစား ဂရုမစိုက်တော့ မလုပ်လိုက်နဲ့နော် ဖြီးရ၊ ဖြန်းရ၊ ဖိန်းရတဲ့လူကိုလည်း ဖြီးရကျိုး၊ ဖိန်းရကျိုးနပ်အောင် ဂရုစိုက်ချင်ယောင် သဘောကျချင်ယောင်ကလေး ဘာလေး နည်းနည်းပါးပါး ဆောင်ဆောင်ပြ ဦးမှပေါ့၊ ကဲ ... မင်းစိတ်ထဲမှာ လွယ်လွယ်ကလေးဖြစ်လာအောင် ဂရုစိုက် မှတ်လိုက်စမ်းပါ။

၁။ လေထဲမှာ ကျက်စားတဲ့ အကောင်မှန်သမျှ လေလွန်တယ်မှတ်။ လေလွန်တဲ့အရသာဟာ ခါးတယ် ငန်တယ်။

လေထဲမှာ ပျံပြီးတော့ ရေထဲမှာ ကျက်စားတဲ့အကောင်ဟာ လေလွန်တဲ့အကောင် အအေးဓာတ်၊ အရသာမှာ အေးတယ်၊ ငန်တယ်၊ တင်ကျီး၊ ဗျိုင်း၊ ကြိုးကြာ၊ ရေဝမ်းဘဲ၊ ရေကြက်။

လေထဲမှာပျံပြီး ကုန်းမှာ ကျက်စားတဲ့အကောင်ဟာ လေလွန်တယ်၊ ပူတယ်မှတ်၊ အရသာဟာဆိမ့်တယ်၊ ငန်တယ်၊ ချိုး၊ ခါး၊ ငုံး၊ ဆက်ရက်၊ စာကလေး။

၂။ မြေနေသတ္တဝါမှန်သမျှ၊ မြေလွန်တဲ့အကောင်လို့ မှတ်ရမယ်၊ မြေရဲ့ အရသာဆိမ့်တယ်ကွဲ့။

မြေမှာနေပြီး ရေမှာကျက်စားတဲ့ အကောင်တွေဟာ အေးတယ်၊ ဆိမ့်တယ်၊ ဝမ်းဘဲ၊ ဝက်၊ ဖားပေါ့၊ မြေလွန်တာဘဲ

မြေပေါ်မှာနေပြီး ကုန်းကိုပဲကြိုက်တဲ့ အကောင်တွေဟာ မြေလွန်တဲ့ အကောင်တွေပဲ အရသာပူတယ်၊ဆိမ့်တယ်၊ကြက်၊ကြောင်၊နွား၊ ဆိတ်တို့ပေါ့။

၃။ ရေနေသတ္တဝါမှန်သမျှ ရေလွန်တဲ့ဓာတ်တွေချည်းပဲ အရသာ ကတော့ ချိုတယ်ကွဲ့။

ရေပေါ်မှာ သွားလာ ကျက်စားတတ်တဲ့ ငါးပေါ်ငါးလွင်ကလေး တွေဟာ အေးတယ်၊ တက်တယ်၊ တက်စာ အအေးလို့မှတ်။ ငါးပြေမ၊ ငါးစင်ရိုင်း၊ ငါးဖယ်၊ ငါးသလောက်၊ ပုစွန်။

ရေအောက်ပိုင်းမှာသွားနေတဲ့ အကောင်တွေဟာ အေးတယ်၊ သက်တယ်ကွဲ့၊ သက်စာ၊ အအေးပေါ့၊ ရေအောက်ပိုင်းဆိုလို့ ရေတိမ်ကုန်းစပ်မှာ ကပ်နေတဲ့ ငါးရှဉ့်တို့ ငါးမြွေထိုးတို့ကို မယူဆရဘူးနော် ရေအောက်ပိုင်း မှာလည်းနေတယ်။ လေးလည်းလေးလံတယ်။ အရောင်အဆင်းလည်း

mgyoe.com

mgyoe.com

မွဲခြောက်ခြောက်ရှိတယ်ဆိုတဲ့ အကောင်တွေပဲကွ။

အအေးရဲ့အမှတ်အသားများဟာ ...

| ပြောစကားများ | အသံများအရောင်အဆင်းများ | အနံ့များ |
|---|---|---|
| ၁။ အေးတယ် | အ,တယ် ဖြူတယ် | ညှီတယ် |
| ၂။ ချမ်းတယ် | ဟာတယ် | ပြာတယ်စို့တယ် |
| ၃။ တွန့်တယ် | ရှည်တယ်စိမ်းတယ် | ချဉ်တယ် |
| ၄။ စောင်ခြုံချင်တယ်၊ နှေးတယ်၊ ညိုတယ် | | ပုပ်တယ် |
| ၅။ မီးလှုံချင်တယ် | ဝဲတယ် နက်တယ် | ဟောင်တယ် |
| | မွဲတယ် အောက်တယ် | သိုးတယ် ... |

အဲဒါတွေ အားလုံးဟာ အေးတဲ့လက္ခဏာ အမှတ်အသားတွေချည်း ပဲကွဲ့၊ လူကိုပဲဖြစ်ဖြစ်၊ ဘာကိုပဲဖြစ်၊ အဲဒီဖော်ပြပြီးခဲ့တဲ့ အကြောင်းတွေနဲ့ တိုက်ဆိုင်ညီညွတ်တဲ့ အပြုအမူတွေ၊ အသံတွေ၊ အရောင်တွေ၊ အနံ့တွေရှိ နေကြရင် အဲဒါတွေ အားလုံးဟာ အအေးပဲ။

နောက်အပူရဲ့ အမှတ်အသားကတော့

| ပြောကြတဲ့စကား | အသံ | အဆင်း | အနံ့ |
|---|---|---|---|
| ၁။ ပူတယ် | မြည်တယ် | လင်းတယ် | ညှော်တယ် |
| ၂။ အိုက်တယ် | ဟိန်းတယ် | ထိန်တယ် | ခြစ်တယ် |
| ၃။ စပ်တယ် | တိုတယ် ဝါတယ် မွှန်တယ် | | |
| ၄။ ယပ်ခတ်ချင်တယ်–မြန်တယ် | | နီတယ် | စူးစူးဝါးဝါးရှိတယ် |
| ၅။ ရေချိုးချင်တယ်ထန်တယ် | | တောက် | ကြည်တယ် |

အဲဒါတွေဟာ အားလုံးအပူရဲ့လက္ခဏာ အပူရဲ့အမှတ်အသားတွေပဲ၊ ဒီလက္ခဏာရှိတဲ့ အစာရော လူရော အပူကောင်ဖြစ်လာပြီလို့သာ မှတ်တော့။

အဲဒီဖော်ပြခဲ့တာတွေအပြင် မင်းတို့ အကဲခတ်နိုင်အောင် အရောင်နဲ့ ဆက်စပ်ပြီး နည်းနည်း ပြောပြဦးမယ်။

တို့အလင်္ကာကျမ်းထဲမှာ 'ဟာသ' ဆိုတဲ့ရယ်ရွှင်ခြင်းဟာ အဖြူ ရောင်တဲ့၊ ကမိဏာဆိုတဲ့ သနားခြင်းဟာ ခိုရောင်တဲ့၊ ရုဒ္ဒဆိုတဲ့ ကြမ်းကြုတ်ခြင်းဟာ အနီတဲ့၊ ဝီရ ဆိုတဲ့ ရဲရင့်ခြင်းဟာ ရွှေရောင်တဲ့ ဘယာ နကဆိုတဲ့ ဘေးကို

mgyoe.com

mgyoe.com
ကြောက်ဆုတ်ခြင်းဟာ အမည်းတဲ့၊ ဝိဘစ္ဆဆိုတဲ့ ရွံရှာမှုဟာ အညိုတဲ့ အဗ္ဘုတ ဆိုတဲ့ အံ့သြခြင်းဟာ အဝါတဲ့၊ သန္တဆိုတဲ့ ငြိမ်းချမ်းခြင်းကတော့ သင်းခွေ ပန်းဖြူတဲ့။

ဒီတော့ အပူရောင် အအေးရောင်ချည်းပဲ မထွင်ဘဲနဲ့ မျက်နှာကြီးနီပြီး ရှူးရှူးရှဲရှဲနဲ့ မကြာမကြာ လုပ်နေရင် အပူလွန်ကဲတယ်၊ မျက်နှာကြီးညစ် ပုပ်ပုပ်နဲ့ ဘယ်သူဖြစ်ဖြစ် ရွံရှာစက်ဆုတ်သလို လုပ်နေရင် အအေးရုပ်ပေါ် နေပြီဆိုတာကို အပြုအမူနဲ့လည်း ဆက်စပ်ပြီးသိနိုင်သွားတာပေါ့ ဟုတ်လား။

အဲဒီလို အပူအအေးအကြောင်း အမှတ်အသားတွေကို သိပြီးတဲ့ နောက် အရသာကို အကြောင်းပြုပြီး အပူစာ၊ အအေးစာ ခွဲခြားထားတဲ့ အကြောင်းကို ပြောပြဦးမယ်။

ဘယ်နှယ့်လဲ ... မျက်တောင်တော်စင်းစင်းမှိတ်လို့ အိပ်ချင်စိတ်တွေ ပေါ်နေပြီလား မပျင်းပါနဲ့ကွ၊ ကြိုးစားပြီး ဖတ်လိုက် မှတ်လိုက်စမ်းပါ။ တို့လေ တစ်တိုင်းပြည်လုံးအတွက် မတတ်နိုင်တောင် တို့အိမ်သားတွေ အတွက်တော့ ဗမာသစ်တစ်အိမ်ထောင်ဖြစ်လာအောင် ပြင်ချင်လွန်းလို့ပါကွာ နည်းနည်းလောက်အောင့်ပြီး ဖတ်လိုက် မှတ်လိုက်စမ်းပါဦး။

ဒီလိုကွ

(၁) အချို

(၂) အချဉ်

(၃) အငန်

⋮

အဲဒီ သုံးမျိုးကို အအေးစာတဲ့ကွ။

နောက်တစ်နည်းပေါ့ကွာ ဒွါဒရာသီ ဆေးကျမ်းအလိုအတိုင်း အရောင် တွေခွဲပြရရင်

ပထဝီအနက်၊ အာပေါ အနီ၊ တေဇောအဖြူ ဝါယော အဝါ၊ သည်းခြေ အစိမ်း၊ အာဟာရ အပုပ်အပြာလို့ဆိုတယ်ကွ၊

အဲဒီတော့ အလင်္ကာကျမ်းအဆိုနဲ့ ဆေးကျမ်းအဆိုကို ပေါင်းစပ်ပြီး အပူအအေး ခွဲနိုင်လာပါလိမ့်မယ်။

ဥပမာကွာ အလင်္ကာကျမ်းက ရယ်ရွှင်ခြင်းအဖြူတဲ့ ဆေးကျမ်းက တေဇောအဖြူတဲ့။ ဒီတော့ ရယ်ရယ်ပြုံးပြုံး တဟားဟားဖြစ်လာတယ်ဆိုရင်
mgyoe.com

mgyoe.com

အပူလွန်ကဲတယ်ပေါ့ကွာ ဒါတွေဟာ နောက်ကိုဉာဏ်ရှိသလို ချင့်ချိန် ယူဆသွားနိုင်ဖို့ပေါ့

တချို့ ဆေးကျမ်းတွေကတော့ အဲဒီ သုံးမျိုးကိုအအေးသာမဟုတ်၊ အပူပါ ပါရှိနိုင်တယ်လို့ဆိုကြတယ်။ ငါတော့ သိပ်နားမရှင်းလို့ ချို၊ ချဉ်၊ ငန်ကို အအေးစာလို့ မှတ်လိုက်တယ်ကွဲ့၊ ပြီးတော့။

၁။ အစပ်

၂။ အပူ

အဲဒီနှစ်မျိုးက အပူစာကွဲ့၊ ပြီးတော့

၁။ ဆိမ့်

၂။ ဖန်

၃။ ခါး

ဒီသုံးမျိုးလုံးက အပူလည်းရှိတယ်။ အအေးလည်းရှိတယ်။ ဆိမ့်၊ ဖန်၊ ခါး၊ အပူကတော့

၁။ ကုန်းမြေနဲ့စပ်တဲ့သတ္တဝါ ကြက်၊ ဆင်၊ မြင်း၊ နွား၊ သမင် အဲဒါတွေဟာ ပူဆိမ့်၊

၂။ အပွေးကွဲ အဆူးထ သိပ်ကြမ်းတဲ့အပင်၊ ပဋ္ဌယာနီသီး အဲဒါမျိုး တွေဟာ ပူ၊ ဖန်၊ ခါး။

၃။ နွေဥတုပေါက်အခါးပင်၊ ခွေးတောက်၊ တမာ၊ ရဲယို၊ ပိုးစာ၊ ဆေးပုလဲ၊ ဂုံခါး၊ အဲဒါတွေဟာ ပူခါးပဲ။

နောက်ပြီး ဆိမ့်၊ ဖန်၊ ခါး၊ အအေးတော့

၁။ ရွံ့ရေနဲ့စပ်တဲ့ အေးဆိမ့်အစာ၊ ဝက်၊ ဘဲ၊ ဖား၊ ကျွဲ။

၂။ မိုးဥတုပေါက် အသီး ငှက်ပျော၊ မာလကာ အဲဒါတွေဟာ အေး၊ ဖန်၊ ခါး အစာပဲ။

၃။ မိုးဥတုပေါက် အခါးပင် ကန့်ကလာ၊ လယ်ပဒူ၊ မြင်းခွာ အဲဒါ တွေဟာ အေးခါးအစာတွေပဲ။

ကဲ ... အဲဒီ ပြောခဲ့တာတွေကို မင်းဟာ သေသေချာချာ ဂရုစိုက် လေ့လာလို့ မှတ်သားမိခဲ့ရင်၊ အပူစာ၊ အအေးစာကိုလည်း ခွဲခြမ်းပြီး ကောင်း ကောင်းသိနိုင်ပြီ။ အိမ်မှာရှိတဲ့လူတွေရဲ့ အပူရုပ်၊ အအေးရုပ်၊ အပူအမှတ်

mgyoe.com

mgyoe.com


အသား၊ အအေးအမှတ်အသားတွေလည်း ကောင်းကောင်းသိခဲ့ပြီ။ ဒီတော့ အပူသမားကို အအေးပေးလို့ အအေးသမားကို အပူပေးလို့ မျှတ သင့်တင့်အောင် ညှိညှိနှိုင်းနှိုင်းနဲ့ အစားအသောက်တွေကို ချက်ပြုတ်ကျွေးနိုင်ပြီ မဟုတ်လားကွဲ့။

နေဦးဟေ့ ... ဒီနေရာမှာ တစ်ခုသတိရထားတယ်။ ဟိုဒင်း 'တိတ္တော စမ္ပဓာဝတိစတုဝီသတိ နီလဝဏ္ဏော' ဆိုတာကစတာပဲ၊ တောင်သာဆေးကျမ်းပဲ ထင်ပါရဲ့ကွာ၊ ဒီလို ... ဒီလို။

တိတ္တော အခါးသည် စမ္ပ အရေသို့၊ ဓါဝတိ လိုက်၏။ စတုဝီ သတိ၊ ၂၄ ရက်တည်း၊ နီလဝဏ္ဏော၊ ညိုသောအဆင်းရှိ၏။ အမ္ဗိလော၊ အချဉ်သည်၊ အန္တဂုဏံ။ အူသိမ်သို့၊ ဓါဝတိ လိုက်၏။ စတုဝီသတိ ၂၄ ရက်တည်း၊ လေ ဟိတ ဝဏ္ဏော နီသော အဆင်းရှိ၏။ မဓုရော၊ အချိုသည် ဟဒယံ နှလုံးသို့ ဓါဝတိလိုက်၏။ သတ္တဟံ ၇ ရက်တည်း၊ ပဘဿရ ဝဏ္ဏော ပြိုးပြိုးပြက်ပြက်အဆင်းရှိ၏။ လဝဏ အငန်သည် နှာရုံ အကြောသို့၊ ဓာဝတိ လျက်၏။ နံဓါတု ဓာတ်သက်မရှိ၊ အမ္ဘိ ဠဝဏ္ဏော မောင်းသော အဆင်းရှိ၏။ ကဋုကော အစပ်သည် အဋ္ဌိမိဉ္ဇ ရိုးတွင်းခြင်ဆီသို့ ဓာဝတိ လိုက်၏။ ဒွာဒသဟံ ၁၂ရက်တည်း၊ ဩဒါ တဝဏ္ဏော ဖြူသောအဆင်းရှိ၏။ ကသာဝံ အဖန်သည် မံသံအသား သို့၊ ဓါဝတိလိုက် ၏။ သတ္တာဟံ ၇ ရက်တည်း။ သုဝဏ္ဏဝဏ္ဏံ ရွှေ အဆင်းရှိ၏တဲ့။

အဲဒါကတော့ ဘယ်အရသာရှိတဲ့ အစာဟာ၊ ဘယ်နေရာကို အားပေးပြီး ဘယ်နှစ်ရက် တည်တံ့တဲ့ ဓာတ်သက်ရှိတယ်၊ ကျေပျက်မသွားဘဲရှိနိုင်တယ် ဆိုတဲ့ ရှေးဟောင်းအမှတ်အသားပေါ့ကွာ။ အစာကရုပ်ကိုအကျိုးပြုပုံနဲ့ သက်တမ်းလေ။

နောက်တစ်ခုရှိသေးတယ်ကွ။ နရသုခိ အင်း ... ဟုတ်ကောင်းပါရဲ့။ နရသုခိ ငါးစောင်ထဲက တစ်စောင်စောင်ထဲမှာ ဖြစ်ပါလိမ့်မယ်။

အဲဒီအထဲမှာ အရသာနဲ့ ဓာတ်ကြီးလေးခု အားပေးပုံကို ဖော်ပြထားတာကတော့ ...

ဓာတ်ကြိုက်ရသာ၊ ဩဇာခပင်း၊ နှလုံးသွင်းလော၊ ထမင်းနှစ်သိမ့်၊ ချိုဆိမ့်ပျက်သိ၊ ရသာရှိသည်။ ပထဝီဓာတ်ကြိုက်၊ အငန်နှိုက်ကား နှစ်ခြိုက်

mgyoe.com

mgyoe.com

ဝါယော၊ စပ်ဖျဉ်းပြောကာ တေဇောကြိုက်သည်။ ဟင်းရည်ချိုလေး၊ အေးမြသည်ကို၊ အာပေါလိုဏ်။ ချဉ်ချိုသည်းခြေ၊ ကြိုက်ထွေပေါင်းစု၊ ဆီဦးထောပတ်၊ ရသာမြတ်ကို မြေဓာတ်တကွ၊ အာကာသလျှင် ကြိုက်ကြ အမုန်၊ ဓာတ်လေးတန်သည် ရုံဖန်ထို့ပြင် ကြိုက်ကြောင်းထင်ဏ်။ သမင်၊ ဒရယ်၊ ချေငယ်၊ ဆိတ်နွား၊ အသားများကား၊ အလာနည်းတူ၊ သွေးသက်သူကို လွယ်ကူသွေးမြောက်၊တက်ချိန်ရောက်လျက်၊နေတောက်မသင့်၊နေ့ခွဲဖင့်သော်၊ ပေးခွင့်လျော်၊ ကျွဲသား၊ ဝက်သား၊ ထိုနှစ်ပါးကို အလားတူမှတ် အာပေါဓာတ်ကိုလွှန်စေတတ်ဏ်။ သို့ဖြစ်သည်ကြောင့် သွေးလည်းဇကန်၊ သက်ထောက်တန်လျက် ဖောက်ပြန်မသက် သွေးတက်သောသူ ဖြစ်လတ်မူကား စားယူဤခွင့်ပေးလိုက်သင့်သည် ရေနှင့်တွေ့သည့် ကြာနှယ်တည်းတဲ့။

အလွတ်ရထားတာတွေပဲဟေ့ မှန်တော့ မှန်ကောင်းပါရဲ့ ရှင်းပြနေဖို့လည်း သိပ်မလိုပါဘူး၊ မင်းလည်း အဲဒါလေး အလွတ်ကျက်ထားလိုက်ရင် အကျိုးမဲ့တော့ မဖြစ်နိုင်ပါဘူးကွာ။

ကဲ ... အပူစာ အအေးစာကိုလည်း သိနိုင်ပါပြီ။ အပူလွန်၊ အအေးလွန်တဲ့ ရုပ်တွေကိုလည်း သိနိုင်ပါပြီ၊ ဒီစာတွေဟာ ဘာတွေဖြစ်ပြီး ဘယ်လောက်ကြာအောင် အကျိုးပေးတယ်ဆိုတာလည်း သိပြီ။ ဒါပေမဲ့ ဘယ်အချိန် ဘယ်အခါမှာ ဘယ်လိုဖြစ်လို့ ဘယ်လိုအပူအအေး လွန်နိုင်ပါသလဲဆိုတာ သိဖို့လိုသေးတယ်ကွဲ့။

အဲဒါကို မင်းနားလည်လောက်အောင် ငါခပ်ရှင်းရှင်းပြောပြမယ်။

ဒီလိုကွဲ့ ... ငါတို့ရဲ့ ကမ္ဘာကြီးဟာ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့ကစပြီး ပြာသိုလပြည့်နေ့အထိ ခြောက်လလုံးလုံး လှုပ်ရှားပြီး လည်လာလိုက်တာဟာ ...

ငါတို့ကမ္ဘာကြီးကို အပူဓာတ်ပေးနေတဲ့ နေလုံးကြီးဟာ မြောက်ဘက်ကနေပြီး တဖြည်းဖြည်း တောင်ဘက်မှာ ဝေးဝေးကျန်နေရစ်ခဲ့တယ်ကွဲ့. အဲဒီလို ကျန်နေရစ်ခဲ့တဲ့လမ်းကို တောင်တက်လမ်း ဒက္ခိဏာယာဉ်လို့ခေါ်တယ်။ တို့နေတဲ့ ကမ္ဘာကြီးဟာ တို့ကိုအပူဓာတ်ပေးနေတဲ့ နေကြီး နဲ့ဝေးပြီး ဆင်းလာခဲ့တာမို့ အဲဒီဥတုကို သက်ဥတုလို့ခေါ်တယ်။ ကျန်တဲ့ ခြောက်လကတော့ မြောက်ဘက်လမ်း ဥတ္တရယာဉ် တဖြည်းဖြည်း ကမ္ဘာကြီးဟာ နေနဲ့

mgyoe.com

mgyoe.com
နီးအောင်တက်လာလို့ တက်ဥတုပေါ့ကွာ။

သက်ဥတုဖြစ်တဲ့ ခြောက်လမှာ ငါတို့နေရတဲ့ကမ္ဘာကြီးဟာ ဘယ်လို အခြေအနေမျိုး ပြောင်းလဲလာသလဲဆိုတော့ လောကဓာတ်ကြီးတစ်ခုလုံး စိမ်းစိမ်းစိုပြီးတော့ အင်မတန်အေးစက်တဲ့ နှင်းရည်တွေ ယိုကျလာရတယ် မဟုတ်လား။

လယ်ကွင်းတစ်ပြင်လုံးမှာလည်း မြက်ပင်သောသော ရွှံ့ဖျောဖျောနဲ့ပေါ့ ဘယ်နေရာကြည့်လိုက်ကြည့်လိုက် 'မြရည်'လိမ်းထားတဲ့ သစ်ပင်တွေက လည်း အခက်အလက်တွေ ဝေဝေဆာလို့ မျက်စိထဲမှာကို အေးကနဲ စိမ့်ကနဲ သိမ့်ကနဲ ဖြစ်နေတဲ့အချိန်ပေါ့။

ကလေးငယ်ကလေးတွေမှာတဲ့ သေးတစိုစို နပ်တရွှဲရွှဲနဲ့ 'နေ'ကလေး နည်းနည်းကျဲမှ ကလေးအမေ သက်သာရာရတဲ့အချိန်မျိုးကလား။

အဲဒါ ဘာ့ကြောင့်လဲ။ ကမ္ဘာကြီးကလည်း အပူဓာတ်ရှိ နေနဲ့ဝေးအောင် သယ်လာတယ်။ ဒါကြောင့် လောကဓာတ်ကြီးတစ်ခုလုံး အအေးလောက ဓာတ် အအေးကမ္ဘာကြီးဖြစ်ပြီး အအေးရောင်တွေ ဖုံးလွှမ်းလာတယ်။ အအေး အကြောင်းအရာဖြစ်တဲ့ ရေတွေ စိုရွှဲလာတယ်။ စွတ်စိုထိုင်းမှိုင်းလာတယ်။ ပျော့ပျောင်းနူးညံ့လာရတယ်။ ကမ္ဘာကြီးတောင် စိုစွတ်အေးမြလာတော့ တောတောင်တွေ သစ်ပင်တွေ လယ်ကွင်းတွေလည်း အတူတူပဲ အေးရတော့ မှာပေါ့။

ဒီတော့ ဒီတောတောင် သစ်ပင်တွေကို အမှီပြုပြီးနေကြတဲ့ တိရစ္ဆာန် တွေလည်း အတူတူပဲ။ ဒါကြောင့် ဒီအချိန်အခါမျိုးမှာ ခဏခဏ ဆီးသွားရ တယ်။ အစာအိမ်တွေဟာလည်း နူးညံ့နေလို့ ဓာတ်ပျော့ပျော့သွားရတယ်။

ဒီလို အချိန်မှာ ပူတယ် ဝမ်းချုပ်တယ်၊ ဆီးနည်းတယ်ဆိုရင် မကျန်းမာ သူပဲကွဲ့၊ အအေးချိန်မှာ လူမပြောနဲ့ ဥတုနဲ့ ကန့်လန့်လုပ်ပြီး အပူအပင် စိုက်ကြည့် ဘယ်တော့မှ မရှင်းဘူး။

ဒါကြောင့် အအေးအချိန်မှာ လူတွေစားတဲ့အစာလည်း အပြင်က ဓာတ် သဘာဝနဲ့ ညီညွတ်အောင် အအေးစာ၊ သက်စာကိုပဲ ချက်ပြုတ်စားသောက် ကြရမယ်။ တကယ်ဆိုတော့ ပတ်ဝန်းကျင် ပြုပြင်မှုတွေကို အန်တုပြီး တရွှဲ့ တစောင်းလုပ်နေမယ်ဆိုရင် ဘယ်တော့မှ မဖြစ်နိုင်ဘူးကွဲ့။
mgyoe.com

mgyoe.com

အေး … တစ်ခုတော့ရှိတယ် မှုသေမှတ်မထားနဲ့ဦး။ သိပ်လွန်ရင်တော့ ဖြေရတယ် ချမ်းတဲ့အခါ မီးလှုံသလိုပေါ့ကွာ အဲ … အပူအချိန်အခါလည်း ထိုနည်းလည်းကောင်း။

တစ်ခါတစ်ရံတော့လည်း လောကဓာတ်ကြီး တစ်ခုလုံးနဲ့တကွ ပူမှု အေးမှုတွေဟာ ဖောက်ပြန်လာတတ်တာပေါ့ကွာ။

ဒီလိုပတ်ဝန်းကျင်တစ်ခုလုံး ဖောက်ပြန်လာတဲ့အချိန်မှာ မင်းလည်းပဲ ပတ်ဝန်းကျင်နဲ့အတူ အသာရောပြီး အလိုက်သင့် ပြောင်းလဲမှုတွေကိုပြုရ မယ်ကွ။

ဒီအချိန်အခါမျိုးမှာ ပတ်ဝန်းကျင်ရဲ့ ဖောက်ပြန်ပုံကို အတင်းအာခံပြီး ငါအမှန်အတိုင်းနေမယ်လို့ မလုပ်ရဘူး။

တစ်ခုတော့ ရှိတယ်ကွ၊ အတုလဆရာတော် ခင်ကြီးပျော်ရဲ့ဒွါရ ရာသီ ကျမ်းကို အမှီပြုပြီးတော့ရေးတဲ့ 'ကျုံယု' နက္ခတ်ကျမ်းထဲမှာ …

'မာသတိသေ၊ မယွင်းသွေး၍၊ ကိန်းနေမှန်စွာ၊သွားမြဲပါကို၊ရာဇာမင်းစိုး၊ မှူးမတ်ဆိုးနှင့် လူမျိုးအများ၊ ချွတ်ယွင်းပါး၍၊ တရားမစောင့်၊ ယွင်းကွက် ထောက်လျှင် မဖြောင့်သောအား၊ သွားခြင်းငါးဖုံ၊ သွားကုန်လင့်သော်၊ ချိန်သင့် သွေရှောင် မိုးမင်းခေါင်လျက် တောတောင်လေဆီဓာတ်မညီ၍ ရာသီယွင်း လက် သီးပွင့်ရွက်မှာ လေးနက်သြဇာမရှိပါဟု' စသဖြင့် ရေးသားထားတယ်ကွ။

အဓိပ္ပာယ်အကျဉ်းချုံးလျှင် ရာသီဥတုမမှန်ခြင်းဟာ မင်းတရား မစောင့် လို့တဲ့။

ဇနီးချစ်ရေ ဒါတွေကိုတော့ ငါမယုံဘူးကွ။

ရှင်းရှင်းပြောရရင် ငါတို့ဟာ ဒီဆေးကျမ်းတွေ ဒီပညာရှင်တွေရဲ့ ယုံကြည်ချက်ကို အကြောင်းပြုပြီး၊ အသိတရားတွေ အတွေးအခေါ်တရား တွေ ပေါ်လာတာပါပဲကွာ။

ဒါပေမဲ့ မင်းစဉ်းစားကြည့်စမ်း ဆိုပါတော့ကွာ။ တို့ နရသုခိ နရမာလာ နရရာသီ နရသြသစ နရတန်ဆောင်ဆိုတဲ့ ဆေးကျမ်းကြီးတွေ ဒွါဒရာသီတို့ ဒွါဒသိန် တို့ဆိုတဲ့ ဆေးကျမ်းကြီးတွေ အဘိဓမ္မာတောင်သာတို့ဆိုတဲ့ ဆေးကျမ်း ကြီးတွေ …

အဲဒါတွေမှာ ဘာပါတယ် ထင်သလဲ အဲဒီဆေးကျမ်းတွေအားလုံးက

mgyoe.com

mgyoe.com

လူတစ်ယောက်အတွက် သင့်တင့်တဲ့အစာအာဟာရကို စားစေဖို့ပေးဖို့ အတွက် ရုပ်ဓာတ်ကြီးမှာ ဘယ်လိုနေတယ်ဆိုတာကို သက္ကရာဇ်တည် ဘာနဲ့ စား ဘာပေါင်းဘာနုတ်ဆိုပြီး အဲဒီကအကြွင်းနဲ့ ပေါ်တဲ့အစာမျိုး စားစရာ မျိုးပေးသတဲ့ကွာ။ ငါတော့ သေချင်သလောက်ပါပဲ။

လက်တွေ့ အပူအအေးဆိုတဲ့ ဥတုကို စိတ်ကူးယဉ်နှင့် မှန်းဆတွက် ချက်ပြီး ပေးထားတာတွေပေါ့။ အဲဒါတွေတော့ ငါတစ်ခုမှ လက်မခံချင်ဘူး။

**အစာထဲကအား။**

ကဲ … အပူအအေးအချိန်ရာသီရော အစားအစာရော လက္ခဏာရော၊ ခပ်လွယ်လွယ် ခပ်ရှင်းရှင်းကလေး မင်းနားလည်သွားပြီနော်။ ဒီတစ်ခါတော့ မင်းတို့ ချက်ပြုတ်စားသောက်တဲ့ အစာထဲက အင်အားနဲ့ လူကို ဘယ်လို ဖြေစေနိုင်တယ်ဆိုတဲ့ အကြောင်းကို ပြောတော့မယ်ကွ။

ဒီလိုကွ မင်းငါတို့ နေထိုင်ကြတဲ့ လောကကြီးတစ်ခုလုံးနဲ့တကွ၊ မြင်မြင် သမျှ လှုပ်ရှားနေတဲ့အရာ ငြိမ်သက်နေတဲ့အရာ စမ်းသပ်လို့ရတဲ့ အရာတွေ ဟာ …

အားလုံး မြေ၊ ရေ၊ လေ၊ မီး၊ အဆင်း၊အနံ့အရသာ အနှစ်တွေချည်းပဲ။

လူမှာလည်း ဒီပစ္စည်း၊ တိရစ္ဆာန်မှာလည်း ဒီပစ္စည်း၊ သစ်ပင်တောတောင် မှာလည်း ဒီပစ္စည်း၊ စားဖွယ်သောက်ဖွယ်တွေမှာလည်း ဒီပစ္စည်းတွေသာ ဖြစ်တယ်။

အဲဒီပစ္စည်းတွေထဲမှာ တန်ခိုးဆိုတဲ့ ဓာတ်တစ်မျိုးလည်းပါတယ်ကွဲ့ ဒီတန်ခိုးကို 'အား' လို့လည်း ခေါ်ချင်ရင် ခေါ်နိုင်တာပဲကွဲ့။

အဲဒီတန်ခိုးဟာ ဘာနဲ့တူသလဲဆိုတော့ လက်နှိပ်ဓာတ်မီးထဲမှာ ထည့်တဲ့ ဓာတ်ခဲဆိုတာရှိတယ်မဟုတ်လား အဲဒီဓာတ်ခဲထဲမှာ 'ဓာတ်အား' ဆိုတာ ရှိတယ်၊ အဲဒီ ဓာတ်အားရှိမှ ဓာတ်ခဲဟာ မီးလင်းနိုင်တယ်၊ အဲဒီဓာတ်အား မရှိရင် မီးမလင်းနိုင်ဘူး။

ဒါဖြင့်ရင် ဒီဓာတ်ခဲထဲမှာ ဓာတ်အားဆိုတာ ဘယ်သင်းလဲလို့ လိုက်ရှာ ကြည့်စမ်း။

အပြင်ကဖုံးထားတဲ့ သွပ်ခွက်ကြီးဟာ ဓာတ်အားလား ဒါမှ မဟုတ်ရင်

mgyoe.com

အထဲမှာရှိကြတဲ့ ကျောက်မီးသွေးမှုန့်တို့ ကော်ရည်တို့ ဆားတို့ဟာ ဓာတ်အားလား၊ အလယ်က 'ကာဗွန်' ခေါ်တဲ့ မီးသွေးချောင်းဟာ ဓာတ်အားလား၊ ထိပ်က အုပ်ထားတဲ့ ကြေးပြားခွက်ကလေးဟာ ဓာတ်အားလား၊ ချိတ်ရည်တွေဟာ ဓာတ်အားလား ရှာကြည့်စမ်း။

ရှာကြည့်တော့ တစ်ခုမှ ဓာတ်အားမဟုတ်ဘူးနော် ...

ဒါဖြင့် ဓာတ်အား ဘယ်ကလာသလဲ ....

အဲဒီ အထက်က ပြောခဲ့တဲ့ ပစ္စည်းတွေကို သင့်တင့်ညီညွတ်အောင် စုပေါင်းထားလို့ ဓာတ်အားပေါ်လာတာပေါ့။

နောက်တစ်ခါ ဒီလိုစုပေါင်းထားတဲ့ ပစ္စည်းတွေဖြစ်ပါလျက်သားနဲ့ အမြင်နဲ့ရော အလေးချိန်နဲ့ရော သိသာ ထူးခြားလောက်အောင် ရောပြီးတော့လည်း မသွားကြဘဲနဲ့ အတော်ကလေး ကြာကြာသုံးလိုက်ရင် ဘာပြုလို့ အရောင် မလင်းတော့တာလဲ။

အဲဒါ ဓာတ်အားကုန်သွားလို့ပဲ မျက်စိအမြင်ပုံပန်းသဏ္ဍာန်နဲ့ အလေးချိန်ဟာ သိသာလောက်အောင် ထူးပြီးတော့ မလျော့သွားပေမယ့် ဓာတ်ခဲအသစ်တုန်းကရှိနေတဲ့ ကျောက်မီးသွေးမှုန့် စတဲ့ အရာဝတ္ထုတွေဟာ

မူလအဆင်း၊မူလအနံ့၊မူလအရောင်မဟုတ်တော့ဘူး။ ဖောက်ပြန်ကုန်ပြီ ပင်ကိုရုပ်ပျက်သွားပြီ အမြင်အားဖြင့် နဂိုပုံအတိုင်း ကျန်ရှိရစ်ခဲ့ပေမယ့် ဓာတ်သဘာဝကတော့ ဖောက်ပြန်ပျက်စီးသွားပြီ ဒါကြောင့် မလင်းတော့ဘူးကွဲ့။

လူဆိုတာမှာလည်း ဒီလိုကွဲ့ ရေ၊ မြေ၊ လေ၊ မီး၊ အဆင်း၊ အနံ့၊ အရသာ အနှစ်တွေကို သင့်တင့်ညီညွတ်အာင် စုပေါင်းဖွဲ့စည်းထားတဲ့ အရာဝတ္ထုသာ ဖြစ်တယ်။

အဲဒီအရာဝတ္ထုတွေကို သင့်တင့်ညီညွတ်အောင် ပေါင်းစပ်ထားလို့ ဖြစ်ပေါ်လာတဲ့ တန်ခိုးတွေ အားတွေက စားတတ်တယ်၊ သွားတတ်တယ်၊ ကြည့်တတ်တယ်၊ နားထောင်တတ်တယ်၊ ကြံစည်တတ်တယ်၊ ရုပ်ကောင်ကြီးရဲ့ ကြာရှည်တည်တံ့မှုကို ဖြည့်စွမ်းတတ်တယ်ကွဲ့။

အဲဒီ ရေ၊ မြေ၊ လေ၊ မီး အဆင်း၊ အနံ့၊ အရသာ၊ အနှစ်တွေကို ဓာတ်အားတွေ ခဏခဏ ဖြည့်ပေးပါလျက်သားနဲ့ တရွေ့ရွေ့ကုန်ခန်းသွားလို့ရှိရင်။

mgyoe.com

mgyoe.com

ရုပ်ကောင်ကြီးဟာ ရုပ်ကောင်ကြီးအတိုင်းတော့ရှိပါရဲ့ ဒါပေမယ့် တဖြည်းဖြည်း ဉာဏ်ထိုင်းသွား၊ အမြင်အားနည်းသွားတယ် မျက်စိမှုန်လာတယ်ဆိုပါတော့ကွာ အကြား အားနည်းသွားတယ်။ နားထိုင်းတာနဲ့ အတူတူပေါ့။ အသိအားနည်းသွားတယ် သတိမေ့တာ ဉာဏ်ထိုင်းတာပေါ့ နောက်ဆုံးသေသွားတာပဲ။

သေတော့ ရုပ်ကောင်ကြီးဟာ လျော့သွားသလားဆိုတော့ သိသာထူးခြားလောက်အောင်တော့ မလျော့သွားဘူး၊ အားကုန်တဲ့ ဓာတ်ခဲလိုပေါ့ကွာ။ သူလည်းဓာတ်အားတွေကုန်သွားလိုက်တာ ဆဲဆဲ၊ ဆိုဆို ဓားနဲ့ ခုတ်ခုတ် တုတ်နဲ့ရိုက်ရိုက် ဘာမှ မသိရှာတော့ဘူး။

စောစောကပြောတဲ့ အားကုန်တဲ့ ဓာတ်ခဲကို ဓာတ်သဘာဝ နားလည်တဲ့ လူတွေက ဓာတ်အားကို ထပ်ဖြည့်ပေးရင် အသစ်ကလောက်မလင်းပေမယ့် အတော်အတန်သုံးရလေအောင်တော့ လင်းလာသေးတယ်မဟုတ်လား။

အေး ... အဲဒီလိုပဲ။ ငါကလည်း သေပြီးတဲ့ လူကို သိပ်ပြီး မကျန်းမာ မသန်စွမ်းပေမယ့် အတော်အတန် ကျန်းမာသန်စွမ်းအောင်တော့ ကြံစည်ကြည့်ရင် ဖြစ်လိမ့်မယ်၊ ရှင်လိမ့်မယ်လို့ ယုံယုံကြည်ကြည် ယူဆ ထင်မှတ်မိတယ်ကွဲ့။

ဒါပေမဲ့ ဒီအလုပ်တွေဟာ ကိုယ်တိုင် လိုက်ပြနိုင်လောက်တဲ့ အခြေအနေမရှိဘဲ ကိုယ့်ယုံကြည်ချက်ကလေးနဲ့ချည်း ပြောပြနေရတာ မကောင်းပါဘူး။ ပြီးတော့ ငါဟာလောကမှာ ဘာမှမတည်မြဲဘူး။ အမြဲ ရွေ့လျား ပြောင်းလဲနေတယ်ဆိုတာကိုလည်း ယုံတယ်။ ဒါပေမယ့် ငါဆိုလိုတာက အခိုက်အတန့်ဖြစ်နိုင်တယ်ဆိုတဲ့ အကြောင်းပါပဲ ငါရဲ့ 'ရုပ်' ဆန္ဒက လိုလားလုပ်ချင်နေတာဟာ သေတဲ့ လူတွေ ရှင်စေချင်နေတာ၊ အခု ငါ ရင်ဆိုင်ပြီး လုပ်နေရတာက ရှင်တဲ့လူတွေ သေအောင်လုပ်လုပ် နေရတာ၊ သေနတ်ကြီး တကားကားနဲ့ ကဲ ... ဒါတွေ ထားလိုက်ပါတော့ကွာ။

နောက်တစ်ခုရှင်းပြဦးမယ်။

'လူ' မှာတော့ ရေ၊ မြေ၊ လေ၊ မီးတို့ သင့်တင့်ညီညွတ်အောင် ပေါင်းစပ်မှုကြောင့် အသက်ရှင်တယ်၊ အသိဉာဏ်ထူးတယ်။

တိရစ္ဆာန်မှာ ရေ၊ မြေ၊ လေ၊ မီးတို့ သင့်တင့်ညီညွတ်အောင် ပေါင်းစပ်

mgyoe.com

mgyoe.com

လျှက်ဖြစ်ပါလျက်သားနဲ့ အသက်တော့ရှင်ပါရဲ့ ဘာကြောင့် အသိဉာဏ် နည်းသလဲ။

သစ်ပင်မှာလည်း ရေ၊ မြေ၊ လေ၊ မီးတို့ သင့်တင့်ညီညွတ်ပေါင်းစပ်မှုပဲ မဟုတ်လား။ ဘာလို့ အသက်ရှင်ရုံရှင်ပြီး အသိဉာဏ်က မရှိသလောက်ဖြစ် နေရတာလဲလို့ မင်းက မေးချင်ရင် မေးနိုင်တယ်။

အဲဒီလိုမေးရင် ငါက အသင့်ပြောပြမယ်။ အသံဖမ်းစက်ဟာ သစ်သား ကြေးနီကြိုး ဓာတ်မီးလုံးတို့ စုပေါင်းပြီး လုပ်ထားတယ်။ သူ့မှာ သစ်သား ဓာတ်အား ကြေးနီကြိုးဓာတ်အား ဓာတ်မီးလုံး ဓာတ်အားတွေပဲရှိတယ်၊ အဲဒီဓာတ်အားတွေကို ညီညွတ်အောင် စုပေါင်းပြီး ဖွင့်လိုက်တော့ လူလိုပဲ သီချင်းဆိုတယ်၊ စကားပြောတယ်၊ တရားဟောတယ်၊ တစ်ခုစီသာ ဖျက်ရှာ လိုက်ရင် အသံကို ဘယ်နေရာမှ ရှာလို့မရဘူး၊ အသိလည်း မရှိဘူး၊ ဒါပေမယ့် သူ့မှာ အသံကိုဖမ်းယူနိုင်တဲ့ တန်ခိုးရှိလို့ ဓာတ်အားတွေရှိလို့ အဆင်သင့် အောင် လုပ်လိုက်ရင် အသံတွေ ထွက်လာတာပဲ။

ကောင်းပြီ ... ဒီတော့အသံတွေကို ဘယ်ဟာကဖမ်းသလဲ၊ ခုနကပြောတဲ့ သစ်သား၊ ဓာတ်မီးလုံး၊ ကြေးနီကြိုးတွေဟာ ဘာတွေလဲ ရေ၊ မြေ၊ လေ၊ မီးဆိုတာတွေပဲ မဟုတ်လား။

ဒါဖြင့် ဒို့ပြင် ရေမြေလေမီးတွေ စုပေါင်းထားတဲ့ ပစ္စည်းပေါပေါရတဲ့ ပစ္စည်းတွေနဲ့ အသံကိုဖမ်းယူပါလား။

မဖြစ်နိုင်ဘူး ... ဘာဖြစ်လို့ မဖြစ်နိုင်သလဲ ရေမြေလေမီးဆိုတာချင်း တူပေမယ့် သူတို့မှာရှိတဲ့ ဓာတ်အားချင်း ဖွဲ့စည်းပေါင်းစပ်ပုံချင်း ပေါင်းစပ်မှု ကြောင့် ဖြစ်လာတဲ့ တန်ခိုးချင်းက ခြားနားကြသေးတယ်ကွဲ့။

စေးပျစ်နေတဲ့ရွှံ့နဲ့ စေးပျစ်နေတဲ့သကြားခဲဟာ ရေမြေလေမီးချင်း တူကြပေမယ့် အဲဒီ ရေမြေလေမီးတွေကို ဖွဲ့စည်းပေါင်းစပ်ပုံချင်း တန်ခိုးအား ချင်းမတူကြဘူး။

အဲဒီလိုပဲ လူမှာရှိတဲ့ ရေမြေလေမီး တိရစ္ဆာန်မှာရှိတဲ့ ရေမြေလေမီး သစ်ပင် အရာဝတ္ထုတို့မှာ ရှိကြတဲ့ ရေမြေလေမီးတွေဟာ ဓာတ်အားချင်း ပေါင်းစပ်ဖွဲ့စည်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ တန်ခိုးအားချင်း မတူကြဘူး။

ဒါ့ကြောင့် လူမှာတွေ့တဲ့အတွေ့၊ လူမှာမြင်တဲ့အမြင်၊ လူမှာကြားတဲ့

mgyoe.com

mgyoe.com

အကြား လူမှာသိတဲ့အသိနဲ့ တိရစ္ဆာန်တို့ သစ်ပင်တို့မှာရှိကြတဲ့ အတွေး အမြင် အသိတွေဟာ မတူကြဘူးကွဲ့။

ပြီးတော့ သစ်ပင်ဟာ မရွေ့နိုင် မသွားနိုင်တဲ့အရာဝတ္ထုလည်းဖြစ်တယ်၊ ကြမ်းတမ်းမာကျောတဲ့ ရုပ်ကလာပ်လည်းဖြစ်တယ်၊ ဒါကြောင့် သူ့မှာရှိတဲ့ ဓာတ်အားတွေ တန်ခိုးအားတွေဟာ လူနဲ့တိရစ္ဆာန်မှာရှိကြတဲ့ ဓာတ်အား တန်ခိုးအားလောက် မထက်မြက်ဘူးကွဲ့။

ဒါပေမယ့် သူဟာ သူ့ရဲ့ရုပ်ကလာပ်ကြာရှည်တည်တံ့နေမှုအတွက် တစ်နေရာတည်းကပဲနေပြီး ပတ်ဝန်းကျင် လောကရှိ ရေတို့ မြေတို့ လေတို့ မီးတို့က တန်ခိုးတွေ ဓာတ်အားတွေကို ဆွဲယူပြီး စားသောက်နိုင်စွမ်းရှိတယ်။

ဒါကြောင့် သူတို့တစ်တွေဟာ အေးတဲ့ ရုပ်ကလာပ်ရှိတဲ့ အပင်တိုင်း အေးတဲ့နေရာမှာ ပေါက်ကြတယ်။ ပူတဲ့ရုပ်ကလာပ်ရှိတဲ့ အပင်ကလည်း ပူတဲ့နေရာမှာပဲ ပေါက်ကြတယ်။ ဘာပြုလို့လဲဆိုတော့ အေးတဲ့ရုပ်ကလာပ် ရှိတဲ့အပင်ဟာ မတော်တဆ ပူတဲ့နေရာမှာ ပေါက်ရင်

အဲဒီသစ်ပင်ဟာ မင်းတို့ငါတို့လို အေးတဲ့ နေရာကိုသွားပြီး အစာ အာဟာရရှာဖွေမစားနိုင်ဘူးကွ။

မင်းဟာ အေးတဲ့နေရာကအပင်ကို ပူတဲ့နေရာမှာယူစိုက်ကြည့် သေ သွားစေရဲ့။

အဲဒီတော့ သစ်ပင်ဆိုတဲ့ ရုပ်ကလာပ်ဟာ သူတည်ရှိတဲ့နေရာက နေပြီး တော့ သူ့ရဲ့အစာကို လုံလောက်စွာ ရှာဖွေစားသောက်နိုင်တယ်။ ဒါကြောင့် သူ့အတွက် သူတတ်လောက်အောင် နူးညံ့တဲ့ ရုပ်ကလာပ်တွေ ဓာတ်တန်ခိုး တွေဟာ မလိုတော့ဘူး။

ဒါပေမဲ့ လုံးလုံးမသိတတ်ရင်လည်း မဖြစ်သေးဘူး။ သစ်ပင်လည်း သစ်ပင်အဖြစ်နဲ့ တည်တံ့အောင် သူတို့လိုသလောက်ထက်မပိုတဲ့ အသိ တရားလေးတွေ ရှိလာကြရတယ်။ ဒါ ဘာကြောင့်လဲ သူ့ရဲ့ရုပ်ကလာပ် ကြာရှည် တည်နေနိုင်မှုအတွက် သူ့မှာသိတတ်တဲ့ ဓာတ်တန်ခိုးကို ဖမ်းနိုင်ဖို့ သဘာဝအလျောက် သူ့ရုပ်ကိုက ဖြစ်လာရတာပဲ။

မင်း 'ဘူး' ပင်တစ်ပင်ကို စိုက်ကြည့်စမ်း။

ပေါက်လာလို့ နှစ်တောင်လောက်ရှည်လာရင် အဲဒီဘူးညွန့်နဲ့ နှစ်ပေ

mgyoe.com